## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
## တတိယနေ့မှတ်တမ်း

### ၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်
### (၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက်)
### (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီးအခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၁ ဦး ရှိတဲ့အနက် ၄၁၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၆.၀၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးကို မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)** ။လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ဖြစ်တဲ့ ယနေ့မှ မနေ့ကထိ ခွင့်ပန်ကြားတဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၁၆ ဦးရှိပါတယ်ခင်ဗျား။ ယနေ့ အသစ်ခွင့်ပန်ကြားသူ ၂ ဦးရှိသဖြင့် စုစုပေါင်း ခွင့်ပန်ကြားသူ ၁၈ ဦးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ယနေ့ အသစ်ခွင့်ပန်ကြားသူ၂ ဦးမှာတော့-

(၁) ရေနံချောင်းမဲဆန္ဒနယ်မှ ဒေါ်ဝင်းမော်ထွန်း သည် အာဆီယံပါလီမန်အမတ်များ ညီလာခံအမှုဆောင်ကော်မတီရဲ့ အစည်းအဝေးတက်ရောက်ရန်အတွက် ၆-၇-၂၀၁၂ ရက်နေ့မှ ၁၃-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၈ ရက်အားလည်းကောင်း၊

(၂) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းသည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့် ၆-၇-၂၀၁၂ ယနေ့ ၁ ရက်အား ခွင့်အဖြစ်ခွင့်ပြုနိုင်ပါရန် ပန်ကြားထားရှိကြောင်း ကိုယ်စားလှယ်များ၏ကိုယ်စားကျွန်တော်၏ စိစစ်ရေးကော်မတီမှ စုပေါင်းတင်ပြပါကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပြုထားသူ ၁၅ ဦး ဖြစ်၍ ယနေ့ခွင့်ပြုထားသူ ၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၁၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**မီးသတ်စခန်းတစ်ခုထပ်မံချထားပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုးအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏

ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါ တယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ပျော်ဘွယ်မြို့နယ်ဟာ ပူပြင်းခြောက်သွေ့တဲ့ရာသီဒေသမှာတည်ရှိပြီးတော့ မကြာခဏ နွေရာသီမှာဆိုရင် မီးဘေးအန္တရာယ်နဲ့ ကြုံတွေ့နေရပါတယ်။ ပြီးခဲ့တဲ့ ၄-၆-၂၀၁၂ ရက်နေ့ကလည်း ပျော်ဘွယ်ဈေးရဲ့ လေးပုံတစ်ပုံခန့်ဟာ မီးလောင်ကျွမ်းခဲ့ပါတယ်။ မိဘပြည်သူတွေအနေနဲ့ မီးဘေးကို လွန်စွာစိုးရိမ်ကြောင့်ကျနေပါတယ်။ ယခုနှစ် ၂လပိုင်းမှာလည်း စက်မှုဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာမှာလည်း မီးလောင်တာရှိပါတယ်။ ဒါကြောင့် ယခုလက်ရှိမှာလည်း ပျော်ဘွယ်မြို့အနေနဲ့ မီးသတ်စခန်းဟာ ၃ယူနစ်စခန်း ဖြစ်ပြီးတော့ ဝန်ထမ်းအင်အားဟာ သုံးပုံနှစ်ပုံသာခန့်ထားတာရှိပါတယ်။ ပျော်ဘွယ်မြို့ဟာ ယခုအချိန်အခါမှာ အိမ်ခြေထူထပ်ပြီးတော့ နိုင်ငံပိုင်စက်မှုဝန်ကြီးဌာန ချည်မျှင်နှင့်အထည်စက်ရုံ၊ ဝါကြိတ်စက်ရုံများ လည်း တည်ရှိနေပါတယ်။ ပျော်ဘွယ်မြို့ရဲ့အလယ်မှာ ရန်ကုန်-မန္တလေးမီးရထားလမ်းဟာ ဖြတ်သန်း သွားလာလျက်ရှိပါတယ်။ ယခုလက်ရှိမီးသတ်စခန်းဟာ ပျော်ဘွယ်မြို့ရဲ့အရှေ့ဘက်မှာ တည်ရှိပြီးတော့ ပျော်ဘွယ်မြို့ရဲ့ အနောက်ဘက်အခြမ်းမှာ မီးဘေးအန္တရာယ်ပေါ်ပေါက်ခဲ့လို့ရှိရင် မီးရထားလမ်း ဂိတ်ပိတ်ခြင်းများ ကြုံတွေ့ရတဲ့အတွက်ကြောင့် အခက်အခဲများလည်း ရှိပါတယ်။ ပျော်ဘွယ်မီးရထား လမ်းဂိတ်ဟာ ရထားသွားလာမှုအများဆုံးဂိတ် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပျော်ဘွယ်မြို့ သံလမ်း အနောက်ဘက်ခြမ်းရပ်ကွက်များအတွက် မီးသတ်စခန်းတစ်ခု လိုအပ်လျက်ရှိပါတယ်။ ပျော်ဘွယ်မြို့ ပြည်သာယာရပ်ကွက်မှာ အမှတ်(၂)မီးသတ်စခန်း တည်ဆောက်နိုင်ရန်အတွက် လွန်ခဲ့တဲ့ အနှစ် ၂၀ ခန့်ထဲက မြေကွက်လျာထားပေးခဲ့ပြီးဖြစ်ပါတယ်။ ပျော်ဘွယ်မြို့ မီးရထားသံလမ်းထိပ် အနောက်ဘက် ၄ ရပ်ကွက် စက်မှုဝန်ကြီးဌာနရဲ့ ချည်ထည်စက်ရုံ၊ ဝါကြိတ်စက်ရုံတို့ တည်ရှိရာ နေရာအတွက် မီးသတ်စခန်းတစ်ခုလိုအပ်နေပါတယ်။ သို့ပါ၍ အမှတ်(၂)မီးသတ်စခန်းတစ်ခု ထပ်မံချပေးနိုင်၊ မပေးနိုင် သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကော်မတီ အစည်းအဝေးများရှိတဲ့အတွက် ကြိုတင်ခွင့်တောင်းထား တဲ့ ပုဂ္ဂိုလ်များ မိမိအစီအစဉ်နှင့်မိမိ ခန်းမအတွင်းမှ ထွက်ခွာပြီး မိမိဆောင်ရွက်မယ့် လုပ်ငန်းများ ဆောင်ရွက်နိုင်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုးမေးတဲ့မေးခွန်းအား ပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးအောင်ကြည်(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်ဖြစ်ပါတယ်။ ဦးမြင့်စိုးမေးမြန်းသွားတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပျော်ဘွယ်မြို့နယ်ဟာ ယူနစ်မီးသတ်စခန်းဖွဲ့စည်းပုံအရ ရှိနေတာဖြစ်ပါတယ်။ တပ်ဖွဲ့ဝင်အင်အားအနေနဲ့လည်း ဖွဲ့စည်းပုံအဖြစ် တပ်စုမှူးတစ်ယောက်အပါအဝင် ၁၁ ဦး အပြည့်ရှိနေတာဖြစ်ပါတယ်။ မီးသတ်ယာဉ်အနေနဲ့ဆိုလို့ရှိရင်တော့ စေတနာရှင်လှူဒါန်းထားတဲ့ မီးသတ်ယာဉ်တစ်စီးအပါအဝင် အားလုံးပေါင်း မီးသတ်ယဉ် ၄ စီး ရှိနေတာလည်း ဖြစ်ပါတယ်။ ပျော်ဘွယ်မြို့နယ် အနောက်ဘက်အခြမ်းမှာလည်းပဲ ဝါကြိတ်စက်ရုံနှင့် ချည်မျှင်နှင့်ချည်ထည်စက်ရုံမှာ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၁၅ ဦးလေ့ကျင့်ပေးထားပြီး သီးသန့်အဆင်သင့် ရှိနေတာ ဖြစ်ပါတယ်။ ဒါကြောင့် လောလောဆယ် ဦးစားပေးလုပ်ငန်းအစီအစဉ်အရ ဒီမှာ မီးသတ်စခန်းအသစ်တစ်ခု တည်ဆောက်ပေး ဖို့ အခက်အခဲရှိပါတယ်။ သို့ရာတွင် ပျော်ဘွယ်မြို့နယ် ပြည်သူလူထုရဲ့ဆန္ဒအရ မီးဘေးအတွက် စိုးရိမ်ရတဲ့အချိန်ကာလတွေမှာ မြို့မမီးသတ်စခန်းက မီးသတ်ယာဉ်တစ်စီး သို့မဟုတ် နှစ်စီးကို မီးရထားလမ်းအနောက်ဘက်အခြမ်း သင့်တော်တဲ့နေရာမှာ တာဝန်ချထားမယ်ဆိုလို့ရှိရင် လိုအပ်တဲ့ လူအင်အားထုတ်နှုတ်ပြီးတော့ မီးဘေးကာကွယ်ရေးလုပ်ငန်းများကို အပြည့်အဝဆောင်ရွက်ပေးသွားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပျော်ဘွယ်မြို့နယ်မှာမီးသတ်စခန်းအသစ်တစ်ခု ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ပြန်ကြားအပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

## သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များခန့်အပ်နိုင်ရန်နှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသူရိန်ဇော်(ကော့ကရိတ်မဲဆန္ဒနယ်)**။ ။ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ ကျွန်တော့်ရဲ့မေးခွန်းကိုဖြေကြားမယ့် ဝန်ကြီးနှင့် ကြွရောက်လာကြတဲ့ပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာစွာရှိပါစေကြောင်း ပဏာမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းပြင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့ရဲ့အသံကိုနာခံပြီး သဘာဝဘေးအန္တရာယ်

ကာကွယ်နိုင်ဖို့ အကျိုးရှိမယ့်မေးခွန်းတစ်ခုကို မေးမြန်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ မိုင်းပြင်းမြို့နယ်မှာ ပြည်သူလူထုကနေပူးပေါင်းပြီး မီးသတ်မော်တော်ယာဉ်တစ်စီးကိုဝယ်ယူထားရှိပြီးဖြစ်တဲ့အပြင် မီးသတ်ရုံးနှင့် မီးသတ်မြေနေရာ၊ ယာဉ်မောင်းရဲ့လစာစတဲ့ ကိစ္စအဝဝကို မိုင်းပြင်မြို့ပြည်သူလူထုက အကုန်ကျခံဆောင်ရွက်လာသည်မှာ သုံးနှစ်ခန့်ရှိပြီဖြစ်ပါတယ်။ နှစ်စဉ်မိုင်းပြင်းမြို့နယ်မှာ မီးလောင်မှုတွေဖြစ်ပွားပါတယ်။ နေအိမ်ထူထပ်ကျဉ်းမြောင်းတဲ့အတွက်၊ တစ်အိမ်နဲ့တစ်အိမ်နီးကပ်တဲ့အတွက် သဘာဝမီးဘေးအန္တရာယ်ကိုစိုးရိမ်ရပါတယ်ခင်ဗျာ။ ဒါကြောင့်မို့ အရန်မီးသတ်တပ်ဖွဲ့ဝင်များကလည်း သူ့အနေနဲ့ အစွမ်းကုန်ကြိုးစားဆောင်ရွက်ပေးနိုင်သော်လည်း အချိန်ပြည့်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိတဲ့အတွက် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်၊ အမြဲတမ်းမီးသတ်တပ်ဖွဲ့ဝင်ခန့်အပ်ပေးနိုင်ဖို့ ကျွန်တော်တင်ပြမေးမြန်းလိုခြင်းဖြစ်ပါတယ်။ သန္ဓေမီးသတ်ပ်ဖွဲ့ဝင်များခန့်ထားပေးနိုင်ခြင်းရှိ၊ မရှိ သိရှိလို၍မေးမြန်းတင်ပြရခြင်းဖြစ်ကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်ကြည်(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ မိုင်းပြင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်မေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်ပြန်လည်ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ မိုင်းပြင်းမြို့နယ်ဟာ နှစ်ယူနစ်မီးသတ်စခန်းဖွဲ့စည်းပုံအရသတ်မှတ်ထားတာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ မီးသတ်ယာဉ်တစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးသာရှိနေတာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအရ ၁၁ ဦး ရှိရမှာဖြစ်တဲ့အတွက် ယခုနှစ်ဘတ်ဂျက်အတွင်းမှာပဲ ဖွဲ့စည်းပုံရဲ့သုံးပုံနှစ်ပုံဖြစ်တဲ့ ခုနစ်ဦးပြည့်အောင်တပ်စုမှူးတစ်ယောက်အပါအဝင် ကျန်တဲ့ငါးဦးကိုကျွန်တော်တို့ အမြန်ဆုံးဖြည့်တင်းဆောင်ရွက်ပေးသွားပါမယ်လို့တင်ပြလိုပါတယ်။ ထို့အပြင်မီးသတ်ယာဉ်တစ်စီးကိုလည်း နောက်ထပ်တစ်စီးဖြည့်တင်းပေးခြင်းအားဖြင့် ယာဉ်နှစ်စီးပြည့်အောင်ဒီနှစ်ဘတ်ဂျက်အတွင်းမှာပဲဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်ဆိုတဲ့ အကြောင်းပြန်ကြားအပ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျွန်တော်တင်ပြလိုတာကတော့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ မြို့နယ်တွေမှာ မီးသတ်ယာဉ်တစ်စီးမှမရှိသေးတဲ့ မြို့နယ်တွေနှင့်

မီးသတ်ယာဥ်တစ်စီးတည်းသာရှိတဲ့ မြို့နယ်တွေမှာ အနည်းဆုံးမီးသတ်ယာဥ်နှစ်စီးစီရှိရအောင် ယခုနှစ် ဘတ်ဂျက်အတွင်းမှာ ကျွန်တော်တို့ပြည်တွင်း ပေးသွားမှာဖြစ်တဲ့အတွက် လိုအပ်တာများကို ကြိုတင်ပြင်ဆင်စဥ်းစားထားပေးပါရန် တင်ပြအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမြင့်၊ ပြည်မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်က ဦးဝင်းမြင့်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ပြည်မှာ မြောက်နဝင်းဆည်ကြီးရှိပါတယ်။ မြောက်နဝင်းဆည်ရဲ့အဖျားမှာ အင်းဝင်းအုပ်စု၊ သစ်ချိုပင်အုပ်စု ဆိုပြီးတော့ ကျေးရွာအုပ်စုတွေ ရှိပါတယ်။ ၁၉၉၅ ခုနှစ်က အဲဒီအုပ်စုကြီးဆီကို ရေမရောက်တာမို့လို့ ကျွန်တော်တို့ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းတွေ၊ ဆည်မြောင်းဦးစီးဌာနနဲ့ ကျွန်တော်တို့ တောင်သူလယ်သမားတွေ ပူးပေါင်းပြီးတော့ ဝက်မြေတောဆည်ဆိုတာကို ၁၉၉၅ ခုနှစ်က တည်ဆောက်ခဲ့ပါတယ်။ အဲဒီဝက်မြေတောဆည်ရဲ့ အကျိုးကျေးဇူးက ဧက ၄၅၀၀ ကို ရေပေးနိုင်ပြီးတော့ အဲဒီကနေပြီးတော့ မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံစတဲ့သီးနှံတွေကိုစိုက်ပျိုးနိုင်ခဲ့ကြပါတယ်။ ဒါတွေက ပြီးခဲ့တဲ့နှစ်က ရာသီဥတုဆိုးတာကြောင့်မို့လို့ မိုးကြီး ခြင်း၊ ရေလျှံခြင်းဖြစ်ပြီးတော့ အဲဒီ ဝက်မြေတောဆည်အား ၂၀၁၁ ခုနှစ်၊ ပြီးခဲ့တဲ့နှစ် အောက်တိုဘာလ ၉ ရက်နေ့မှာ ကျိုးသွားပါတယ်။ အဲဒီလိုကျိုးသွားတဲ့အခါမှာ ခုနကပြောတဲ့ သစ်ချိုပင်အုပ်စုမှာရှိတဲ့ ကျေးရွာ ၈ ရွာက ရွာသူရွာသားများဟာ သောက်ရေ၊ သုံးရေ၊ စိုက်ပျိုးရေအတွက် ယနေ့အထိ အခက် အခဲဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ပြည်မြို့နယ်ဝက်ထီးကန်တိုက်နယ်၊ သစ်ချိုပင်ကျေးရွာအုပ်စု ကျေးရွာသူ၊ ကျေးရွာသားများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော် မေးခွန်းတစ်ခုမေးလိုပါတယ်။ ကျိုးပေါက်ပျက်စီးနေတဲ့ ဝက်မြေတောဆည်အား ပြန်လည်တည်ဆောက်ပေးနိုင်ရန် အစီအစဥ်ရှိမရှိနဲ့ တည်ဆောက်ပေးမည်ဆိုပါက မည်သည့်အချိန်မှာ တည်ဆောက်ပေးမည်ကို သိလိုပါကြောင်း မေးမြန်း လိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်က ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုဝန်ကြီး၊

ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကိုကျွန်တော်အနေနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ရင်းဂါရဝပြုအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၏မေးခွန်းကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်မှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဦးဝင်းမြင့်၏ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျိုးပေါက်သွားသော ဝက်မြေတောဆည်အား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိမရှိဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းမှာဖြစ်ပါတယ်။ မြောက်နဝင်းရေလှောင်တမံ လက်တံ၃ နှင့် ၄ တို့ရဲ့ အဖျားပိုင်း ရေသောက်ဧရိယာ ရေပေးဝေရန် ခက်ခဲနေတဲ့နေရာများကို ရေပေးဝေနိုင်ရန်အတွက် ဝက်မြေ တောချောင်းပိတ်တမံ၊ မြေသားတမံကိုတည်ဆောက်ခဲ့ပါတယ်။ မြောက်နဝင်းဆည်ရေသောက်ဧရိယာ ရှိ လက်ဝဲလက်တံ အမှတ် ၄ တူးမြောင်းသည် မူလဒီဇိုင်းလျာထားစဉ်က နွေစပါး ရေပေးဝေရန် ရည်ရွယ်ခြင်းမရှိဘဲ မိုးစပါးအောင်ရေနဲ့ နှမ်း၊ဝါ၊သီးနှံများကိုသာ ရေပေးဝေရန် ရည်ရွယ်ခဲ့ပါတယ်။ သီးနှံပုံစံပြောင်းလဲပြီး နွေစပါးရေပေးဝေရန် စီစဉ်တဲ့အခါ ရေလုံလောက်စွာရရှိစေဖို့အတွက် မြောက်နဝင်းတမံရဲ့ ရေပိုလွှဲအောက်ပိုင်း မြောက်နဝင်းချောင်းပေါ်မှာ မြေသားတမံပိတ်ပြီးတော့ ဝက်မြေတောဆည်ကိုတည်ဆောက်ခဲ့ပြီး လက်ဝဲလက်တံ အမှတ်၄ တူးမြောင်းအတွင်းသို့ ရေကူပေးခဲ့ခြင်းဖြစ်ပါတယ်။ ထိုသို့ ရောကူပေးခြင်းဖြင့် နွေစပါးဧက ၇၀၀ ကျော်ကို ရေပေးဝေနိုင်ခဲ့ပြီး မိုးစပါး အောင်ရေနှင့် အခြားသီးနှံများအတွက် တစ်နှစ်ပတ်လုံး ရေရရှိစေခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြောက်နဝင်းရေလှောင်တမံစတင်တည်ဆောက်ခဲ့တဲ့ ၁၉၈၁-၁၉၈၂ ခုနှစ်မှစပြီးတော့ ၂၀၁၁ ခုနှစ် အထိ ရေပိုလွှဲမှ ရေကျော်ခြင်းမရှိတော့သဖြင့်ဝက်မြေတောဆည်မှာ ပျက်စီးခြင်းမရှိခဲ့ပါဘူး။ သို့သော် ၂၀၀၂ ခုနှစ် မြောက်နဝင်း ရေလှောင်တမံရေပိုလွှဲမှ ၁.၉ ပေ ရေကျော်မှုဖြစ်ခဲ့ပါတယ်။ အဲဒီ ရေကျော်မှုဖြစ်ခဲ့တဲ့အချိန်မှာ ဒီ ဝက်မြေတောဆည်မှာ အလျား၂၄၀ ပေခန့် ပထမအကြိမ်ကျိုးပေါက်ခဲ့ ပါတယ်။ ၂၀၀၇ ခုနှစ်မှာ ရေပိုလွှဲမှ ရေထပ်မံကျော်မှုဖြစ်ခဲ့ပါတယ်။ သို့သော် ရေပမာဏ မများတဲ့ အတွက်ကြောင့် ဆည်ကျိုးပေါက်ခဲ့ခြင်းမရှိပါ။ ၂၀၁၁ ခုနှစ် အောက်တိုဘာလအတွင်းမှာ မြောက်နဝင်း ရေလှောင်တမံ ရေပိုလွှဲမှ ၁.၅ ပေထပ်မံရေကျော်တဲ့အခါမှာ ဝက်မြေတောဆည်မှာ ဒုတိယအကြိမ် ကျိုးပေါက်မှုဖြစ်ခဲ့ပါတယ်။ ယခုဆယ်စုနှစ်ကာလအတွင်းမှာ ရာသီဥတုပြောင်းလဲမှုများကြောင့် မိုးသည်းထန်စွာရွာခြင်း၊ ရေကြီးခြင်းတို့ကို ကြုံတွေ့လာသဖြင့် ကျိုးပေါက်လျက်ရှိတဲ့ ဝက်မြေတော ဆည်ကို မူလနေရာမှာ မူလပုံစံဒီဇိုင်းအတိုင်း ပြန်လည်ပြုပြင်ပါက ရေရှည်ခိုင်ခံ့မှာမဟုတ်ပါဘူး။ သို့အတွက်ကြောင့် မြောက်နဝင်းရေလှောင်တမံ၏ ရေပိုလွှဲမှ လျှံရေဖြစ်ပေါ်နိုင်မှုကို အဓိကထား

စဉ်းစားပြီးတော့ အခိုင်အမာ ရေလွှဲဆည်တစ်ခုကို တည်ဆောက်ပေးရန် လိုအပ်မှာဖြစ်ပါတယ်။ ထိုသို့ အခိုင်အမာရေလွှဲဆည်အသစ် တည်ဆောက်ဖို့နဲ့ပတ်သက်ရင် ကျွန်တော်တို့လိုအပ်တဲ့ မြေပြင် စူးစမ်း လေ့လာတိုင်းတာခြင်း၊ ဇလဗေဒနှင့် ဘူမိဗေဒတိုင်းတာစူးစမ်းလေ့လာခြင်းများကို ဆောင်ရွက်ပြီး ရရှိ လာတဲ့အချက်အလက်ပေါ်မှာ ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ ခန့်မှန်းခြေစာရင်းရေးဆွဲတွက်ချက်တို့ကို ဆောင်ရွက်ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူခွင့်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော် သို့တင်ပြပြီး အတည်ပြုချက်ရရှိပါက အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။(ညဩဘာသံများ)

## ရေလွှဲဆည်တစ်ခုကို တည်ဆောက်ပေးနိုင်ခြင်းရှိမရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ဦးသန်းဝင်း၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း ဖြစ်ပါတယ်။ တောင်တွင်းကြီးမြို့မှာ မြို့အရှေ့ဘက်က နေပြီးတော့ အနောက်ဘက်ကို မြို့ထဲကဖြတ်စီးဆင်းတဲ့ ရိုးတစ်ခုရှိပါတယ်။ ဒီရိုးရဲ့တစ်ဖက်တစ်ချက်မှာ ရပ်ကွက် ၄ ခုဟာ တစ်ဖက်မှာရှိပြီးတော့ တစ်ဖက်မှာ ရပ်ကွက် ၆ ခု ရှိပါတယ်။ ၁၀ ရပ်ကွက်နဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ နှစ်စဉ် ဇူလိုင်၊ ဩဂုတ်လများမှာ ရေကြီးရေလျှံမှု အဆိုပါရိုးမှ ဖြစ်ပေါ် ပါတယ်။ ရေကြီးတဲ့အခါမှာလည်း ရေလျှံတဲ့အခါ တစ်ဖက်က ၄ ရပ်ကွက်ဟာ နှစ်စဉ်ရေကြီးမှုဒဏ်ကို ခံရပြီးတော့ ၄ ပေခန့်နေအိမ်များမှာ ရေတက်ခဲ့ပါတယ်။ ဒါလည်းပဲ ၃၊ ၄ ရက်ခန့်ကြာမှ ရေဟာ ပြန်ကျသွားတဲ့ နှစ်စဉ်အတွေ့အကြုံ ဖြစ်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ရေကြီးမှုကြောင့် လူနှင့်တိရစ္ဆာန် သေကြေမှု ရှိခဲ့တာဖြစ်ပါတယ်။ သို့သော် အစိုးရအဆက်ဆက်မှာ ဝိုင်းဝန်းကြိုးစားဆောင်ရွက်ခဲ့ကြပေ မယ့်လို့ အခြေအနေမပေးခဲ့ပါဘူး။ အဆိုပါအကြောင်းတရားရဲ့ အရင်းအမြစ်ကို လေ့လာတဲ့အခါမှာ တောင်တွင်းကြီးမြို့ရဲ့အရှေ့ဘက် ပဲခူးရိုးမကို အခြေခံတဲ့ စက်စက်ယိုရိုးဟာ ရေကြီးရေလျှံမှုကြောင့် မြို့ထဲကဖြတ်လာတဲ့ ရေအလုံးအရင်းဝင်ရောက်လာတဲ့အတွက် ဒီကိစ္စဖြစ်ပေါ်ရတယ်လို့ လေ့လာသိရှိ ရပါတယ်။ ဒါကြောင့် မြို့အရှေ့ဘက်မှာရှိတဲ့ ရိုးကို ရေလွှဲတမံ၊ ရေလွှဲဆည်တစ်ခု ဆောက်ရွက်မယ်ဆိုလို့ ရှိရင် တောင်တွင်းကြီးမြို့ပေါ်မှာရှိတဲ့ မြို့ပေါ် ၄ ရပ်ကွက်ရဲ့ နှစ်စဉ်ကြုံတွေ့နေရတဲ့ ရေကြီးရေလျှံမှု တောင်တွေရေတက်ခြင်းလို့ ဒေသအဆိုခေါ်ပါတယ်။ ဒါကိုလဲ သက်သာရာရရှိစေမှာ ဖြစ်ပါတယ်။ အဆိုပါ ရေလွှဲဆည်တည်ဆောက်ခြင်းအားဖြင့် ရေဦး၊ ကျွန်းတော၊ သီလ ကျေးရွာများရဲ့ မိုးကောင်း

သောက်လယ်တွေဟာလည်းပဲ ရေသေချာတဲ့ ဆည်ရေသောက်ရေများဖြစ်လာမယ်လို့ ယူဆပါတယ်။ အလားတူ ဆည်တည်ဆောက်မယ့် နေရာမှာရှိတဲ့ အုန်းရှစ်ကုန်းကျေးရွာဟာ မြို့နဲ့ ၂ မိုင်သာဝေး သော်လည်းပဲ လမ်းပန်းဆက်သွယ်ရေးအင်မတန်ခက်ခဲနေတဲ့ဟာ ဖြစ်တဲ့အတွက် အဆိုပါဆည်ကြောင့် ကျေးရွာကမြို့ဖြတ်တဲ့လမ်း လွယ်ကူအဆင်ပြေချောမွေ့ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းလာလိမ့် မယ်လို့ ယူဆပါတယ်။ အဆိုပါအချက် ၃ ချက် တစ်ပြိုင်တည်း အကျိုးရှိစေနိုင်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကို မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ မကွေးတိုင်း၊ တောင်တွင်းကြီးမြို့နယ်ရဲ့ အရှေ့ဘက်ပဲခူးရိုးမကို အခြေခံတဲ့ စက်စက်ယို ရိုးပေါ်မှာ ရေလွှဲဆည် တစ်ခုတည်ဆောက်ပေးနိုင်ပါရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်း ရေးဆွဲ အကောင်အထည်ဖော်ပေးနိုင်ခြင်း ရှိ၊ မရှိ တောင်တွင်းကြီးမြို့နယ်ရဲ့ မဲဆန္ဒနယ်ရှင် ပြည်သူများ ကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်မှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါသည်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းရဲ့ စက်စက်ယိုချောင်းအားပိတ်၍ ရေလွှဲဆည်တစ်ခုကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ပေးနိုင်ခြင်းရှိ၊ မရှိဆိုတဲ့မေးခွန်းကို ကျွန်တော် ဆက်လက်ဖြေကြားမှာ ဖြစ်ပါတယ်။ စက်စက်ယိုချောင်းသည် တောင်တွင်းကြီးမြို့၏ အရှေ့ဘက် ၄ မိုင်ခန့်အကွာမှ မြို့တွင်းသို့ ဖြတ်သန်း စီးဆင်းတဲ့ ချောင်းတစ်ချောင်းဖြစ်ခြင်းကြောင့် မိုးတွင်းကာလမှာ ချောင်းရေများဟာ မြို့ပေါ်ရှိ တောင်ပြင် ၁ ရပ်ကွက်၊ တောင်ပြင် ၂ ရပ်ကွက်နှင့် အုန်းတော ၂ ရပ်ကွက်များသို့ စီးဝင်သဖြင့် နှစ်စဉ် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိပါတယ်။ အဆိုပါ ရေကြီးမှုကို ကာကွယ်နိုင်ရန်အတွက် စက်စက်ယို ရေလွှဲဆည်ကို စက်စက်ယိုချောင်းပေါ်မှာ တည်ဆောက်ပေးရန် လိုအပ်မှာ ဖြစ်ပါတယ်။ စက်စက်ယို ရေလွှဲဆည်တည်ဆောက်မည့်နေရာ တောင်တွင်းကြီးမြို့နယ်၊ အုတ်ရှစ်ကုန်းကျေးရွာ အရှေ့ဘက် ၁ မိုင် ခန့်အကွာ စက်စက်ယိုချောင်းပေါ်မှာ တည်ရှိပါတယ်။ အကျိုးပြုဧရိယာ ၁၂၀၀ ဧကကို ဆည်ရေ ပေးနိုင်ရန်၊ တောင်တွင်းကြီးမြို့ ရေလွှမ်းမိုးခြင်းမှ ကာကွယ်ရန်နှင့် ယင်းမလည်ဆည်ရေသောက်အား ရေကူပေးနိုင်ရန်စတဲ့ အကျိုးကျေးဇူးများ ရရှိနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စက်စက်ယိုရေလွှဲဆည်တည်ဆောက်ခြင်းကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်တဲ့စူးစမ်းလေ့လာတိုင်းတာမှုများ ဆောင်ရွက်ပြီးတဲ့နောက်မှာ ဒီဆောင်ရွက်ခြင်းကို ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်းမှာ ဆောင်ရွက်ရမှာဖြစ်ပြီးတော့ ရရှိတဲ့အချက်အလက်များပေါ်မူတည်ပြီးတော့ ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ ခန့်မှန်းခြေစာရင်း တွက်ချက်ခြင်း ဆောင်ရွက်ပြီးမှသာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ရန်ပုံငွေခွင့်ပြုချက်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ရရှိရေး တင်ပြတောင်းခံသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုချက်ရရှိပါက ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်အဆိုပြုတင်ပြ၍ အတည်ပြုချက် ရရှိတဲ့အပေါ်မှာ အကောင်အထည်ဖော်ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ လေးစားပါတယ်။ (ဩဘာသံများ)

**အစိုးရနှင့် ပုဂ္ဂလိကဘဏ်တို့မှ စိုက်ပျိုးစရိတ်ချေးငွေနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းဦးစွာဆုတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကုမ္ပဏီတွေပူးပေါင်းပြီးတော့ အချို့လည်း သီးခြားခွဲပြီးတော့ပေါ့ တောင်သူလယ်သမားများကို သွင်းအားစုတန်ဖိုးများ အပါအဝင် စိုက်ပျိုးရေးချေးငွေတွေ ထုတ်ချေးထားတာ ယခင်ယခင်နှစ်များထက်ပိုပြီးတော့ အဆလည်းများတယ်။ ပမာဏလည်းများတယ်လို့ ကျွန်တော်မှတ်သားမိပါတယ်။ သို့သော်လည်းပဲ တောင်သူလယ်သမားများကိုယ်စား ကျွန်တော် ကျေနပ်ဝမ်းမြောက်မိပါတယ်။ သို့သော်လည်းပဲ ဒီနှစ်ဆန်း ဇန်နဝါရီလလောက်ကစပြီးတော့ ကျွန်တော်တို့တော့ ကြွေးပြန်ဆပ်ဖို့ အခက်အခဲရှိနေပြီ၊ ကြုံတွေ့နေရြိုတဲ့စကားသံတွေ စတင်ပြီး ကြားရပါတယ်။ ဇန်နဝါရီလဆန်းလောက်ကနေပြီးတော့ မတ်လလောက်မှာ ရွှေ့ပေးပါဆိုတာမျိုးလည်း ကြားပါတယ်။ မတ်လလောက်ရောက်ပြန်တော့ တစ်မျိုးတစ်မည်ပြောကြဆိုကြတာတွေလည်း ကြားပါတယ်။ အကြောင်းပြချက်အနေနဲ့ကတော့ နှစ်စဉ်ကြားနေကျ၊ နေရာတိုင်းမှာ စပါးဈေးကျတယ်ဆိုတဲ့ကိစ္စမျိုး၊ နောက်တစ်ချက်ကတော့ ရာသီဥတုဖောက်ပြန်တယ်ဆိုတဲ့ စကားမျိုးပါပဲ။ အဲဒီတော့ ကျွန်တော် မနေ့ကလည်းပြောပါတယ်။ စပါးစိုက်ပျိုးရေးလုပ်ငန်း အခုမှလုပ်လာတာ မဟုတ်ပါဘူး။ တိုင်းပြည်တည်ကတည်းက မြန်မာလူမျိုးတွေရဲ့ ကမ္ဘာမှာ မြန်မာ မြန်မာဟေ့လို့ မြန်မာလူမျိုးတွေ စပြီးအခြေတည်ကတည်းကိုက ဆန်စပါးစိုက်ပျိုးလာတယ်။ အဲဒီတော့ စိုက်ပျိုးစရိတ် လိုအပ်လာတယ်။

ချေးကြတယ်၊ သုံးကြတယ်ဆိုတာမျိုးက အစဉ်အလာတွေ ကြာမြင့်ခဲ့ပါတယ်။ ကျွန်တော့် အတွေ့အကြုံ အရဆိုလို့ရှိရင်လည်း စီမံကိန်းမှူးတစ်ယောက်အနေနဲ့ တောင်သူလယ်သမားတွေကို ငွေထုတ်ချေးတဲ့ ကိစ္စမျိုးတွေလည်း ရှေးအဆက်ဆက်ကတည်းက ကိုယ်တိုင်ပါဝင်ခဲ့ဘူးပါတယ်။ ဒီဥစ္စာတွေဟာ ဒီဘက် ခေတ်ကိုပြောင်းလာပြီပေါ့လေ။ အရင်တုန်းကတော့ နိုင်ငံတော်ကနေပြီးတော့ နောက်ကနေ ကမကထ လိုက်လုပ်ပေးတဲ့ခေတ်စနစ်ပေါ့။ ဒီဘက်ကျတော့ ကိုယ်ထူကိုယ်ထ ဈေးကွက်စီးပွားရေးခေတ်စနစ်ကို ရောက်လာပြီပေါ့လေ။ အဲဒီမှာ တစ်ယောက်ကမနိုင်ရင်တော့ နောက်တစ်ယောက်နဲ့ပူးပေါင်းပေါ့။ အဲဒီသဘောတရားမျိုးတွေလည်း ရှိလာကြပါပြီ။ အင်အားကြီးတဲ့ လူကအင်အားသေးတဲ့လူကို ဖေးမကူညီပြီးတော့ လက်တွဲခေါ်ယူတဲ့ပုံစံတွေလည်းပဲ ပေါ်ပေါက်လာတာ တွေ့ရပါတယ်။ ဒီအခြေအနေ၊ ဒီကာလကြီးရောက်တဲ့အချိန်မှာ Transactional Perious ဆိုတဲ့အခါမှာ စနစ်ဟောင်း လည်း နည်းနည်းကျန်မယ်ပေ့ါလေ။ စနစ်သစ်ကိုလည်း တော်တော်များများလိုက်ပါကူးပြောင်းကြမှာ ပေ့ါလေ။ အဲဒီလိုကာလအတွင်းမှာ ကျွန်တော်တို့ရဲ့ ပထမဆုံး အတွေ့အကြုံလို့တောင်စပြီး တော့တောင် မှတ်တမ်းတင်ပြီးတော့၊ သတ်မှတ်ပြီးတော့ Record လုပ်ရမယ့်ကာလဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးချင်တာကလေးက အစိုးရနှင့် ပုဂ္ဂလိက ကုမ္ပဏီတွေ၊ ဘဏ်တွေကနေပြီးတော့ မနှစ်ကထုတ်ပြီးချေးငွေတွေဟာ မည်မျှရှိပါသလဲ။ ယနေ့အထိ မည်မျှပြန်လည်ကောက်ခံရရှိပါသလဲ။ ကြွေးကျန်တွေရှိပါက ယခင်နှစ်များ၏ ကြွေးကျန်များနှင့် ပေါင်းလိုက်လို့ရှိရင် မည်မျှရှိပါသလဲ။ ချေးငွေမူဝါဒ ပြုပြင်ပြောင်းလဲရန် ရှိ၊ မရှိဆိုတာကို သိလိုတဲ့အတွက်ကြောင့် မေးမြန်းရခြင်းဖြစ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်က ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့် အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်၏ မေးခွန်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ ၂၀၁၁- ၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း မိုးရာသီ၊ ဆောင်းရာသီနှင့် မိုးကြိုရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို

တောင်သူ လယ်သမားများသို့ စိုက်ပျိုးရာသီချိန်အမီ ထုတ်ချေးခဲ့ရာ စပါးတစ်ဧကေ ကျပ် ၄၀၀၀၀ နှုန်း၊ အခြား သီးနှံများ တစ်ဧကေ ကျပ် ၁၀၀၀၀ ကျပ်နှုန်းဖြင့် ထုတ်ချေးပေးခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် မှာ စပါးတစ်ဧကေ ကျပ် ၅၀၀၀၀ နှုန်းဖြင့် တိုးမြှင့် ထုတ်ချေးပေးလျက်ရှိပါသည်။၂၀၁၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို တောင်သူလယ်သမားပေါင်း ၁၄၂၄၅၆၀ ဦးအား ချေးငွေကျပ် ၃၁၂.၁၁၃ ဘီလီယံ ထုတ်ချေးပေးခဲ့ရာ ၄-၇-၂၀၁၂ ရက်နေ့ထိ ကျပ် ၃၀၅.၅၀၆ ဘီလီယံ ပြန်လည် ကောက်ခံရရှိခဲ့ပါတယ်။ ကောက်ခံရရှိရန် ကျပ် ၆.၆၀၇ ဘီလီယံ ကျန်ရှိနေပါတယ်။ မိုးချေးငွေကို ယခင်က နှစ်စဉ် ဖေဖော်ဝါရီလကုန်တွင် ရာနှုန်းပြည့်ပြေကျေအောင် ကောက်ခံရရှိခဲ့ပါတယ်။၂၀၁၁-၂၀၁၂ ခုနှစ် ပြန်လည်ပေးဆပ်ရန် ကာလကို မတ်လ ၃၁ ရက်နေ့ထိ တိုးမြှင့်၍ ဖြေလျှော့ကောက်ခံ ပေးခဲ့ရာ ချေးငွေကျန်များ ဖြစ်ပေါ်နေကြောင်းကို စိစစ်တွေ့ရှိပါတယ်။ ၂၀၁၁ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေကို တောင်သူလယ်သမားပေါင်း ၄၁၄၆၉၁ ဦးအား ချေးငွေကျပ် ၃၉.၄၉၆ ဘီလီယံ ထုတ်ချေးပေးခဲ့ရာ ၄-၇-၂၀၁၂ ရက်နေ့ထိ ကျပ် ၂၉.၁၁၆ ဘီလီယံ ကောက်ခံရရှိခဲ့ပြီး ၁၀.၃၈ ဘီလီယံ ကောက်ခံရန် ကျန်ရှိနေပါတယ်။ ချေးငွေများ အပြည့်အဝပြန်လည် ကောက်ခံရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၂ ခုနှစ်၊ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေကိုလည်း တောင်သူ ၆၃၇၃ ဦး အား ငွေကျပ် ၁.၁၁၃ ဘီလီယံ ထုတ်ချေးပေးခဲ့ရာ ၄-၇-၂၀၁၂ ရက်နေ့ထိ ကျပ် ၀.၂၄၆ ဘီလီယံ ပြန်လည်ကောက်ခံရရှိပြီးဖြစ်၍ ကျပ်၀.၈၆၇ ဘီလီယံ ကောက်ခံရန် ကျန်ရှိနေပါ တယ်။ ၎င်းချေးငွေများကို ကောက်ခံရန်အချိန်မစေ့ရောက်သေးပါ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း မိုး၊ ဆောင်း၊ မိုးကြို စုစုပေါင်းချေးငွေကျပ် ၃၅၂.၇၂၂ ဘီလီယံ ထုတ်ချေးခဲ့ပြီး ကျပ် ၃၃၄.၈၆၈ ဘီလီယံကောက်ခံရရှိပြီးဖြစ်၍ ၁၇.၈၅၄ ဘီလီယံကောက်ခံရန် ကျန်ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ပုဂ္ဂလိက ကုမ္ပဏီများမှ သွင်းအားစု တန်ဖိုးအပါအဝင် တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးမှုသည် ဆန်စပါး အထူးပြုကုမ္ပဏီ ၄၅ ခုမှ စပါးစိုက်ပျိုးသူ တောင်သူလယ်သမားများသို့ ကျပ် ၃၁.၀၆၁ ဘီလီယံ၊ ပဲမျိုးစုံအထူးပြုကုမ္ပဏီ ၁၀ ခုမှ ကျပ် ၅.၁၇၀ ဘီလီယံနှင့် သီးနှံစုံအထူးပြုကုမ္ပဏီ ၂ ခုမှ ကျပ် ၁.၉၆၀ ဘီလီယံ၊ စုစုပေါင်း ကျပ် ၃၈.၁၉၁ ဘီလီယံ ပံ့ပိုးထုတ်ပေးခဲ့ပါတယ်။ ပုဂ္ဂလိက ကုမ္ပဏီများမှ ထုတ်ပေး ခဲ့သည့်ကျပ် ၃၈.၁၉၁ ဘီလီယံအနက် ပြန်လည်ရရှိပြီးငွေပေါင်းမှာ၂၄.၃၃၇ ဘီလီယံ ဖြစ်တဲ့အတွက် ပြန်လည်ပေးဆပ်ရန် ကျန်ရှိမှု ကျပ် ၁၃.၈၅၄ ဘီလီယံဖြစ်ပါတယ်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်

ကြွေးကျန် ၀.၁၂၂ ဘီလီယံနှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ကြွေးကျန်ကျပ် ၁.၇၀၂ ဘီလီယံကို ပေါင်းလျှင် ပုဂ္ဂလိက သီးနှံအထူးပြုကုမ္ပဏီများက ပြန်လည်ရရှိရန် ကျန်စုစုပေါင်းမှာ ကျပ်၁၅.၆၇၈ ဘီလီယံ ဖြစ်ပါတယ်။ သို့ဖြစ်၍၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း တောင်သူလယ်သမားများသို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိက သီးနှံအထူးပြုကုမ္ပဏီများက ထုတ်ချေးငွေ၊ ချေးငွေနှစ်ရပ်ပေါင်း၏ စုစုပေါင်းသည် ကျပ် ၃၉၀.၉၁၃ ဘီလီယံရှိပြီး ယင်းချေးငွေ နှစ်ရပ်ပေါင်းအပေါ်တွင် ကောက်ခံရရှိမှုမှာ ကျပ် ၃၅၉.၂၀၅ ဘီလီယံဖြစ်တဲ့အတွက် ကောက်ခံရန်ကျန်ရှိမှုသည် ကျပ်၃၁.၇၀၈ ဘီလီယံ ဖြစ်ပါတယ်။ ပုဂ္ဂလိက သီးနှံအထူးပြုကုမ္ပဏီများ၏ နှစ်ဟောင်းကြွေးကျန်များပေါင်းလျှင် စုစုပေါင်းကောက်ခံရန် ကြွေးကျန်မှာ ကျပ် ၃၃.၅၃၂ ဘီလီယံဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ထုတ်ချေးမှုဆိုင်ရာ ချေးငွေမူဝါဒပြောင်းလဲရန် မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မြန်မာ့စီးပွားရေးဘဏ်(ခွဲ)ဖွင့်လှစ်ပေးနိုင်ရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဌေးလွင်(နမ့်စန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ နမ့်စန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အရှေ့အလယ်ပိုင်း နမ့်စန်မြို့နယ်၊ ခိုလမ်မြို့နယ်ခွဲ မြန်မာ့စီးပွားရေးဘဏ်(ခွဲ)တစ်ခု ရရှိရေးအတွက် မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်အရှေ့အလယ်ပိုင်း နမ့်စန်မြို့နယ်၊ ခိုလမ်မြို့နယ်ခွဲဟာ ယခင်ကနဲ့မတူပဲ ယခုအခါမှာ အများကြီးတိုးတက်ပြောင်းလဲလာပါပြီ။ ခိုလမ်မြို့နယ်ခွဲမှာဆိုလို့ရှိရင် တိုင်းစစ်ဌာနချုပ်၊ တပ်ရင်း/တပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ ကုန်သည်များဟာ နေ့စဉ်နဲ့အမျှ ငွေသွင်းငွေထုတ်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါတယ်။ ဒီလုပ်ငန်းတွေကို ကျွန်တော်တို့နမ့်စန်မြို့နယ်အထိ သွားရောက်လုပ်ကိုင်ရတဲ့အတွက် အခက်အခဲများစွာရှိပါတယ်။ ခိုလမ်မြို့နယ်ခွဲဟာ ကျွန်တော်တို့ နမ့်စန်မြို့နယ်နဲ့ ၃၂ မိုင်ကွာဝေးပြီးတော့ လမ်းပန်းဆက်သွယ်ရေးဟာလည်း လမ်းခရီးအနေနဲ့လုံခြုံစိတ်ချရတယ်လို့မပြောလို့မရသေးတဲ့အခြေအနေမှာရှိပါတယ်။ ဒါကြောင့် ခိုလမ်မြို့နယ်ခွဲမှာ မြန်မာ့စီးပွားရေးဘဏ်ခွဲတစ်ခု

ဖွင့်လှစ်ပေးဖို့လိုအပ်နေပါတယ်။ ခိုလမ်မြို့နယ်ခွဲမှာ မြန်မာ့စီးပွားရေးဘဏ်ခွဲတစ်ခုဖွင့်လှစ်ပေးမယ် ဆိုလို့ရှိရင် ခိုလမ်ရဲ့အနီးနားမှာရှိတဲ့ ကျိုင်းတောင်း၊ ကွန်ဟိန်းစတဲ့မြို့နယ်များနှင့် ဒေသမှာရှိတဲ့ ကျေးရွာတွေကနေပြီးတော့ ငွေသွင်းငွေထုတ်လုပ်ငန်းတွေကို နမ့်စန်မြို့နယ်အထိလာရောက်လုပ်ကိုင် စရာမလိုတော့ဘဲနဲ့ ခိုလမ်မြို့နယ်မှာတင် လွယ်လွယ်ကူကူလုပ်ကိုင်လို့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ရှမ်းပြည်နယ်အရှေ့အလယ်ပိုင်း နမ့်စန်မြို့နယ်၊ ခိုလမ်မြို့နယ်ခွဲတွင် မြန်မာ့စီးပွားရေးဘဏ်(ခွဲ) ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ၊ မရှိတင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှထွန်း(ပြည်ထောင်စုဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေလို့ ရှေးဦးစွာကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးလှထွန်းဖြစ်ပါတယ်။ နမ့်စန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဋ္ဌေးလွင် မေးမြန်းခဲ့တဲ့ ခိုလမ်မြို့နယ်မှာ မြန်မာ့စီးပွားရေးဘဏ်(ခွဲ)တစ်ခုဖွင့်လှစ်ပေးနိုင်ရန်အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်းပဲ ရှမ်းပြည်နယ်အလယ်ပိုင်း နမ့်စန်မြို့နယ်၊ ခိုလမ်မြို့နယ်ခွဲအတွင်းရှိ တိုင်းစစ်ဌာနချုပ်၊ တပ်ရင်း/တပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုန်သည် များဟာ ၎င်းတို့ရဲ့ ငွေသွင်းငွေထုတ်လုပ်ငန်းများကို နမ့်စန်မြို့ မြန်မာ့စီးပွားရေးဘဏ်မှာ သွားရောက် ဆောင်ရွက်နေရကြောင်းသိရပါတယ်။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်အတွင်း အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်သူလူထုများရဲ့ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကိုဆောင်ရွက် ပေးနိုင်ဖို့ မြန်မာ့စီးပွားရေးဘဏ်ကိုတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဖြန့်ကျက်ဖွဲ့စည်းထားပြီးလုပ်ငန်း များကိုအဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာ့စီးပွားရေးဘဏ်ဟာ လက်ရှိ အချိန်မှာတော့ နိုင်ငံတော်ရဲ့ ပြည်တွင်းဘဏ်လုပ်ငန်းများကို အဓိကထားဆောင်ရွက်ပေးနေပြီး ရုံးချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ရုံးစိုက်ရာမြို့ကြီးများ၊ ခရိုင်မြို့ကြီးများ၊ ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေကောင်းမွန်သောမြို့နယ်များမှာ မြို့နယ်ဘဏ်ခွဲနှင့် ဘဏ်

ငွေတိုက်ခွဲများဖွင့်လှစ်ပေးလျက်ရှိပါတယ်။ နောင်အနာဂတ်မှာဆိုရင်တော့ ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ပြီး နိုင်ငံခြားဘဏ်လုပ်ငန်းကိုဆောင်ရွက်ဖို့ ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း လည်းတင်ပြလိုပါတယ်။ ယခုဆိုရင် တိုင်းဒေသကြီး၊ ပြည်နယ်မြို့ကြီးများမှာ ခရိုင်အဆင့်ဘဏ်ခွဲ၇၄ ဘဏ်၊ မြို့နယ်အဆင့်ဘဏ်ခွဲ ၂၀၀ နှင့် ဘဏ်ငွေတိုက်ခွဲ ၂၂ ခု၊ ငွေစုဘဏ်ရုံးခွဲ ၁၀ ခု၊ စုစုပေါင်း ငွေကြေးလက်ခံဆောင်ရွက်ပေးနေတဲ့ ဘဏ်ပေါင်းဟာ ၃၀၆ ဘဏ်ရှိနေပြီဖြစ်ပါတယ်။ ရှမ်း ပြည်နယ်တောင်ပိုင်းအတွင်းမှာဆိုရင် လက်ရှိအချိန်ထိ တောင်ကြီးမြို့မှာပြည်နယ်ရုံးကိုဖွင့်လှစ်ပြီး ခရိုင်ဘဏ်ခွဲအဖြစ်တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ်၊ လွိုင်လင်ခရိုင်ဘဏ် ၄ ဘဏ်နှင့် မြို့နယ်ဘဏ်ခွဲပေါင်း ၂၈ ခုဖွင့်လှစ်ပေးထားပါတယ်။ မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ မိမိမှာရှိတဲ့ ဝန်ထမ်းအင်အားအခြေအနေ၊ နယ်မြေဒေသအခြေအနေဖြစ်တဲ့ လက်ရှိလူဦးရေ၊ ဒေသမှာရှိတဲ့ အစိုးရဌာနအဖွဲ့အစည်းများတည်ရှိမှုအခြေအနေ၊ အခြော်အဆောက်အအုံများရဲ့အခြေအနေ၊ နယ်မြေ ဒေသလုံခြုံမှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ စီးပွားရေးအလားအလာစတဲ့ အခြေအနေ အရပ်ရပ်တို့ကို အသေးစိတ်တွက်ချက်ပြီး သင့်တော်ရာဒေသတွေမှာ ဘဏ်ရဲ့အမြတ်အစွန်းရရှိရေးကို အဓိကမထားဘဲ ဘဏ်ခွဲတွေကိုဖွင့်လှစ်ပေးလျက်ရှိပါတယ်။ မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ ဖွင့်လှစ် ပေးဖို့လိုအပ်တဲ့အဆောက်အအုံလိုအပ်ပါတယ်။ ငွေသိုလှောင်ခန်းလိုပါတယ်။ ပရိဘောဂများ၊ ဝန်ထမ်းများခန့်ထားရေးနှင့် ၎င်းတို့မိသားစုများနေထိုင်ရေး၊ လုံခြုံရေး၊ ဒါ့အပြင် ပြည်သူ့ရဲ့တပ်ဖွဲ့ရဲ့ အကူအညီရရှိရေးစတဲ့ ကိစ္စရပ်များရှိနေမှာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်း ထားတဲ့ နမ့်စန်မြို့နယ်၊ ခိုလမ်မြို့နယ်ခွဲမှာ အထက်ပါလက်ရှိအခြေအနေတွေကြောင့် စီးပွားရေးဘဏ်ခွဲ အား လတ်တလောဖွင့်လှစ်ပေးနိုင်ခြင်းမရှိသေးပါဘူး။ သို့သော် နောက်ပိုင်းမှာနိုင်ငံတော်ရဲ့ အခြေအနေ၊ နိုင်ငံတော်ရဲ့ဘတ်ဂျက်တောင်းခံပြီးမှ ဆက်လက်ဖွင့်လှစ်ပေးဖို့စီမံထားပါတယ်။ ဒါပေမယ်လို့ သတင်းကောင်းတစ်ခုအနေနဲ့ မြန်မာ့စီးပွားရေးဘဏ်ရဲ့ အင်းဝဘဏ်ခွဲကိုတော့ မကြာခင်ဖွင့်လှစ်ပေးဖို့စီမံလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ကျွန်တော့် အနေနဲ့အထက်ပါအတိုင်းရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သကါရဝပြုအပ်ပါတယ်။ လေးစားအပ်ပါသော

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုနှစ်ထုတ်ပြန်တဲ့ ရသုံးမှန်းခြေငွေစာရင်းကိုလေ့လာရင် ရငွေနှင့် သုံးငွေနှစ်ရပ်လုံးရဲ့ကိန်းဂဏန်းတွေဟာ နိုင်ငံခြားငွေဆိုင်ရာအရအသုံးများကို ယခင်နှစ်က ၁ ဒေါ်လာ ၆၀၀ ကျပ်နဲ့စာရင်းသင့်ပြီးတော့ ဒီနှစ်မှာတော့ ၁ ဒေါ်လာ ၈၀၀ ကျပ်နဲ့ စာရင်းသင့်တဲ့ အတွက်ကြောင့် ယခုနှစ်ကိန်းဂဏန်းတွေဟာ ယခင်နှစ်များထက်နှစ်ဆလောက် မြင့်တက်နေတာကို လေ့လာတွေ့ရှိရပါတယ်။ အလားတူ ရငွေစုစုပေါင်းဟာ ကျပ် ၁၀၀၅၁.၆ ဘီလီယံ၊ GDP ရဲ့ ၁၉.၆ ရာခိုင်နှုန်းဖြစ်ပါတယ်။ သုံးငွေစုစုပေါင်းဟာလည်း ၁၂၀၀၆.၃ ဘီလီယံ GDP ရဲ့ ၂၄. ၄ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဒီလိုရှိတဲ့အတွက်ကြောင့် ဒီနှစ်လိုငွေဟာ ၁၉၅၃.၇ ဘီလီယံဖြစ်ပြီးတော့ GDP ရဲ့ ၃.၈ ရာခိုင်နှုန်းရှိတယ်လို့တွေ့ရှိရပါတယ်။ ယခင်နှစ်တုန်းကလိုငွေဟာ ၂၂၀၁.၆ ဘီလီယံ၊ GDP ရဲ့ ၄ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်ရရှိတဲ့ အခွန်အကောက်ရာခိုင်နှုန်းကို လေ့လာရင်လည်း ကျပ် ၁၆၄၄.၃ ဘီလီယံရဖို့မျှော်မှန်းထားပြီးတော့ ဒီငွေဟာ GDP ရဲ့ ၃.၂ ရာခိုင်နှုန်းရှိတယ်လို့ တွေ့ရပါတယ်။ ယခင်နှစ်ထက်ကျပ်ငွေ ၅၄၇ ဘီလီယံ ပိုမိုရမယ်လို့မျှော်မှန်းထားတဲ့သဘောဖြစ်ပါ တယ်။ ရသုံးခန့်မှန်းခြေကိုလေ့လာရင် နှစ်စဉ် GDP ၃ ရာခိုင်နှုန်း ၄ ရာခိုင်နှုန်းလောက်လိုငွေ ပေါ်ပေါက်နေတာတွေ၊ နှစ်စဉ်ဖြည့်စွက်ရန်ပုံငွေအတွက်ကြောင့် လိုငွေပြနေတာတွေနဲ့ အဓိကကတော့ အခွန်အကောက်ဝင်ငွေလျော့နည်းနေတာကိုတွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ရငွေတွေ တိုးပွားပြီးတော့ လိုငွေတွေနည်းပါးလာဖို့အတွက် ရငွေပိုင်းမှာအခွန်အကောက်ငွေများကို ပိုမိုတိုးပွားဖို့ အတွက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အခွန်အကောက်ငွေကိုလေ့လာတော့လည်း အခွန်တိမ်းရှောင်မှုတွေ၊ အခွန်လျော့ပါးဖို့ကြိုးစားတာတွေ၊ အခွန်အကောက်စနစ်ထင်သာမြင်သာမရှိတာတွေ၊ အခွန်နှုန်းအမျိုးမျိုးနဲ့ ရှုပ်ထွေးနေတာတွေနှင့် အခွန်စနစ်ရဲ့အားနည်းချက်နဲ့ ချွတ်ယွင်းချက်တချို့ ရှိတာတွေကိုလည်းတွေ့ရှိရပါတယ်။ မကြာသေးမီက နိုင်ငံတော်က ပုဂ္ဂလိကပိုင်လွှဲပြောင်းမှုတွေပြုတဲ့ အတွက်ကြောင့် အရှိန်အဟုန်နဲ့ ဒီလိုဆောင်ရွက်တဲ့အခါမှာ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေတွေဟာ စိုက်ထုတ်မှုလျော့နည်းသွားပြီးတော့ လုပ်ငန်းရှင်တွေရဲ့ငွေတွေ၊ အထွေထွေပေးသွင်းမှုတွေ အလုံးအရင်းနဲ့ရလာတာကိုလည်းတွေ့ရပါတယ်။ နိုင်ငံတော်မှကောက်ခံတဲ့အခွန် ၁၅ မျိုးမှာ အဓိကအခွန် ၄ မျိုးဖြစ်တဲ့ ပြည်တွင်းထုတ်လုပ်မှုနှင့် ပြည်တွင်းသုံးစွဲမှုအပေါ်ကောက်ခံနေတဲ့ အခွန်တွေ၊ ဝင်ငွေနှင့် ပစ္စည်းပိုင်ဆိုင်မှုအပေါ်မှာ စည်းကြပ်ကောက်ခံတဲ့အခွန်တွေနဲ့ နံပါတ် ၃ အကောက်ခွန်၊ နံပါတ် ၄ နိုင်ငံပိုင်ပစ္စည်းသုံးစွဲမှုအပေါ်မှာကောက်ခံတဲ့အခွန် ၄ မျိုးကို အဓိက ကောက်ခံတာကိုတွေ့ရှိရပါတယ်။ ဒီငွေတွေကို နိုင်ငံတော်အစိုးရအနေနဲ့ အမျိုးသားကာကွယ်ရေး

အသုံးစရိတ်၊ တရားဥပဒေစိုးမိုးရေးအသုံးစရိတ်၊ လူနေမှုအသုံးစရိတ်၊ မရှိမဖြစ်လိုအပ်တဲ့ စားသုံးမှု အပေါ်ကအသုံးစရိတ်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်အသုံးစရိတ်များ များစွာသုံးစွဲနေရတာကို တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့လာမယ့်ကာလတွေမှာ လိုငွေနည်းပါးဖို့အတွက် အဓိကကျတဲ့ အခွန်ကောက်ခံမှုနှင့်ပတ်သက်လို့ မေးလိုတဲ့မေးခွန်းကတော့ (၁) နိုင်ငံတော်အတွင်းမှာလုပ်ငန်းရှင် များရဲ့လုပ်ငန်းအလိုက် အခွန်ထမ်းဆောင်မှုအခြေအနေများကို ပြည်သူကိုအသိပေးဖို့အစီအစဉ်ရှိ၊ မရှိဖြစ်ပါတယ်။ (၂) အစီအစဉ်ရှိခဲ့ရင် မည်သည့်အချိန်မှာ မည်သို့အသိပေးထုတ်ပြန်မည်ကို ပြန်လည် ဖြေကြားပေးဖို့လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(ထြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှထွန်း(ပြည်ထောင်စုဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)**။ ။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးရဲ့ နိုင်ငံတော်အတွင်း လုပ်ငန်းရှင်များ၏လုပ်ငန်းအလိုက် အခွန်ထမ်းဆောင်မှုအခြေအနေများကို ပြည်သူသို့အသိပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ရှိခဲ့ပါကမည်သည့်အချိန်မှာ မည်သို့အသိပေးထုတ်ပြန်မည်ကိုသိလိုကြောင်း မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်ကပဲ ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်တွင်း အခွန်များဦးစီးဌာနအနေနဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှစတင်ပြီး အခွန်အများဆုံးထမ်းဆောင်သော အခွန်ထမ်း ၁၀ ဦးကိုထုတ်ပြန်ကြေညာခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ၂၀၁၁-၂၀၁၂ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်ခဲ့တဲ့အခွန်ထမ်းဦးရေ ၁၀၀ ဦးစီကိုတိုးမြှင့်ပြီးတော့ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်ကဏ္ဍအလိုက်ထုတ်ပြန်ပေးခဲ့ပါတယ်။ ထို့သို့ထုတ်ပြန်ပေးခဲ့ခြင်းမှာ အခွန်ထမ်းပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် ပုဂ္ဂိုလ်စုတစ်ခုချင်း၏ နိုင်ငံတော်နှင့် ပြည်သူများအတွက် နိုင်ငံ့တာဝန်ကျေပွန်မှုကို ဂုဏ်ယူဖွယ်ရာသတင်းတစ်ရပ်အနေနဲ့ နိုင်ငံတော်ကိုယ်စား ပြည်သူများ သိရှိနိုင်ရန်ထုတ်ပြန်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ လုပ်ငန်းဆောင်ရွက် ရာမှာ ဥပဒေအရဆောင်ရွက်ရသောအမှုတွဲများတွင်ပါရှိသည့် အကြောင်းအချက်အားလုံးကို လျှို့ဝှက် ကိစ္စအဖြစ်မှတ်ယူရမည်ဖြစ်သည့်အပြင် အဆိုပါအကြောင်းအချက်အလက်များကို အစိုးရကိစ္စမှအပ ထုတ်ဖော်ခြင်းမပြုရဟု ဥပဒေပြဋ္ဌာန်းချက်ကိုလည်း လိုက်နာကျင့်သုံးဆောင်ရွက်ရတဲ့အတွက်ကြောင့် အခွန်ထမ်းများ၏ Right အရ လျှို့ဝှက်ပေးထားသောလုပ်ငန်းနှင့်သက်ဆိုင်သည့် အကြောင်း အချင်းအရာများကိုထုတ်ပြန်ချင်းမဟုတ်ဘဲ သတင်းအနေနဲ့သာ ကျွန်တော်တို့ထုတ်ပြန်ခဲ့တာဖြစ်ပါ

တယ်။ ဒါ့အပြင် အခွန်ပေးဆောင်မှုများပြားသော အခွန်ထမ်းကြီးများ၏စာရင်းကို ပြည်သူသို့ အစီရင်ခံခြင်းအားဖြင့် ၎င်းတို့၏နိုင်ငံတော်နှင့် ပြည်သူများအတွက် တာဝန်ကျေပွန်မှုကို ပြည်သူများ သိရှိစေတဲ့အပြင် ပြည်သူနှင့် လုပ်ငန်းရှင်များအကြားနွေးထွေးသော ယုံကြည်မှုများမှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုများတိုးပွားကာ အရင်းအနှီးကြီးမားသောအများပိုင်ကုမ္ပဏီများ၊ Public ကုမ္ပဏီများကို ပြည်သူများ၏စုပေါင်းရင်းနှီးမှုဖြင့်ဖြစ်ပေါ်လာစေရေးကိုလည်း ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အများပိုင်ကုမ္ပဏီများဖြစ်တည်လာခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကြီးမားစွာ အထောက်အကူပြုနိုင်မှာဖြစ်တဲ့အပြင် နိုင်ငံတော်၏ဘဏ္ဍာရေးမူဝါဒဆိုင်ရာပြုပြင်ပြောင်းလဲမှုများမှာ ပွင့်လင်း၍ထင်သာမြင်သာရှိသော တိကျမှန်ကန်သည့်တင်ပြချက်များ၊ လိုက်နာဆောင်ရွက်မှုများကို ဖြစ်ပေါ်လာစေမှာဖြစ်သကဲ့သို့ တစ်ဖက်ကလည်းအခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုမှာ ထိရောက်စွာ အထောက်အကူရရှိစေမှာဖြစ်ပါတယ်။ ယင်းသို့ သတင်းများထုတ်ပြန်ပေးခြင်းဖြင့် အခွန်ဌာနနှင့် အခွန်ထမ်းကြား ယုံကြည်မှုကိုတည်ဆောက်ရာလည်းရောက်ပါတယ်။ ဒါကြောင့် အခွန်အများဆုံး ထမ်းဆောင်သည့် အခွန်ထမ်းစာရင်းကို အထက်ပါအတိုင်း ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကဏ္ဍာအလိုက်သာ ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းရှင်များရဲ့ လုပ်ငန်းအလိုက် အခွန်ထမ်းဆောင်မှုတစ်ခုချင်းကိုတော့ လောလောဆယ်အခြေအနေမှာ ပြည်သူများသို့အသိပေးဖို့ အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဖရူဆိုမဲဆန္ဒနယ်မှ ဦးဦးရယ်(ခ)ဦးအူးရယ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးရယ်(ခ)ဦးအူးရယ်(ဖရူဆိုမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါးကျန်းမာရွှင်လန်းပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဖရူဆိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဦးရယ်(ခ) ဦးအူးရယ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းတင်ပြလိုတာကတော့ ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်အား ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော နယ်မြေဒေသတစ်ခုအဖြစ် သတ်မှတ်ခံစားခွင့်ပြုပေးနိုင်ရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနဲ့ပတ်သက်ပြီး မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး အနည်းငယ် ရှင်းလင်းတင်ပြလိုပါတယ်။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးရုံးရဲ့၁၅-၃-၂၀၁၂ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ်၊ ၁၀၁/၂၀၁၂ ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဝေးလံခေါင်သီ၍ လူမှုရေး

ခက်ခဲသော မြို့နယ်နှင့် မြို့နယ်ခွဲ ၈၇ မြို့နယ်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား လစဥ်အပိုထောက်ပံ့ကြေး ကျပ် ၃၀၀၀၀ အပြင် လက်ရှိလစဥ်ထုတ်ယူရရှိနေသော လစာနှင့်ညီမျှသည့်ငွေကိုပါ ဒေသစရိတ်အဖြစ် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ သတ်မှတ်ခံစားခွင့်ပြုလိုက်ကြောင်း သိရှိရပါတယ်။ ထိုသို့ အမိန့်ကြေငြာစာထုတ်ပြန်ကြေညာရာတွင် မိမိတို့ကယားပြည်နယ်အနေဖြင့် ရှားတောမြို့နယ်၊ ဘောလခဲမြို့နယ်၊ ဖာဆောင်းမြို့နယ်၊ မဲ့စဲ့မြို့နယ်နှင့် ရွာသစ်မြို့နယ်ခွဲတို့ပါဝင်သည်ကို ဝမ်းမြောက်ဝမ်းသာတွေ့ရှိရသော်လည်း ကယားပြည်နယ်တွင် ဝေးလံခေါင်သီ၍ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုရေးအခက်အခဲဆုံးဒေသဖြစ်သည့် ဖရူဆိုမြို့နယ်ကိုမူ ထည့်သွင်းသတ်မှတ်ခံစားခွင့်မပြုသည်ကို တွေ့ရှိရပါတယ်။ ဖရူဆိုမြို့နယ်ရဲ့ မြေမျက်နှာသွင်ပြင် အနေအထားမှာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ မှ ပေ ၇၀၀၀ အထိ မြင့်မားသော တောင်ကုန်းတောင်တန်းများအပေါ်တွင် တည်ရှိပြီး မြို့နယ်ဧရိယာရဲ့ သုံးပုံနှစ်ပုံခန့်ဟာ မြင့်မားသော တောင်တန်းများနဲ့ နက်ရှိုင်းသော လျှိုမြောင်ကြီးများဖြင့် ခိုလှာလျက်ရှိပါတယ်။ လွိုင်ကော်-မော်ချီး-တောင်ငူသွားလမ်းဘေးတစ်ဖက်တစ်ချက်တွင် မြေပြန့်အနည်းငယ်ရှိသည်မှအပ ကျန်ဒေသများမှာ တောင်ကုန်းတောင်တန်းများနဲ့ တောတောင်ထူထပ်ပေါများပြီး မိုးများသောအရပ်ဒေသလည်းဖြစ်ပါတယ်။ ထို့ပြင် မိုးတွင်းကာလတွင် တောင်ကျရေများကြောင့် ကမ်းပါးပြိုခြင်း၊ ရေကြီးခြင်း၊ ရေစီးသန်ခြင်း၊ လမ်းပိတ်ဆို့ခြင်း၊ ချောင်းရေတိုက်စားမှုကြောင့် ချောင်းကူးတံတားများပြိုကျပျက်စီး မျောပါသွားခြင်းတို့ကြောင့် လမ်းပန်းဆက်သွယ်ရေးမကြာခဏ ပြတ်တောက်ကာ ကျေးလက်ဒေသများတွင်တာဝန်ထမ်းဆောင်သည့် နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူအများခရီးသွားလာရာတွင် အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့နေရသော နယ်မြေဒေသတစ်ခုလည်းဖြစ်ပါတယ်။ ဖရူဆိုမြို့နယ်ဟာ မြို့ပေါ်၅ ရပ်ကွက်နှင့်ကျေးရွာအုပ်စုပေါင်း ၁၄ အုပ်စုတို့ဖြင့်ဖွဲ့စည်းထားသော မြို့နယ်တစ်ခုဖြစ်ပြီး တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းအင်အားစုစုပေါင်းမှာ ၅၄၄ ဦးခန့်ရှိပါတယ်။ အဆိုပါ နိုင်ငံ့ဝန်ထမ်းအများစုမှာလည်းပညာရေးနှင့်ကျန်းမာရေးဝန်ထမ်းများဖြစ်ကြပြီး ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ကျေးလက်ဒေသများတွင်တာဝန်ထမ်းဆောင်သူများဖြစ်ကြပါတယ်။ လမ်းပန်းဆက်သွယ်ရေးနဲ့ပတ်သက်ပြီး ဖရူဆိုမြို့နယ်မှာ ကတ္တရာလမ်းဟူ၍ လွိုင်ကော်-မော်ချီး ကားလမ်းတစ်ခုတည်းသာရှိပြီး ဒေသဖွံ့ဖြိုးရေးလမ်းဖြစ်သည့် ဖရူဆို-ဟိုယာ-ကေကော လမ်းပိုင်းသည် ဟိုယာ ၂၅ မိုင်အထိ ကျောက်ချောလမ်း ဖရူဆို-ဒိုကတယ်-ရပ်သူလမ်းပိုင်းသည် ဒိုကတယ် ၅ မိုင်အထိ ကျောက်ချောလမ်းရှိချင်းတို့မှအပ ကျန်လမ်းများအားလုံးသည် မြေသားလမ်းနှင့် တောင်ပေါ်လူသွားလမ်းများသာဖြစ်ပါတယ်။ ကျောက်ချောလမ်း

ရှိသောကျေးရွာများကို ကား၊ ထော်လာဂျီများသွားလာ၍ရနိုင်သော်လည်း မြေသားလမ်းများကိုမူ မိုးတွင်းကာလတွင် လူသွားလမ်းများကဲ့သို့ ခြေလျင်မှတစ်ပါး အခြားနည်းလမ်းဖြင့်သွားလာ၍ မရနိုင်သော နယ်မြေဒေသတစ်ခုလည်းဖြစ်ပါတယ်။ မြို့ပေါ်၅ ရပ်ကွက်နှင့် မြို့မခေတ်ပေါ်ဆိုကျေးရွာအုပ်စုတို့မှအပ ကျန်ကျေးရွာအုပ်စုများသည် မြို့နှင့် ၁၅ မိုင်မှ မိုင် ၇၀ ကျော်အထိ ဝေးလံခေါင်သီ၍ ခြေလျင်ခရီးဖြင့် ခက်ခဲကြမ်းတမ်းစွာသွားလာနေရသော လူမှုရေးခက်ခဲသည့်နယ်မြေဒေသတစ်ခုဖြစ်ကြောင်းကိုလည်း ရိုးသားပွင့်လင်းစွာတင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ လမ်းပန်းဆက်သွယ်ရေး လွန်စွာမှ ခက်ခဲကြမ်းတမ်းသည့်ဖရူဆိုမြို့နယ်အား ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော မြို့နယ်ဒေသတစ်ခုအဖြစ် သတ်မှတ်ပြီး ယင်းမြို့နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့်နိုင်ငံ့ဝန်ထမ်းများအား လစဉ်အပိုထောက်ပံ့ကြေး ကျပ် ၃၀၀၀၀ အပြင် လက်ရှိလစဉ်ထုတ်ယူရရှိနေသော လစာနှင့်ညီမျှသည့်ငွေကိုပါ ဒေသစရိတ်အဖြစ်သတ်မှတ်ခံစားခွင့်ပြုပေးနိုင်မည့်အစီအစဉ်ရှိမရှိ သိလို၍ ဒေသခံပြည်သူများ၏ကိုယ်စား အောက်ပါမေးခွန်းများမေးမြန်းတင်ပြအပ်ပါတယ်။

(၁) ဖရူဆိုမြို့နယ်အား ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော နယ်မြေဒေသတစ်ခုအဖြစ် သတ်မှတ်ခံစားခွင့်ပြုပေးနိုင်မည့်အစီအစဉ်ရှိမရှိ သိလိုပါတယ်။

(၂) အကယ်၍ သတ်မှတ်ခံစားခွင့်ပြုပေးနိုင်မည်ဆိုပါက မည်သည့်အချိန်တွင် စတင်သတ်မှတ်ပေးနိုင်မည်နည်း။

(၃) အကယ်၍ သတ်မှတ်ခံစားခွင့်မပြုနိုင်ပါက မည်သည့်အကြောင်းကြောင့် မသတ်မှတ်ပေးနိုင်သည်ကိုသိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးလှထွန်း(ပြည်ထောင်စုဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကယားပြည်နယ်၊ ဖရူဆိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးရယ်(ခ)ဦးအူးရယ် ၏မေးမြန်းထားတဲ့ (၁) ဖရူဆိုမြို့နယ်အား ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောနယ်မြေဒေသတစ်ခုအဖြစ် သတ်မှတ်ခံစားခွင့်ပြုပေးနိုင်မည့်အစီအစဉ်ရှိမရှိ။ (၂) အကယ်၍ သတ်မှတ်ခံစားခွင့်ပြု ပေးနိုင်မည်ဆိုပါက မည်သည့်အချိန်တွင် စတင်သတ်မှတ်ပေးနိုင်မည်နည်း။ (၃) အကယ်၍ သတ်မှတ်ခံစားခွင့် မပြုနိုင်ပါက မည်သည့်အကြောင်းကြောင့် ဆိုသည်မေးခွန်းနှင့်ပတ်သက်ပြီး မေးခွန်း၃ ခုကို တစ်ပေါင်းတည်း

ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဒေသခံစားခွင့်စရိတ်နှင့်ပတ်သက်၍ မည်သည့်ဒေသများဟာ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများဖြစ်ကြောင်း သက်ဆိုင်ရာ ပြည်နယ်တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှပေးပို့လာတဲ့ စာရင်းများအရ ပြည်ထောင်စုအစိုးရအဖွဲ့ ၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ၁၅-၃-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၁/၂၀၁၂ ဖြင့် ဒေသစရိတ်များကို ခံစားခွင့်ရှိသည့် မြို့နယ်များနှင့် ဒေသစရိတ်နှုန်းထားများကို ပြင်ဆင်သတ်မှတ် ခဲ့ပြီး ဒေသစရိတ် ခံစားခွင့်ရရှိတဲ့ မြို့နယ် စုစုပေါင်း ၈၇ မြို့နယ် ကို ကျွန်တော်တို့ ထုတ်ပြန်သတ်မှတ် ပေးခဲ့ပါတယ်။ အဆိုပါ အမိန့်ကြော်ငြာစာထုတ်ပြန်တဲ့နေရာမှာ ကယားပြည်နယ်မှ ရှားတောမြို့နယ်၊ ဘော်လခဲမြို့နယ်၊ ဖာဆောင်းမြို့နယ်၊ မဲ့စဲ့မြို့နယ်နှင့် ရွာသစ်မြို့နယ်ခွဲတို့ဟာ ဒေသစရိတ်ခံစားခွင့် ရှိတဲ့မြို့နယ်များပါဝင်ခဲ့သော်လည်း ဖရူဆိုမြို့နယ်သည် ဒေသစရိတ်ခံစားခွင့်ရှိသည့် မြို့နယ်တွင် ပါဝင် ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ ဖရူဆိုမြို့နယ်သည် မြင့်မားသော တောင်တန်းများနှင့် နက်ရှိုင်းသော လျှိုမြောင်ကြီးများဖုံးလွှမ်းပြီး တောတောင်ထူထပ်၍ မိုးများသော အရပ်ဖြစ်သဖြင့် ခရီးသွားလာရာတွင် အခက်အခဲများစွာနဲ့ ရင်ဆိုင်ကြုံတွေ့နေရသော နယ်မြေဒေသတစ်ခုဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအူးရယ်၏ တင်ပြချက်အရ ကျွန်တော်တို့ သိရပါတယ်။ ဒါကြောင့် ဖရူဆိုမြို့နယ်ဟာ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသတစ်ခုအဖြစ် သတ်မှတ်ခံစားခွင့်ပြုလိုပါက သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့တင်ပြ သွားရန် လိုအပ်ပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထဲရေးဝန်ကြီးဌာနမှ စိစစ်၍ ဖရူဆိုမြို့နယ်သည် ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသအဖြစ် သတ်မှတ်ပေးပို့လာပါ က ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြပြီး ခံစားခွင့်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက် ပေးသွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကို မိနစ်၃၀ ခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အခမ်းအနားအစီအစဉ်များကို နေ့လည် ၁၁း၃၀ အချိန်မှာ ကျင်းပမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင် ကြပါပြီခင်ဗျား။

[ အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါသည်။ ]

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပထမနေ့မှာတင်သွင်းထားတဲ့ ကဏ္ဍအသီးသီးနှင့် နယ်ပယ်အသီးသီးအတွက် စံချိန်စံညွှန်းများ ရေးဆွဲသတ်မှတ်၍ ဥပဒေပြဋ္ဌာန်းနိုင်ရန် အချိန်ကာလသတ်မှတ်ပြီး သတ်မှတ်ချိန်အတွင်း ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၈ ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ယနေ့အစည်းအဝေးသို့ ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူး ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်ဝကြပါစေလို့ ကျွန်တော် ဦးစွာ ပဏာမ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာဖြစ်ပါတယ်၊ ကျွန်တော်အနေနဲ့ မလှိုင်မဲဆန္ဒနယ် ဦးအေးမောက်ရဲ့ ကဏ္ဍအသီးသီးမှာရှိတဲ့ စံချိန်စံညွှန်းများကို အချိန်ယူစနစ်တကျသတ်မှတ်ပြီးတော့ ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့်အဆိုအား ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဦးအေးမောက်ရဲ့အဆိုမှာ ကဏ္ဍ နယ်ပယ် တော်တော်ပြည့်ပြည့်စုံစုံကို တင်ပြဆွေးနွေးသွားပါတယ်။ ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာ ကဏ္ဍအချို့ကို ထောက်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဦးစွာ လျှပ်စစ်နှင့် Electronic နယ်ပယ်ရဲ့ စံချိန်စံညွှန်းများနဲ့ပတ်သက်ပြီး ASEAN EE MRA ဆိုတဲ့ လုပ်ရှားမှုတစ်ရပ်ကို လွန်ခဲ့တဲ့ ၅ နှစ်လောက် ကလုပ်ခဲ့ပါတယ်။ ဒီ ASEAN EE MRA ရဲ့အကြောင်းကို EE ဆိုတာ Electrical Electronic ဖြစ်ပါတယ်။ MRA ဆိုတာက Mutual Recorization Agreement လို့ခေါ်ပါတယ်။ နိုင်ငံအချင်းချင်း အပြန်အလှန် သဘောတူညီနိုင်းတဲ့ သဘောတူညီချက် တစ်ခုရရှိအောင် ဆောင်ရွက်ဖို့ဆိုတဲ့လုပ်ငန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်နှင့်Electronic နယ်ပယ်ဟာ ကျယ်ပြန်

ပါတယ်။ လူတွေလည်းနေ့တိုင်းသုံးစွဲနေရတဲ့အတွက်ကြောင့် ကျွန်တော်တို့ မကင်းနိုင်ပါဘူး။ ဒါနဲ့ International Electrotechnical Commission ဆိုတဲ့ I.E.C ဆိုတဲ့ Not For Profit အကျိုးအမြတ်ကိုမရည်ရွယ်ဘဲ ဆောင်ရွက်တဲ့ N.G.O အဖွဲ့ကြီးတစ်ခုရှိပါတယ်။ ဒီအဖွဲ့ကြီးဟာ ၁၉၀၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှာ စတင်တည်ထောင်ခဲ့တဲ့အတွက် နှစ် ၁၀၀ ကျော်သွားပါပြီ။ ဒီအဖွဲ့အစည်းကြီးဟာ ဒီ Electronic and Electrical နယ်ပယ်က မည်ကဲ့သို့သော လျှပ်စစ် ပစ္စည်းမျိုးရဲ့ Safecation Standard ကိုမဆိုကျွမ်းကျင်သူအင်အား ၁၀၀၀၀ လောက်နဲ့ ပေါ်သမျှ လျှပ်စစ်ပစ္စည်းတိုင်းရဲ့ စံချိန်စံညွှန်းများကို ရေးသားတဲ့၊ ထုတ်ဝေတဲ့ဌာနကြီးဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လျှပ်စစ်ပစ္စည်းဟာ ဘာကြောင့်အရေးကြီးသလဲ။ ဥပမာပြရရင် နိုင်ငံတော်တစ်ခုမှာ အမျိုးသမီးတွေ ဆံမျှင်ဖြောင့်တဲ့ Hair Straighteneer ခေါ်ပါတယ်။ ဆံပင်ဖြောင့်တဲ့ကိရိယာ လျှပ်စစ်သုံးပြီးတော့ ဆံပင်ဖြောင့်တဲ့ အမျိုးသမီးတစ်ယောက်ဟာ ဝါယာရှော့ဖြစ်ပြီး ဒဏ်ရာရသွားတယ်။ ဒီလိုကိစ္စမျိုးမှာ ဒီကုမ္ပဏီကို ဘယ်သူက Certificate ပေးသလဲ။ ဘယ်စံချိန်စံညွှန်းနဲ့လုပ်သလဲဆိုတဲ့ ဒီဖြစ်လေ့ဖြစ်ထရှိတဲ့အဖြေမျိုး ကအစ ဒီ ကျွန်တော်တို့ Electronic ပစ္စည်းတွေမှာ Electromagnetic Compatibility (EMC) ဆိုတဲ့ waste တစ်ခုရှိပါတယ်။ ဒါနဲ့ ဒီ waste ကို စနစ်တကျစံချိန်စံညွှန်းနဲ့မထိန်းခဲ့ရင် ဥပမာ-နိုင်ငံကြီး တစ်ခုမှာ ဓာတ်ဆီဆိုင်မှာ ကျွန်တော်တို့ စကားပြော Hand Phone ကိုပြောရင် အဲဒီကလွှင့် EMC waste ပါ။ ဓာတ်ဆီဆိုင်ရဲ့ ပေါက်ကွဲမှုဖြစ်စေတဲ့အတွက်ကြောင့် ဒီနေ့ မြန်မာနိုင်ငံရဲ့ ဓာတ်ဆီဆိုင်များ မှာပင် ဆီဖြည့်နေစဥ် Hand Phone မပြောရဘူးဆိုတဲ့ တားမြစ်ချက်ရှိပါတယ်။ အလားတူ နိုင်ငံကြီး တစ်နိုင်ငံတစ်ခုရဲ့ လေဆိပ်တစ်ခု မလှမ်းမကမ်းမှာ သစ်အခြောက်ခံတဲ့ စက်ရုံးတစ်ခုရှိပါတယ်။ ဒီစက်ရုံးက သစ်ကို ရေနွေးငွေ့နှင့် အခြောက်ခံခြင်းမဟုတ်ဘဲနဲ့ လျှပ်စစ် Induction ကို အသုံးပြု အခြောက်ခံတဲ့အတွက် လျှပ်စစ်အများကြီးသုံးပါတယ်။ အဲဒီက ထွက်လာတဲ့ waste တွေဟာ လေယာဥ်ပျံတွေနဲ့ Control Tower နဲ့ဆက်သွယ်မှုကို အနှောင့်အယှက်ဖြစ်စေတဲ့အတွက်ကြောင့် လေယာဥ်ပျံတွေ ထိခိုက်ပျက်စီးတဲ့အထိဖြစ်ခဲ့ပါတယ်။ ဒါနဲ့ ဒီနေ့အထိလေယာဥ်ပျံပေါ်မှာ တယ်လီဖုန်း Hand Phone မပြောရဘူးဆိုတာ ဒီ Electro Magnetic waste တွေဟာဘယ်လောက် အရေးကြီးတယ်ဆိုတာ သိရပါတယ်။ အဲ့ဒီတော့ နိုင်ငံတကာမှာ ဘယ်လိုပစ္စည်းမျိုးဖြစ်ဖြစ်I Phone တို့ I Park တို့ ဘယ်လိုရောက်တယ်။အလွယ်တကူလာလို့မရဘူး။ Standart နဲ့ကြည့်ပြီးတော့ ဒီ ပစ္စည်းတွေဟာ ကိုယ့်နိုင်ငံအတွက် ဘယ်လောက်လူတွေအတွက် အန္တရာယ်ရှိနိုင်သလဲဆိုတာကို စစ်ဆေးတဲ့ ကော်မတီတစ်ရပ် ကျွန်တော်တို့လို Standart

ကော်မတီတစ်ခုနိုင်ငံမှာရှိဖို့လိုတယ်။ အဲ့ဒီက စစ်ဆေးပြီး အဲ့ဒီတံခါးကိုဖြတ်ပြီးမှသာလျှင် ဒီနိုင်ငံထဲကို ဝင်ရမှာဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ နိုင်ငံကို ဗီယက်နမ်တို့၊ ထိုင်းတို့၊ စင်ကာပူတို့၊ မလေးရှားတို့က လျှပ်စစ်ပစ္စည်းတချို့ဝင်သလို ကျွန်တော်နိုင်ငံစက်မှုဇုန်က ထစရန်ဖော်မာစက်ရုံ တစ်ခုက ဩစတြေးလျနိုင်ငံကို ထစရန်ဖော်မာတွေ ရောင်းခဲ့ပါတယ်။ အလားတူပဲ စက်မှုဇုန်က ထုတ်လုပ်တဲ့ Safeguard တစ်ခုဟာ ထိုင်းနိုင်ငံကို ရောင်းခဲ့ပါတယ်။ အချို့စက်ရုံတွေဆိုရင် မကြာခင်မှာ နိုင်ငံခြားကိုSwitch Gear တွေ ဆင်ရောင်း မယ့်အစီအစဉ်ရှိပါတယ်။ အဲဒီတော့ ၂၀၁၅ မှာ AFTA တွေလာတော့မှာ ကျွန်တော်တို့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ လျှပ်စစ်ပစ္စည်းတွေ အရောင်းအဝယ် လုပ်ရတော့မယ်။ အဲဒီအခါမှာ IEC ဆိုတာ အလွန်အဆင့်မြင့်ပါတယ်။ အာဆီယံနိုင်ငံထဲမှာ စင်ကာပူတစ်နိုင်ငံပဲ ဒီ Standard နဲ့လိုက်နိုင်ပါတယ်။ အဲဒီတော့ ငါတို့ အာဆီယံနိုင်ငံအချင်းချင်း ဒီ IEC Standard ကို မလိုက်နိုင်ဘူး။ GIES ဆိုတဲ့ Janpnes ကိုလည်း မလိုက်နိုင်ဘူး။ GP ဆိုတဲ့ Standard တွေကို မလိုက်နိုင်တဲ့အတူတူ ငါတို့ အာဆီယံနိုင်ငံအချင်းချင်း လိုက်နိုင်တဲ့ စည်းကမ်းလေးတစ်ခုခု ဆောင်ရွက်ကြမယ်ဆိုပြီးတော့ အာဆီယံ EE MRT ဆိုတဲ့ တစ်ခု တည်ဆောက်မယ်ဆိုပြီး ၂၀၀၇ ခုနှစ်က Road Map ဆိုပြီးတော့ အဆင့် ၅ ဆင့် ရေးဆွဲခဲ့ကြပါတယ်။ ကျွန်တော်လည်း အဲဒီအလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ဘူးလို့ ယခုလို ဆွေးနွေးနိုင်တာဖြစ်ပါတယ်။ ပထမအနေနဲ့ကတော့ မြန်မာနိုင်ငံမှာရှိတဲ့ လျှပ်စစ်ပစ္စည်းတွေရဲ့ ဒီStandard ဘယ်လိုရေးထားသလဲ။ ဘယ်အဖွဲ့အစည်းတွေက လုပ်မလဲ။ ဒါကို Review လုပ်ရမယ်။ နံပါတ် ၂ အနေနဲ့ ဘယ်အဖွဲ့ အစည်းက ဒီ Standard ကိုကိုင်မလဲ။ အဲဒီတော့ သိပ္ပံနှင့်နည်းပညာ ဒီသုတေသနဌာနက ဦးဆောင်မှု လုပ်နေတယ်။ ဒါပေမယ့် သိပ္ပံနှင့်နည်းပညာ ဒီဌာနမှာ ဒီပစ္စည်းတွေကို စစ်ဆေးနိုင်သော Testing Equipment တွေရှိသလား။ ကျွန်တော်တို့ စက်မှု(၁)ဝန်ကြီးဌာန အောက်မှာရှိတဲ့ Electrical **အင်စပက်တောရစ်** ဆိုတဲ့ EI ဌာနမှာ လျှပ်စစ်စစ်ဆေး ကိရိယာတွေလည်း တော်တော်များများရှိတယ်။ လူတွေလည်းတော်တော်များများရှိတယ်။ ပြည်နယ်နှင့်တိုင်းတွေလည်း ရှိတယ်။ ဒီဌာနကို ဒီ **အက်ခရီးရေးတစ် ဘော်ဒီ** လို့ခေါ်တဲ့ စစ်ဆေးမိန့်ထုတ်ပြန်ထာကိုပေးမလား။ ဒါတွေကို ဖျက်ရပါမယ်။ နောက် အဲလို အဆင့်ဆင့်လုပ်သွားလို့ရှိရင် ကျွန်တော်တို့ ၂၀၀၉ ခုနှစ်၊ ဇွန်လမှာ EE MRA ကျွန်တော်တို့ ထိုးပြီးသားဖြစ်ရမယ်ဆိုပြီးတော့ သိရတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဘယ်အဆင့်ထိဒီဟာ တွေရောက်နေလဲ ကျွန်တော်တို့မသိသေးပါဘူး။ သို့ရာတွင် ဒီနေ့တခြားနိုင်ငံတွေရဲ့ Website ကို ဝင်ကြည့်လိုက်လို့ရှိရင် ထိုင်းနိုင်ငံက အာဆီယံ EE MRA ရဲ့ Website ကိုကြည့်ရရင် သူ့နိုင်ငံကို

Electrical ပစ္စည်းတင်သွင်းလာရင် ဥပမာ- Testing Equipment ဘာတွေရှိလဲ။ ဘာဥပဒေတွေ၊ ဒါတွေအပြည့်အစုံ ကျွန်တော်တို့ နိုင်ငံမှာ ယနေ့အထိ ဒါတွေဟာ မရှိသေးတဲ့အတွက်ကြောင့် မဆောင်ရွက်ရသေးဘူးလို့ပဲ ကျွန်တော်တို့အနေနဲ့ ထင်တဲ့အတွက်ကြောင့် အဆိုရှင်ရဲ့ တိုက်တွန်းချက်ကိုအလေးအနက်ထောက်ခံလိုပါတယ်။ ကျွန်တော် နောက်ဆက်နွယ်ပြီးတင်ပြချင်တာက လမ်းတံတား ယနေ့ အာဆီယံ Standard နဲ့ ပစ္စည်းတွေသယ်တဲ့နေရာမှာ ပြဿနာတွေတော်တော်ဖြစ်နေတယ်။ ကျွန်တော်တို့ကော်မတီမှ သက်ဆိုင်ရာနဲ့ တွေ့တဲ့အခါ ပြဿနာတွေဖြစ်နေတယ်။ ကုန်တင်သွားတဲ့အဖွဲ့အစည်းနဲ့ လမ်းတံတားကြီးကြပ်တဲ့အဖွဲ့အစည်းနဲ့ မပြေလည်တာတွေရှိတယ်။ အဲဒီတော့ အိမ်နီးချင်း ထိုင်းနိုင်ငံကိုကြည့်မယ်ဆိုရင် ထိုင်းနိုင်ငံရဲ့လမ်းတွေက တော်တော်ကောင်းပါတယ်။ အလားတူ သူတို့ကားတွေဟာလည်း စည်းကမ်းတော်တော်ရှိပါတယ်။ သူတို့သွားလာမှုကို ကြည့်ခြင်းအားဖြင့် ကျွန်တော်နိုင်ငံမှာလို ကုန်တင်ကားနဲ့ လမ်းဌာနနဲ့ ပြဿနာဖြစ်ဟန်မတူဘူး။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ ရန်ကုန်ကနေ မန္တလေးကို မော်တော်ကားနဲ့ပို့ရင် တစ်ပိဿာကို ၆၈ ကျပ်ခန့်ကျနေတဲ့အချိန်မှာ အကွာအဝေးခြင်းအတူတူဖြစ်တဲ့ ဘန်ကောက်ကနေ မြန်မာနယ်စပ် ဇင်းမယ်ကို ၂၆ ပြားပဲကျတယ်လို့ တင်ပြတားတာတွေ့ရပါတယ်။ အလားတူ မြန်မာနိုင်ငံက စင်ကာပူသို့ ပစ္စည်းပို့ရန် တစ်တန်ကို အမေရိကန်ဒေါ်လာ ၄ ဒေါ်လာခန့်သာ ကျတယ်။ မြန်မာနိုင်ငံက မန္တလေးကိုပို့ရင် ဒေါ်လာ ၃၀ နီးပါး ကျတဲ့အကြောင်း ၇ ဆခန့် သယ်ယူပို့ဆောင်ရေးယူတယ်။ ဒါဘာဖြစ်လို့လဲဆိုတော့ လမ်းဌာနစံချိန်စံညွှန်းတွေကို မပီပြင်လို့လား။ သယ်တဲ့ကုန်တင်ကားတွေကလည်း စံချိန်စံညွှန်းတွေမညီလို့လား။ ဒါတွေကို ကျွန်တော်တို့ စစ်ဆေးရမှာ စစ်ဆေးအတည်ပြုမှုမရှိတဲ့အတွက်ကြောင့် ဒီပြဿနာလေးတွေရှိနေတာ ဒီပြဿနာလေးတွေကို ဦးအေးမောက်တင်ပြသွားတဲ့ စံချိန်စံညွှန်းများကို စနစ်တကျ စစ်ဆေးပြဋ္ဌာန်းရင် ဒီပြဿနာလေးတွေဟာ ဖြစ်ပွားနိုင်စရာ အကြောင်းမရှိပါဘူး။ နောက်တစ်ခုက လောင်စာဆီနဲ့ပတ်သက်လို့ ကျွန်တော်တင်ပြလိုပါတယ်။ ဒီနေ့မြန်မာနိုင်ငံတွေမှာ ဓာတ်ဆီဆိုင်တွေကိုဝင်သွားလို့ရှိရင် ဒီဇယ်၊ ဓာတ်ဆီ၊ အောက်တိန်းဆီဆိုပြီးတော့ကြေညာထားတာတွေ့ပါတယ်။ ဒါအလွန်မှားပါတယ်။ တကယ်ရောင်းတာက ဒီဇယ်နဲ့ ဓာတ်ဆီ ၂ မျိုးသာ ဖြစ်ပါတယ်။ ဥပမာ- ဒီဇယ်ဆီမှာ သူ့ရဲ့ လောင်ကျွမ်းမှု Convention Performance ကို **ဆီတိန်** ပြောက်မြားစွာနဲ့ တိုင်းသလို ဓာတ်ဆီရဲ့ လောင်ကျွမ်းမှု Convention Performance ကို နံပါတ်နဲ့တိုင်းပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံက ရေနံချက်စက်ရုံကထွက်တဲ့ **အောက်တိန်း** တွေက နံပါတ် ၇၀ လောက်ပဲရှိတယ်။ ဒါ အဆင့်မြင့် High ကွန်ပလင်းရှင်း ကားတွေကို သုံးလို့မရတဲ့

အတွက်ကြောင့် **အောက်တိန်း** နံပါတ် ၉၀ ခန့်ရှိတဲ့ဆီတွေကို **အောက်တိန်း** ဆီဆိုပြီးတော့ စရောင်းခဲ့ရတယ်။ မသိတဲ့လူတွေက **အောက်တိန်း** ဆိုတာ ဆီတစ်မျိုးလားလို့ ထင်နေကြတယ်။ အမှန်က ရောင်းတာက ဒီဇယ်နှင့် ဓာတ်ဆီ ၂ မျိုးပဲ ရောင်းရမှာက ဓာတ်ဆီ **အောက်တိန်း** နံပါတ် ၇၀၊ ဓာတ်ဆီ နံပါတတ် ၉၀ ဒီလိုပဲရောင်းရမှာ အဲဒီတော့ နိုင်ငံတကာအဆင့်နဲ့ကြည့်မယ်ဆိုရင် အမေရိကန်နိုင်ငံမှာဆိုရင် **အောက်တိန်း** နံပါတ် ၈၇ မှ ၉၁ ကြားရောင်းတယ်။ ဩစတြေးလျမှာ၉၁ ရောင်းတယ်။ UAE မှာ ၈၅ စသည်ဖြင့် အဆင့်အတန်းဖြင့်သတ်မှတ်ထားတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီလိုလောင်စာဆီကိုလည်း အဆင့်နဲ့သတ်သတ်မှတ်မှတ်မရှိတဲ့အတွက်ကြောင့် ဝယ်တဲ့လူက ဝိုးတဝါးဝိုးတဝါးဖြစ်ရတယ်။ ဒါတွေကို ချုံကြည့်လို့ရှိရင် သတ်မှတ်သင့်တဲ့စံချိန်စံညွှန်းများကို သက်ဆိုင်ရာဌာနတွေက စနစ်တကျလုပ်ဖို့ လိုအပ်လာတယ်ဆိုတာ ထောက်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဆက်နွယ်နေတဲ့ Electronic and Electrical ကဏ္ဍရယ် ကျွန်တော်တို့ကော်မတီနဲ့တွေ့တဲ့ သယ်ယူပို့ဆောင်ရေးနဲ့ လောင်စာဆီကဏ္ဍများမှာရှိတဲ့ စံချိန်စံညွှန်းများကိုသာ ထောက်ပြဆွေးနွေးနိုင်ခြင်းဖြစ်ပါတယ်။ ကျွန်တော့်နောက်မှာ ဆက်လက်ဆွေးနွေးမယ့် ကိုယ်စားလှယ်ကြီး ၇ ယောက်က ကျန်တဲ့ကဏ္ဍများကို ဆက်လက်ထောက်ခံဆွေးနွေးကြမှာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်ရဲ့တင်ပြချက်ကို ဤမျှနဲ့ပဲ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ပထမဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ မလှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်တင်သွင်းသွားသော ဌာနအသီးသီးနှင့် နယ်ပယ်အသီးသီးအတွက် စံချိန်စံညွှန်းများရေးဆွဲသတ်မှတ်၍ ဥပဒေပြဋ္ဌာန်းနိုင်ရန် အချိန်ကာလသတ်မှတ်ပြီးတော့ သတ်မှတ်ချိန်အတွင်း ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ယခု ကျွန်တော်တို့ မြန်မာ

နိုင်ငံအနေနဲ့ ၂၀၁၅ ခုနှစ်မှာ အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသ (AFTA) သို့ဝင်ရောက်ချိန်မှာ ကုန်သွယ်မှုဖြေလျှော့မှုကြောင့် သွင်းကုန်များတိုးတက်လာခြင်း၊ ဖြန့်ချီသူလက်လီလက်ကားရောင်းဝယ်သူနှင့် စားသုံးများရွေးချယ်ခွင့်ပိုမိုလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်လာခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုFDI များတိုးတက်လာခြင်းစတဲ့ အကျိုးကျေးဇူးတွေကို ရရှိလာတော့မှာဖြစ်ပါတယ်။ အဲ့ဒီလို ရရှိလာတော့မှာဖြစ်သလို ပြည်တွင်းလုပ်ငန်းရှင်များအနေနဲ့လည်း ကုန်ပစ္စည်းထုတ်လုပ်ယှဉ်ပြိုင်တဲ့အခါမှာ သတ်မှတ်စံချိန်စံညွှန်းများအတိုင်းထုတ်လုပ်ယှဉ်ပြိုင်ကြရတော့မှာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် AFTA အတွက် မိမိတို့ပြည်တွင်းထုတ်ကုန်များသည်လည်းကောင်း၊ နိုင်ငံခြားမှတင်သွင်းလာသည့်ကုန်ပစ္စည်းများသည်လည်းကောင်း စံချိန်စံညွှန်းဥပဒေများနဲ့ စနစ်တကျချမှတ်ပေးဖို့ လိုအပ်ပါတယ်။ ပြည်သူလူထုရဲ့ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ သဘာဝဘေးအန္တရာယ်ထိန်းသိမ်းရေးစတဲ့အချက်များကို စံချိန်စံညွှန်းသတ်မှတ်ထားတဲ့ ဥပဒေများနဲ့ အကာအကွယ်ပေးသွားရမှာဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံကနေပြီးတော့ ကျန်းမာရေးနဲ့မညီညွတ်တဲ့စားသုံးဆီတင်သွင်းမှု၊ အေးခဲကြက်သားများကို FD ရဲ့စစ်ဆေးချက်မပါဘဲ ဝင်ရောက်လာခြင်းများသည်လည်းကောင်း၊ စံချိန်မမီတဲ့ စောစောက ဦးကြည်သာတင်ပြသွားသလိုပါပဲ စံချိန်မမီတဲ့ Gate မပြည့်တဲ့ ကြေးကြိုးတွေနဲ့ အသုံးပြုထားတဲ့ အိမ်သုံးဝါယာကြိုးတွေကိုအသုံးပြုတဲ့အတွက်ကြောင့် မီးလောင်ကျွမ်းခြင်း၊ စံချိန်မမီတဲ့ Save Guard များကိုအသုံးပြုခြင်းကြောင့် Aircon များမှ မီးလောင်ခြင်းများ ကြုံတွေ့နေရတာလည်းရှိပါတယ်။ စံချိန်မမီတဲ့ပစ္စည်းတွေနဲ့ထုတ်လုပ်ထားတဲ့ ဒိုင်နမို၊ မော်တာ အီလက်ထရောနစ်ပစ္စည်းတွေဟာ ကျွန်တော်တို့မြန်မာနိုင်ငံမှာအသွင်အမျိုးမျိုးနဲ့ရောက်ရှိနေပြီးတော့ ပြည်သူတွေအန္တရာယ်ကင်းရှင်းစွာမသုံးနိုင်ဘဲရှိနေတာကိုတွေ့ရပါတယ်။ ထို့အတူ ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း ထုတ်လုပ်ထားတဲ့ပစ္စည်းတွေဟာ တခြားနိုင်ငံတွေကိုတင်ပို့မယ်ဆိုလို့ရှိရင်လည်း နိုင်ငံတကာကသတ်မှတ်ထားတဲ့ စံချိန်စံညွှန်နှင့်အညီ ထုတ်လုပ်မှတင်ပို့လို့ရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့တင်ပြလိုသည်မှာ ကျွန်တော်တို့နိုင်ငံရဲ့ အသေးစား၊ အလတ်စား SME လုပ်ငန်းများဟာ အရင်းအနှီးအင်အား၊ အတွေ့အကြုံအင်အား၊ ကျွမ်းကျင်မှုလုပ်သားအင်အားနည်းပါးနေပါသေးတယ်။ နိုင်ငံတော်အစိုးရမှ စံချိန်စံညွှန်းသတ်မှတ်ချက်ဥပဒေများထုတ်ပြန်ပြီး ကျင့်သုံးတဲ့အခါမှာလည်း ပြည်တွင်းလုပ်ငန်းရှင်များနှင့် လုပ်သားများကိုစံချိန်စံညွှန်း

နှင့်အညီထုတ်လုပ်တတ်စေဖို့အတွက် သင်တန်းများပေးပြီးတော့ လက်တွဲခေါ်ယူသွားဖို့လည်း လိုအပ်ပါတယ်။ ဒါမှသာ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ SME လုပ်ငန်းရှင်များအနေနဲ့ ၂၀၁၅ ခုနှစ် AFTA မှာ ယှဉ်ပြိုင်နိုင်မည်ဖြစ်ပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ အချုပ်အားဖြင့် တင်ပြဆွေးနွေးရပါလျှင် ဦးအေးမောက်အဆိုတင်သွင်းသလို စက်မှုဆိုင်ရာ၊ စက်ရုံအလုပ်ရုံ ဆိုင်ရာစံချိန်စံညွှန်းကိစ္စရပ်များ၊ မြို့ပြဆိုင်ရာစံချိန်စံညွှန်းကိစ္စရပ်များ၊ လျှပ်စစ်(Electronic) ဆိုင်ရာစံချိန်စံညွှန်းကိစ္စရပ်များ၊ မြန်မာနိုင်ငံလုပ်သားကျွမ်းကျင်မှုစံချိန်စံညွှန်းကိစ္စရပ်များနှင့် အခြားကျန်းမာရေး၊ စားသောက်ကုန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ ကုန်ချောဆိုင်ရာစံချိန်စံညွှန်း ကိစ္စရပ်များအပြင် နယ်ပယ်အသီးသီးမှာလိုအပ်နေသော စံချိန်စံညွှန်းကိစ္စရပ်များနှင့်ပတ်သက်၍ အမြန်ဆုံးအကောင်အထည်ဖော်မည့် ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းနိုင်ရေးအား အချိန်ကန့်သတ်ပြီးတော့ သတ်မှတ်တဲ့အချိန်အတွင်းမှာ ပြီးစီးအောင်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေး ကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ကျော်ခင်၊ ကျောက်တန်းမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ခင်(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေလို့ ဆုတောင်း မေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ခင် ဖြစ်ပါတယ်။ မလှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်တင်သွင်းသွားတဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကဏ္ဍအသီးသီးနှင့် နယ်ပယ်အသီးသီးမှပြည်သူ့လူထုရဲ့ ကျန်းမာရေးဆိုင်ရာ ဘေးဥပါဒ်ကင်းဝေးရေးလုံခြုံစိတ်ချရတဲ့ အစားအသောက်များနှင့်ပတ်သက်လို့ ဆွေးနွေးအကြံပြုတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကမ္ဘာပေါ်မှာ လူဦးရေတိုးပွားလာမှုနှင့်အတူ စားနပ်ရိက္ခာလုံလောက်မှု ရှိရေးအတွက် ကမ္ဘာ့နိုင်ငံအသီးသီးက ကြိုးစားနေကြတာတွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ

လည်း ဆန်ရေစပါးကောက်ပဲသီးနှံများကို ပြည်တွင်းဖူလုံရုံသာမက ပြည်ပနိုင်ငံများသို့တင်ပို့ရောင်းချနိုင်အောင်ဆောင်ရွက်လျက်ရှိတာကိုတွေ့ရှိရပါတယ်။ ကျွန်တော်တို့နှင့်အတူ မိဘပြည်သူတွေနေ့စဥ်နှင့်အမျှ ဟင်းသီးဟင်းရွက်သစ်သီးဝလံ၊ သားငါးများကိုသက်ဆိုင်ရာဈေးအသီးသီးမှာဝယ်ယူစားသုံးနေကြရပါတယ်။ ယနေ့ခေတ်နည်းပညာထွန်းကားလာမှုနှင့်အတူအသင့်စားသုံးနိုင်တဲ့ (Ready Made) အစားအသောက်တွေကလည်း လွှမ်းမိုးလျက်ရှိတာကိုတွေ့ရှိရပါတယ်။ အဲ့ဒီ အထဲကမှ ဟင်းသီးဟင်းရွက်သစ်သီးဝလံ၊ သားငါးများထုတ်လုပ်ရာမှာကျွန်တော်တို့သတိမမူ မိတဲ့ ဓာတုဓာတ်ကြွင်းအန္တရာယ်များတွေ့ရှိရတာတွေ့ရပါတယ်။ ဓာတုဓာတ်ကြွင်းအန္တရာယ်များဟာ အင်မတန်ကြောက်စရာကောင်းလှပါတယ်။ နည်းပညာတိုးတက်လာမှုနှင့်အတူ ပြည်ပမှသွင်းအားစုများတင်သွင်းလာပြီးတော့ ကျွန်တော်တို့ စိုက်ပျိုးထုတ်လုပ်ကြတဲ့အပင်တွေ၊ အသီးတွေမှာ အပင်သန်ဆေး၊ အပင်ကြီးဆေး၊ အရွက်ကြီးဆေးစတဲ့ ဟော်မုန်းဆေးတွေကို ကန့်စွန်းရွက်မှအစ ပဲပင်ပေါက်အဆုံးအထိသုံးစွဲလာတာကိုတွေ့ရှိရပါတယ်။ သစ်သီးတွေမှာလည်း အသီးကြီးဆေး၊ အသီးလှဆေးဆိုပြီးတော့ ဆေးဝါးတွေကိုအမျိုးမျိုးသုံးစွဲလာတာတွေ့ရပါတယ်။ အသားငါးဆိုလျှင် ထိုနည်းလည်းကောင်းပါပဲ ဒဲ့အပြင် စားအုန်းဆီ၊ ငါးပိငါးခြောက်နှင့် မုန့်ပဲသရေစာတွေမှာလည်း ဆိုးဆေးများ၊ တာရှည်အထားခံအောင်အသုံးပြုတဲ့ဆေးဝါးများကို သုံးစွဲလာတာတွေ့ရပါတယ်။ တချို့စိုက်ပျိုးသူတွေအနေနဲ့ ပိုးသတ်ဆေးဖြန်းထားတဲ့ ဟင်းသီးဟင်းရွက်တွေကို ဆေးအာနိသင်မပြယ်ခင် ဈေးကွက်ကိုတင်ပို့ရောင်းချတာကိုလည်းတွေ့ရှိရပါတယ်။ ဒီဓာတုဆေးဝါးတွေဟာ ကြာရှည်အသုံးပြုမှုများပြားလာရင် ဘေးဥပါဒ်ပေးတာကိုတွေ့ရှိရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့အနီးစပ်ဆုံးဥပမာတစ်ခုပြရရင် ဈေးတွေထဲမှာရောင်းနေတဲ့ ငှက်ပျောသီးဆိုလျှင် ညနေပိုင်းဆေးရည်စိမ်ပြီးတော့ တစ်ညတာအုပ်ထားလိုက်တာနဲ့ မနက်ပိုင်းဝင်းမှည့်ပြီးတော့ ဈေးကွက်ထဲကိုရောက်ရှိသွားပါတယ်။ ဒီလိုဓာတုဆေးတွေမလွတ်ကင်းတဲ့ စားသောက်ကုန်တွေကို မိဘပြည်သူတွေစားသောက်နေကြရပါတယ်။ တစ်ကြိမ်တစ်ခါမထိခိုက်ပေမယ့် အကြိမ်ရေများလာတဲ့အခါမှာရောဂါရလာကြပါတယ်။ ဒါကြောင့်မို့လို့ အစားအသောက်များမှရရှိတဲ့ဘေးထွက်ဆိုးကြိုးတွေကြောင့် အစာအဆိတ်သင့်မှု၊ ကင်ဆာရောဂါ၊ နှလုံး၊ သွေးတိုး၊ ဆီချိုသွေးချိုရောဂါများရရှိပြီးတော့ ဆေးရုံဆေးခန်းတွေမှာ လူစည်ကားလျက်ရှိတာကိုတွေ့ရပါတယ်။ ကျွန်တော်တို့

အဘိုးအဘွားတွေခေတ်တုန်းက အသက်ရှည်ခဲ့ကြပေမယ့် ယနေ့ခေတ်မှာရောဂါဝေဒနာထူပြောပြီးတော့ သက်တမ်းတိုလာတာလည်းတွေ့ရှိရပါတယ်။ စိုက်ပျိုးထုတ်လုပ်သူအချို့က မိမိတို့စီးပွားရေးတွက်ခြေကိုက်မှုတစ်ခုတည်းကိုကြည့်ပြီးတော့ အပြိုင်အဆိုင်တင်ပို့ရောင်းချနေကြခြင်းဖြစ်ပါတယ်။ စားသုံးသူပြည်သူလူထုအနေနဲ့ကတော့ ဘယ်စိုက်ခင်း၊ ဘယ်ဥယျာဉ်ခြံက ထွက်လာတဲ့အသီးရယ်လို့မခွဲခြားနိုင်ဘဲ စားသောက်နေကြရပါတယ်။ ဟင်းသီးဟင်းရွက်တင်မကပါဘူး။ စပါးပဲပြောင်းစိုက်ပျိုးရာမှာလည်း ဓာတုပိုးသတ်ဆေးအလွန်အကျွံသုံးစွဲပြီးထွက်ရှိလာတဲ့ ကောက်ပဲသီးနှံများကို ပြည်ပနိုင်ငံများကိုတင်ပို့ရောင်းချရာမှာ အရည်အသွေးနိမ့်ပြီး ဓာတုဓာတ်ကြွင်းတွေတွေ့ရှိတဲ့အတွက် နိုင်ငံကြီးများကဝယ်ယူမှုကိုစိစစ်လျက်ရှိသည်ကို တွေ့ရှိရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံအချို့တွေမှာ ဓာတုဓာတ်ကြွင်းကင်းစင်တဲ့ အော်ဂင်းနစ်သီးနှံတွေကို ဈေးကွက်တစ်ခုအနေနဲ့တင်ပို့ရောင်းချပြီး ဝင်ငွေကောင်းလျက်ရှိတာကိုတွေ့ရှိရပါတယ်။ စာသုံးသူတွေအပိုင်းကလည်း ကျန်းမာရေးနှင့်ညီညွတ်တဲ့ အသီးအနှံတွေကိုရွေးချယ်ဝယ်ယူစားသုံးလာကြတာကိုတွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း အော်ဂင်းနစ်သစ်သီးဝလံများကို တွင်တွင်ကျယ်ကျယ်မစိုက်ပျိုး မထုတ်လုပ်နိုင်သေးပေမယ့် ဟင်းသီးဟင်းရွက်ကစပြီးတော့ ကောက်ပဲသီးနှံများကို GAP အဆင့်အထိ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ များစွာလိုအပ်ပါတယ်။ ဒါမှလည်း ဝယ်ယူစားသုံးသူတွေဘက်မှာ ကျန်းမာရေးနဲ့ညီညွတ်မှာဖြစ်ပါတယ်။ ပြည်ပနိုင်ငံများသို့တင်ပြရာမှာလည်း မျက်နှာကောင်းလှမှာဖြစ်ပါတယ်။ အနာဂတ်ကာလမှာလည်း ကျွန်တော်တို့ပြည်သူတွေ ယုံကြည်စိတ်ချရတဲ့အစားအသောက်များကိုရွေးချယ်ဝယ်ယူစားသောက်လာကြတော့မှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီကဏ္ဍကို နိဂုံးချုပ်အကြံပြုတင်ပြလိုတာကတော့ ကျန်းမာရေးနှင့်ညီညွတ်တဲ့စံချိန်စံညွှန်းများ ရေးဆွဲသတ်မှတ်ပြီးတော့ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများကို အသိပညာပေးဆင့်ပွားသင်တန်းများပေးခြင်း၊ လိုက်နာရန်စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အချိန်ကာလသတ်မှတ်ပြီး ဥပဒေများ၊ နည်းဥပဒေများထုတ်ပြန်ခြင်း၊ ထုတ်ကုန်များအား စံချိန်စံညွှန်းပြည့်မီစေရန် စောင့်ကြည့်တိုင်းတာစစ်ဆေးမှုများ ပြုလုပ်ခြင်းကိုဆောင်ရွက်သင့်ပါတယ်။ သို့မှသာ စာသုံးသူပြည်သူ့လူထုအနေနဲ့ ယုံကြည်စိတ်ချပြီးတော့ ဘေးဥပါဒ်ကင်းစင်တဲ့ အစားအသောက်တွေကို

ရရှိမှာဖြစ်ပါတယ်လို့ အကြံပြုဆွေးနွေးလိုပါတယ်။ ဒါကြောင့် မလှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက် တင်သွင်းသွားတဲ့ ကဏ္ဍအသီးသီး၊ နယ်ပယ်အသီးသီးအတွက် စံချိန်စံညွှန်းများ ရေးဆွဲသတ်မှတ်၍ ဥပဒေပြဋ္ဌာန်းပေးရန် အချိန်ကာလသတ်မှတ်ပြီး သတ်မှတ်ချိန်အတွင်းဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအပ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးအေးနိုင်၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအေးနိုင်(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင် ဖြစ်ပါတယ်ခင်ဗျား။ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်၏ ကဏ္ဍအသီးသီးနှင့် နယ်ပယ်အသီးသီးအတွက် စံချိန်စံညွှန်းများ ရေးဆွဲသတ်မှတ်၍ ဥပဒေပြဋ္ဌာန်းနိုင်ရန် အချိန်ကာလသတ်မှတ်ပြီး သတ်မှတ်ချိန်အတွင်း ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးထောက်ခံသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ကမ္ဘာ့အလယ်မှာ စာမျက်နှာသစ်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ဦးဆောင်ဦးရွက်ဆောင်ရွက်ပေးခဲ့တဲ့ နိုင်ငံတော်အကြီးအကဲများကိုလည်း အထူးကျေးဇူးတင်ရမှာ ဖြစ်ပါတယ်။ ဤအဆိုကို တင်ပြဆွေးနွေးခဲ့သော လွှတ်တော်ကိုယ်စားလှယ်ကြီးအားလည်း လေးစားဂုဏ်ယူမိပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီအဆိုဟာ သက်ရှိသက်မဲ့အားလုံးနှင့်သက်ဆိုင်တဲ့ ကျယ်ပြန့်တဲ့ အဆိုဖြစ်တဲ့အတွက် ဒီလိုကျွန်တော်တို့ ဝင်ရောက်ဆွေးနွေးရခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အသွင်ကူးပြောင်းရေးကာလမှာ အခက်အခဲများစွာ ကြုံတွေ့ရမှာဖြစ်တဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ကော်မတီ၊ ကော်မရှင်အဖွဲ့များအနေဖြင့် တာဝန်ကိုယ်စီထမ်းဆောင်နေရသကဲ့သို့ နေရာဒေသကဏ္ဍမခွဲခြားပဲ နည်းပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ အမြင်ခြင်းဖလှယ်၍ အတွေးအခေါ်အမျှော်အမြင်ကြီးစွာဖြင့် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်။ ကျွန်တော့်အရှေ့တွင် တင်ပြခဲ့သော ပညာရှင်များ တော်တော်လေးစုံလင်စွာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ သို့ပါသော်လည်း ကျန်ရှိတဲ့ကဏ္ဍလေးတွေကို ဆွေးနွေးတင်ပြ

ခွင့်ပြုပါ။ အရေးကြီးသော ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံလုပ်သားအရင်းအနှီး ကဏ္ဍများမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စံချိန်စံညွှန်းများ ရေးဆွဲအကောင်အထည်ဖော်၍ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရန် အထူးလိုအပ်လှပါတယ်။ ကဏ္ဍကြီးများစွာထဲမှာ ပညာရေးကဏ္ဍဟာဆိုရင် ကျွမ်းကျင်တဲ့အသိပညာရှင်၊ အတတ်ပညာရှင်၊ ဥပဒေရေးရာပညာရှင်များ ပူးပေါင်းပါဝင်ရန် လိုအပ်လှပါတယ်။ သို့မှသာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော စံချိန်စံညွှန်းမီ ပညာရေးစနစ်နှင့် ပညာရှင်များ၊ မျိုးဆက်သစ်များ တိုးပွားလာမှာ ဖြစ်ပါတယ်။ ကျန်းမာရေးကဏ္ဍမှာဆိုရင်လည်း ကျန်းမာရေးဆိုင်ရာ ဗဟုသုတများ တိုးတက်လာနိုင်ရန် လူတိုင်းအသက်ရှည်ကျန်းမာနေထိုင်နိုင်ရန် အစားအသောက်နှင့် ဆေးဝါးကဏ္ဍအရေးကြီးလှပါတယ်။ အလားတူ ဆေးပညာလောကရှိ ဆေးပညာရှင်များဟာလည်း နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်တဲ့ စံချိန်စံညွှန်းမီအောင် ပညာရှင်များဖြစ်ရန် ကြိုးစားအားထုတ်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတကာမှ ဝင်ရောက်လာတဲ့ တရားဝင်သော၊ တရားမဝင်သော ဆေးဝါးများကိုလည်း ထိရောက်စွာ ကြပ်မှတ်စစ်ဆေးသင့်ပါကြောင်းနှင့် ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းသင့်ကြောင်း အကြံပြုတိုက်တွန်းလိုပါတယ်။ ဒီနေရာမှာ ကျွန်တော် တို့ သွားလာရင်းနဲ့ တွေ့ခဲ့တာလေး ဥပမာလေးပြောရရင် ရွာတစ်ရွာကို ရောက်ပါတယ်။ ရွာတစ်ရွာကို ရောက်တော့ သောက်ရေသောက်တော့ ရေတစ်ပုလင်းကို ၃၅၀ ပေးရပါတယ်။ PH 7 ရေတစ်ပုလင်းကို ၃၅၀ ပေးရပါတယ်။ ကျွန်တော်က စပ်စုပြီးတော့ အရက်တစ်ပုလင်း ဘယ်လောက်ပေးရလည်းလို့ မေးတော့ ၂၅၀ တဲ့။ ၂၅၀ ဖြစ်နေတော့ ဒီဒေသမှာ ဈေးပေါပေါနှင့် ဝယ်လို့ရတဲ့ အရက်ကို တောသူတောင်သားမသိနားမလည်တဲ့သူတွေက သောက်သုံးမိမှာ ဖြစ်ပါတယ်။ ကြာလာရင် သူတို့ ရိုးရာလို ဖြစ်သွားမှာ စိုးရိမ်မိတဲ့အနေအထား ဖြစ်ပါတယ်။ ဒါလည်း FDA အစားအသောက်နှင့် ဆေးဝါးကွပ်ကဲ ရေးဌာနအနေနဲ့ ဒါတွေလည်း ကျမှတ်စစ်ဆေးသင့်ပါတယ်လို့ ယူဆမိပါတယ်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနအနေနဲ့ ပြည်သူလူထုအတွင်း လှည့်ဝင်ခွင့်စဉ်ဆက်မပြတ် စစ်ဆေးနေသင့်ပါတယ်။ ပြောရလျှင် လုပ်ငန်းရှင်အစုအဖွဲ့များအနေဖြင့် ဆင်းရဲနေသော ပြည်သူတွေကို မလိမ်ညာသင့် ပါဘူး။ ပြန်လည်ကြည့်စေချင်ပါတယ်။ ပြည်သူအကျိုးမရှိလျှင် (၁) က မထုတ်လုပ်သင့်ပါဘူး။ (၂) က မရောင်းသင့်ပါဘူး။ (၃)က မသွင်းသင့်ပါဘူး။ ဒါတွေ အမျိုးသားနိုင်ငံရေး၊ အမျိုးသားအကျိုးစီးပွား အတွက် ဒါတွေလူတိုင်းမှာ တာဝန်ရှိတယ်လို့ ထင်မြင်ယူဆမိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအတွက် အချက်ပေါင်းများစွာရှိတဲ့ထဲမှ အချို့သောကဏ္ဍလေးတွေ ဆက်လက်တင်ပြပါရစေ။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လယ်ယာကဏ္ဍဆိုတာလည်း အခြေခံကျတဲ့ အရေးကြီးတဲ့ ကဏ္ဍတစ်ခုဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒီနှစ်မှာဆိုရင် ဆင်းရှေလီ စပါး တစ်ဧကကို တင်း ၁၀၀ ကျော်ထွက်အောင် သုတေသနပြု စံပြစိုက်ကွက်တွေ ဖော်ထုတ်ပေးတယ်။ ဒါတွေဟာလည်း အခြေခံလူတန်းစားအတွက် မရှိမဖြစ်လိုအပ်တဲ့ သီးနှံဖြစ်ပါတယ်။ လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သီးပင်စားပင်၊ ပန်းပင်များကိုလည်း ဆက်လက်သုတေသနပြု စံချိန်စံညွှန်းမီအောင် စံပြကွက်များဖော်ထုတ်၍ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။ သို့သော်လည်းပဲ စိုက်ကွင်းစိုက်ကွက်များမှ ထွက်ရှိလာတဲ့ သီးနှံများဟာ အဆိုကို ထောက်ခံဆွေးနွေးသွားတဲ့ ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင်ရဲ့ ဓာတုပစ္စည်း၊ ပိုးသတ်ဆေး၊ ဒီကိစ္စဟာလည်း ယခုအခါနိုင်ငံတကာမှာ World Market မှာ ဒါတွေဟာ သတိပြုပြီးတော့ လယ်ယာထွက်ကုန် ပစ္စည်းတွေကို သတိပြုပြီးတော့မှ ဝယ်တာကို တွေ့ရပါတယ်။ လယ်ယာထွက်ကုန်ပစ္စည်းတွေကို ပိုးသတ်ဆေးကင်းသော၊ အစိုဓာတ်ကင်းသော၊ မှိုအဆိပ်မရှိသော၊ အက်ဆစ်ဓာတ်နည်းသော သီးနှံရရှိဖို့လိုအပ်ပါတယ်။ ဒါမှလည်း နိုင်ငံတကာဈေးကွက်မှာ မြန်မာပြည်ရဲ့လယ်ယာ ထွက်ကုန် ပစ္စည်းဟာ မျက်နှာပန်းပွင့်မှာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ နိုင်ငံကြီးသား မပီသတဲ့ အချို့သောစီးပွားရေးသမားများဟာ ကိုယ်ကျိုးကြည့်၍ မှန်မှန်ကန်ကန် ရောင်းဝယ်နိုင်ခြင်း မရှိဘဲ နိုင်ငံ၏ဂုဏ်သိက္ခာကို မျက်ကွယ်ပြု ရောင်းမှားဝယ်မှား ရှိနေတာကို သတိပြု၍ ဥပဒေတစ်ရပ် ရေးဆွဲသင့်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာမှာ သက်ရှည်ကျန်းမာ စွာနေထိုင်နိုင်တဲ့ ဂျပန်မှာဆိုရင် မြန်မာပြည်မှ ထွက်ရှိတဲ့နှမ်းကို ရာခိုင်နှုန်းအားဖြင့် နှစ်စဉ်နှစ်တိုင်း ဒုတိယ ဒါမှမဟုတ်ရင် ပထမရာခိုင်နှုန်းများများဝယ်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ဒီနိုင်ငံဟာဆိုရင် ကျန်းမာရေးနှင့်ပတ်သက်ပြီးတော့ အများကြီးအလေးထားတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ သဘောတစ်ခု ပြောရရင် မြန်မာပြည်မှာထွက်တဲ့ စမုံနက်ကို ဂျပန်က အများကြီးကြိုက်ပါတယ်။ စမုံနက်ဆိုတာ မကွေးတိုင်းဒေသကြီး အောင်လံ၊ ဆင်ပေါင်ဝဲ၊ မကွေးမြို့နယ်၊ ငဖဲမြို့နယ်၊ နောက်ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၊ ရခိုင်ပြည်နယ် ရခိုင်စမုံဆိုပြီးတော့ ဒီစမုံနက်ဟာ ဂျပန်ပြည်သူ ပြည်သား သွားရေယိုအောင်ကြိုက်ပါတယ်။ သွားရေယိုအောင်ကြိုက်တဲ့ဟာ ဘယ်လိုပြောရမလဲဆိုတော့ သူတို့ရဲ့

ဝယ်ချင်တဲ့ စံချိန်စံညွှန်းမီအောင် မြန်မာပြည်က လုပ်ပေးနိုင်ရင် သွားရေယိုအောင် ကြိုက်ပါတယ်။ အဲဒါလေးတွေကတော့ (၁) အစို၊ အခြောက်ဝါရှာအစို ၈ ရာခိုင်နှုန်း၊ အစိုအနည်းအများ ပေါ်မူတည်ပြီးတော့ အစိုများရင်အက်ဆစ်ဓာတ်ပိုများပါတယ်။ Expire date ဖြစ်သလိုပဲ နှမ်းမှာလည်း Expire date ရှိပါတယ်။ နှမ်းမိုးမိလို့ရှိရင် အစိုဓာတ်များတယ်။ အဆိုဓာတ်များရင် အောက်သွား ပါမယ်။ အောက်သွားရင် သူတို့နိုင်ငံမှာ Test လုပ်တဲ့အချိန်မှာ အချဉ်ဓာတ်ပေါက်သွားတဲ့အတွက် မကြိုက်ပါ ဘူး။ ဒါကြောင့်နှမ်းအပင်စိုက်ပြီး နှမ်းခါတဲ့အချိန်မှာ နှမ်းတွေဟာ မစိုမခြောက်ဖြစ်နေရင်လည်း အိတ် ထဲထည့်ရင် သိုးသွားတဲ့သဘော၊ ထမင်းဆိုရင်တော့ သိုးသွားမှာပါ။ နှမ်းဆိုရင်တော့ အောက်သွား မှာပါ။ ဒါကိုလည်း သတိပြုပေးရမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားများကိုလည်း အတွေ့အကြုံ ရှင်းလင်းပေးရမှာ ဖြစ်ပါတယ်။ နောက်မှိုအဆိပ်မှာ B1, B2, G1, G2 ဆိုပြီးတော့ မှို၄ မျိုးရှိပါတယ်။ ဒါတွေက ရန်ကုန်ကုမ္ပဏီကြီးတွေမှာ စမ်းသပ်ပြီးတော့ FDA ကနေခွင့်ပြုမှ မှိုအဆိပ် မပါမှ သာ ဂျပန်ကို တင်ခွင့်ရှိပါတယ်။ နောက် Chemical မှာလည်း သာမန် မြန်မာနိုင်ငံမှာထွက်တဲ့ လက်ရှိသုံးနေတဲ့ သာမန် Chemical ၇ မျိုးကို ရန်ကုန်စိုက်ပျိုးရေးဌာနတွေမှာ စစ်ဆေးလို့ ရပါတယ်။ ဒါပေမယ်လို့ ကျန်တဲ့ပိုးသတ်ဆေး ၅ မျိုးဖြစ်တဲ့ ပေါင်းသတ်ဆေးအပါအဝင် ဒီ ၅ မျိုးကိုတော့ ရန်ကုန်မှာ စစ်ဆေးလို့ မရပါဘူး။ အဲဒီအတွက် ကုမ္ပဏီကြီးတွေမှာ Expoter တွေမှာ အများဆုံးတွေ့ရှိ ပါတယ်။ ဒါတွေဟာ နမူနာ တစ်ပြည်လောက်ထည့်ပြီးတော့ ဘန်ကောက်ကို ပို့ရပါတယ်။ ဘန်ကောက်က Reply ပြန်လာမှ သာ Chemical လွတ်တယ်၊ မလွတ်ဘူးဆိုတာ အသေးစိတ် ၀.၀၁ အဆင့်ထိ စစ်နိုင်မယ့်စက်တွေဟာ နိုင်ငံခြားမှာ ရှိတဲ့အတွက် နိုင်ငံခြားကိုပို့ပြီးမှ ပြန်လာပြီးမှ အောင်တယ်ဆိုရင် တင်ပို့ရပါမယ်။ ဒါတွေလည်း Exporter တွေမှာ အခက်အခဲ နည်းနည်းရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အောင်တယ် လို့ပြောလို့ နှမ်းကို Container တွေနဲ့တင်လိုက်ပါတယ်။ တင်လိုက်တော့ ဂျပန်ဆိပ်ကမ်းကို ရောက်သွားတယ်။ ဂျပန်ဆိပ်ကမ်းရောက်သွားတော့ သူတို့စက်တွေနဲ့သူတို့ပြန်စစ်တော့ မအောင်ဘူးလို့ ပြန်အဖြေ ထွက်ရင် မြန်မာကုန်သည်များက ဘယ်လိုဖြစ်ရလည်းဆိုရင် ဂျပန်ဆိပ်ကမ်းကို ရပ်ခွင့်မရှိဘူး။ သင ် ဘာကြီး ပြန်နောက်ဆုတ်ရတယ် နောက်ဆုတ်ပြီးတော့ မြန်မာပြည်ထဲပြန်လာရင် ပြန်လာ၊ မလာရင် တရုတ်၊ ထိုင်ဝမ် ဒါတွေကို ဈေးပေါပေါနဲ့ ရောင်းချခဲ့ရတာတွေ့ပါတယ်။ ဒါဘာလဲဆိုတော့ သူ့နိုင်ငံ သူ့လူမျိုးအတွက် အကာအကွယ်ပြုတဲ့ စံချိန်စံညွှန်းမီတဲ့နှမ်းကို သူတို့စံချိန်မီမှ သူတို့ဝယ်ဆိုတဲ့ စံသတ်မှတ်နှုန်း။ အဲဒီတော့

ကိုယ့်နိုင်ငံမှာလည်း ဝယ်တာရောင်းတာ အားလုံးဟာ စံသတ်မှတ်ရမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက နိုင်ငံတကာနှင့်အရောင်းအဝယ်လုပ်တဲ့အချိန်မှာ စံယူနစ်၊ ကိန်းဂဏန်း တစ်ခု၊ အဲဒီစံယူနစ်ဟာ ဂျပန်ကိုရောင်းမယ်ဆိုလို့ရှိရင် ကီလိုဂရမ် ဒါမှမဟုတ် မက်ထရစ်တန် လိုကြောင်း။ မကွေးမြို့မှာတော့ ရှေးရိုးအစဉ်အလာအတိုင်း အရောင်းအဝယ်လုပ်နေကြတာ ရှိနေပါတယ်။ ဒါပေမယ်လို့ ကုန်သည်များအသင်းကနေပြီးတော့ လူမှုရေးအသင်းကနေပြီးတော့ ဒါတွေကို တင်းချိန်ကိစ္စကို ဆက်မလုပ်ဖို့ ပိဿာချိန်နှင့်ပြောင်းဖို့ အားလုံးဆွေးနွေးတိုင်ပင်ကြပါတယ်။ ဒါပေမယ်လို့ အချို့သော ပွဲစားများက ဒီဟာကို အယူစွဲပြီးတော့ ဒီအတိုင်းဆက်လက်သုံးစွဲနေပါတယ်။ မည်သို့မျှလည်း ညှိနှိုင်းလို့ အဆင်မပြေပါဘူး။ ဒါကျွန်တော်တို့ ၂နှစ်၊ ၃နှစ် ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီစံသတ်မှတ်တဲ့အချိန်မှာ ဆွေးနွေးတိုင်ပင်လို့ မရဘူးဆိုရင် လေ့လာကြည့်တော့ ဥပဒေ၊ နည်းဥပဒေ မရှိတဲ့အတွက် ဒါဟာအချိန်အတွယ်နှင့်ပတ်သက်ပြီး အခက်အခဲစံချိန်စံနှုန်းဆိုတာ တစ်ပြည်လုံး၊ တစ်နိုင်ငံလုံးအတိုင်းအတာမှာ မညီမျှမှုဖြစ်နေပါတယ်။ မန္တလေးမှာ ပဲစင်းငုံ တစ်တင်းကို ပိဿာ ၂၀ သတ်မှတ်ပြီး တစ်ခြားနေရာ ၁၉ ပိဿာသတ်မှတ်ရင် သတ်မှတ်ပါတယ်။ သူတို့ရှိမှာ နှမ်းတစ်တင်းကို ၁၅ ပိဿာခေါ်ရင် ကျွန်တော်တို့ဆီမှာ တင်းချိန်နဲ့ တစ်တင်းလို့ ခေါ်ချင်ခေါ်ပါတယ်။ အောင်လံမှာ ပဲတီစိမ်း တစ်တင်းကို ပိဿာ ၂၀ လို့ ပြောရင် မကွေးမှာ ၁၉ ပိဿာဖြစ်ရင် ဖြစ်နေပါတယ်။ အဲဒီတော့ တစ်နိုင်လုံး တစ်ပြေးညီ ဒါတွေဖြစ်သင့်ပါတယ်။ နောက်ဆန်မှာလည်း ဆန်တစ်အိတ်ကို ဘယ်နှစ်ပေါင် ပေးသလဲ။ ဧရာဝတီတိုင်းဒေသကြီးရဲ့ ဆန်အခေါ်အဝေါ်နဲ့ အညာဒေသက အခေါ်အဝေါ်တွေကွဲပြား နေတာကို တွေ့ရှိရပါတယ်။ ဒါကလည်း တစ်နိုင်လုံး တစ်ပြေးညီ ဒါတွေဖြစ်သင့်ပါတယ်။ နောင်၂၀၁၅ AFTA လာရင် ဒါတွေဖြေရှင်းနေရမယ်ဆိုရင် ရှေ့လုပ်ရမယ် အလုပ်တွေ နှောင့်နှေးသွားမှာ စိုးရိမ်လို့ ဒါလေးထည့်ပြောခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရင်းနှီးမြှုပ်နှံမှုနှင့် လူသားအရင်းအမြစ်ကဏ္ဍ၊ ဒီကဏ္ဍမှာလည်းပဲ ဆက်စပ်ပါဝင်နေပါတယ်။ ၂၀၁၅ AFTA ရောက်ခဲ့ရင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများစွာ လာရောက်မှာ ဖြစ်ပါတယ်။ ဒါကြောင့်ကျွမ်းကျင်တဲ့ ပညာရှင်များ လုပ်သားများ လိုအပ်မှာ ဖြစ်ပါတယ်။ ဒီထဲမှာ ကျွန်တော်တို့ရဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားများကိုလည်း မေ့ပစ်လို့ မရပါဘူး။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းပေးနိုင်ရန်အတွက် စံချိန်စံညွှန်းဆိုတာလည်း လိုအပ်လာမှာ ဖြစ်ပါတယ်။ မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားအားလုံးကို စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးနိုင်ပါတယ်။ ဒီအပိုင်းမှာ ကျွန်တော်ပြောချင်တာလေးကတော့ စပါး တစ်ဧကကို

ကျတော့ ၅၀၀၀၀ ပေးပါတယ်။ နှမ်းတစ်ဧကေ၊ ပဲတစ်ဧက ၁၀၀၀၀ ပဲပေးပါတယ်။ စပါးတစ်ဧကဟာ ၁၆၀၀၀၀ နဲ့ ၁၈၀၀၀၀ တစ်ဧကကို ကုန်ကျစရိတ်ရှိပြီးတော့ နှမ်းတစ်ဧကမှာ ၁၂၀၀၀၀ နဲ့ ၁၃၀၀၀၀ ကြားမှာ ရှိပါတယ်။ ပဲတစ်ဧကမှာ ၁၆၀၀၀၀ နဲ့ ၁၈၀၀၀၀ ကြားထဲမှာ ရှိတဲ့အတွက် တန်းတူရည်တူ ဒါလေးတွေပေးသင့်ပါတယ်။ အဲဒီတော့ လယ်သမားကို ပေးပြီး၊ ယာသမားကို မပေးရင်လည်း တစ်ဖက်စောင်းနင်းကျတယ်လို့ ယူဆမိပါတယ်။ လယ်သမား ချမ်းသာမှလည်း၊ ယာသမား ချမ်းသာမှာပါ။ ယာသမား ချမ်းသာမှလည်း လယ်သမား ချမ်းသာမှာပါ။ သူတို့နှစ်ဦးဟာ အပြန်အလှန် Balance ဖြစ်နေတယ်လို့ ယူဆမိပါတယ်။ နောက်တစ်ခုက စိုက်ဧကတွေဟာတော့ တောင်သူလယ်သမားတွေ အမှန်တကယ်ဆင်းရဲတဲ့အတွက် စိုက်ဧကတွေကျဆင်းနေတာလည်း တွေ့ရှိပါတယ်။ ဒါကြောင့်မို့လို့ စံချိန်စံနှုန်းမှီတဲ့ တစ်ဧက စံနှုန်း စပါး၊ နှမ်း၊ ပြောင်း၊ ဝါ၊ ပဲ၊ နှမ်းအားလုံး မှီဖွဲ့ဆိုရင် စပါးတစ်ဧကကို ၅၀၀၀၀ ကနေ ၁၀၀၀၀၀၊ နှမ်းတစ်ဧကကို ၅၀၀၀၀ ကနေ ၁၀၀၀၀၀၊ ပဲတစ်ဧကကို ၅၀၀၀၀ ကနေ ၁၀၀၀၀၀ နှစ်တိုချေးငွေမဟုတ်ဘဲနဲ့ နှစ်ရှည်ချေးငွေ အနည်းဆုံး ၃ နှစ် ဒါမှမဟုတ်ရင် ၅ နှစ် ချေးပေးစေချင်ပါတယ်။ ဒါမှလည်း မြန်မာနိုင်ငံရဲ့ တောင်သူလယ်သမားများရဲ့ အခြေခံလူ့စွမ်းအားအရင်းအမြစ်များ တောင့်တင်းလာမှာ ဖြစ်တဲ့အတွက် ပြောကြားရခြင်းဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်များတွင်လည်း စက်မှုဇုံများ၊ စိုက်ပျိုးရေးဇုန်များ၊ မွေးမြူရေးဇုန်များ၊ စနစ်တကျလျာထား အကောင်အထည်ဖော်ဆောင်ရွက်၍ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနမှ သင်တန်းများပို့ချပြီး ကျွမ်းကျင်သောလုပ်သားများ ပိုမိုမွေးထုတ်သင့်ပါကြောင်း တိုက်တွန်းဆွေးနွေးအပ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ပြောရရင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ လူသားအရင်းအမြစ်နှင့် အသေးစား၊ အလတ်စား၊ အကြီးစားစက်မှုလုပ်ငန်းများအားလုံး AFTA မလာခင်မှာ စံချိန်စံညွှန်းပြည့်မီအောင် ဥပဒေပြုဌာန်းသင့်ပါကြောင်းနှင့် မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်၏အဆိုအား လေးလေးနက်နက် ထောက်ခံပါကြောင်းတင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ကြိဘာသံများ)

**ဦးကိုကြီး(အောင်မြေသာဇံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမဲဆန္ဒနယ်မှ ဦးကိုကြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးအေးမောက်တင်သွင်းတဲ့

အဆိုနဲ့ပတ်သက်လို့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကဏ္ဍအသီးသီးနှင့် နယ်ပယ်အသီးသီးမှာ စံချိန်စံညွှန်းများရေးဆွဲသတ်မှတ်၍ ဥပဒေတစ်ခုပြုပြီး အမြန်ဆုံးဆောင်ရွက်နိုင် ဖို့ လိုပြီလို့လည်း ယူဆမိပါတယ်။ ထိုသို့မှ မလုပ်ဆောင်လျှင် သို့မဟုတ် လုပ်ဆောင်မှု နှေးကွေးမယ် နောက်ကျမယ်ဆိုရင် မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူလူထုအတွက် နစ်နာမှု၊ ဆုံးရှုံးမှု ဆိုးကျိုးများ ကြုံတွေ့ လာနိုင်ပြီလို့ယူဆမိပါတယ်။ ကဏ္ဍအသီးသီးနှင့် နယ်ပယ်အသီးသီဟုဆိုရာမှာ များစွာကျယ်ပြန့်ပါ တယ်။ အမျိုးအစားနှင့် အမျိုးအမည်လည်းများလှပါတယ်။ ကဏ္ဍအသီးသီးမှာ ဥပမာအားဖြင့် Export ကဏ္ဍ၊ ကဏ္ဍကြီး ၃ ခုလည်းမကပါဘူး။ Export ကဏ္ဍ၊ Inport ကဏ္ဍ၊ ပြည်တွင်းစားသုံးမှု ကဏ္ဍ စသည်ဖြင့် များစွာရှိပါတယ်။ မည်မျှများပြားသည်ဖြစ်စေ နိုင်ငံတော်နှင့် ပြည်သူများအကျိုးအတွက် မလုပ်ဖြစ်သော အနေအထားမှာရှိနေ၍ ဖြစ်အောင်အမြန်လုပ်ဖို့ အချိန်တန်သင့်ပြီးလို့ ယုံကြည်မိပါ တယ်။

အထက်ပါများစွာသော ကဏ္ဍနှင့် နယ်ပယ်အသီးသီးများစွာထဲမှ ပြည်သူလူထု၏ ကျန်းမာရေး နှင့်သက်ဆိုင်တဲ့ လူတိုင်းနဲ့မကင်းနိုင်တဲ့ စားသုံးဆီနဲ့ပတ်သက်လို့ တင်ပြဆွေးနွေးလိုပါတယ်။ စားသုံး ဆီမှာ တစ်မျိုးကတော့ ပြည်တွင်း၌ စိုက်ပျိုးကြိတ်ဝါထုတ်လုပ်တဲ့ ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ပန်းနှမ်းဆီ၊ မုံညင်းဆီ၊ ဝါစေ့ဆီ၊ ပဲပုတ်ဆီတို့ဖြစ်ပါတယ်။ ၎င်းရဲ့ ပြည်တွင်းထုတ်လုပ်တဲ့ဆီများဟာUn Saturated Oil မပြည့်ဝသောဆီများဖြစ်ခြင်း Cold Press နည်းဖြင့် ကြိတ်ဝါးထုတ်လုပ်ထားခြင်း၊ ၎င်းဆီများ အတွင်း မှာ Anti Oxidant ဓာတ်များ များစွာပါဝင်နေ၍ ပြည်သူများ၏ကျန်းမာရေးကို အထူးအကျိုးပြုတယ် ဆိုတာကို သိရှိရပါတယ်။ အချို့နိုင်ငံများမှာ နှမ်းဆီကို The queen of cooking oil တင်စားပြီးတော့ ခေါ်ဝေါ်ကြပါတယ်။ ပဲဆီကိုတော့ Heart Healthy Oil နှလုံးကျန်းမာရေးအတွက် အသင့် တော်ဆုံးဆီလိုပဲတင်စားခေါ်ဝေါ်ကြပါတယ်။ ယခုအခါမှာ ပြည်ထောင်စုဝန်ကြီးဌာနမှ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ စတင်၍ ဆီထွက်သီးနှံအားလုံး ပြည်ပကို တင်ပို့ခွင့်ပေးလိုက်ပါတယ်။ ဒါကြောင့်မို့လို့ အထက်ပါ ပြည်တွင်းထုတ်လုပ်တဲ့ ကျန်းမာရေးအတွက် အဖိုးတန်တဲ့ စံချိန်စံညွှန်းမီတဲ့စားသုံးဆီများဟာ ဈေးအလွန်မြင့်သွား၍ ဆင်းရဲတဲ့ လယ်သမား၊ အလုပ်သမား၊ ဝန်ထမ်းပြည်သူအများစုဟာ မစားသုံးနိုင်တဲ့ အခြေအနေကိုရောက်သွားပါတယ်။ ဒါကြောင့်မို့ ဈေးချိုတဲ့ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီများကိုသာ အားထား၍ စားသုံးနေကြ ရပါတယ်။ ထို့ကြောင့် ပြည်ပမှတရားဝင်သောနည်းဖြင့်လည်းကောင်း၊ တရားမဝင်သောနည်းဖြင့် လည်းကောင်း ဈေးကွက်လိုအပ်ချက်အရ စားသုံးဆီများဟာ ဈေးကွက်မှာ ၉၀ ရာခိုင်နှုန်းခန့်ထိ

နေရာယူနေတာကို ကျွန်တော်တွေ့ရှိရပါတယ်။ ပြည်ပမှ တရားမဝင်မှောင်ခိုဝင်သော စားသုံးဆီမှာလည်း ကျွန်တော်တို့ နှစ်မျိုး နှစ်စားတွေ့ရှိရပါတယ်။ တစ်မျိုးကတော့ သူတို့နိုင်ငံမှာရှိတဲ့ မြောင်းများကိုစွန့်ပစ်ထားတဲ့ စားသောက်ဆိုင်နဲ့ အလုပ်ရုံတို့မှ အကြိမ်ကြိမ်အဖန်ဖန် အသုံးပြု၍ လူများစားသုံးရန် လုံးဝမသင့်တဲ့ဆီများဖြစ်ပါတယ်။ ၎င်းဆီများတွင် ကင်ဆာရောဂါနှင့် အခြားရောဂါအမျိုးမျိုးကို ဖြစ်စေတဲ့ ကတ္တရာဓာတ်နှင့် ဗိုင်းရပ်စ်ပိုးများ များစွာပါဝင်နေသည်ကို သိရှိရပါတယ်။ ၎င်းဆီများကိုစုဆောင်းပြီးတော့ အနံ့အရောင်အရသာများချွတ်ပြီးတော့ မြန်မာပြည်အတွင်းသို့ အလုံးအရင်းနဲ့ဝင်ရောက်နေပါတယ်။ ၎င်းဆီများဟာ FDA စစ်ဆေးခြင်း လည်းမရှိ၊ စံနှုန်းသတ်မှတ်ခြင်းလည်းမခံရဘဲနဲ့ ဝင်ရောက်မှုရှိနေပါတယ်။ ၎င်းဆီမျိုးကို အိမ်နီးချင်း နိုင်ငံများမှာ လူမပြောပါနဲ့ တိရိစ္ဆာန်အစာအတွက်တောင် သုံးစွဲခွင့်မပြုဟုသိရှိရပါတယ်။ နောက်ဆီ တစ်မျိုးကတော့ ပြည်ပမှ တရားဝင်တင်သွင်းတဲ့ Cloud Point (8) စားအုန်းဆီအမျိုးအစားနဲ့ အဆင့်တူတဲ့ဆီဖြစ်ပါတယ်။ ပြည်ပမှတရားဝင်တင်သွင်းမှုမှာ FDA စစ်ဆေးမှုရှိပြီးတော့ စံသတ်မှတ်မှုလည်းရှိပါတယ်။ နယ်စပ်မှ မှောင်ခိုဝင်တဲ့ဆီတွေမှာ FDA စစ်ဆေးမှုလည်းမရှိ၊ စံသတ်မှတ်မှုလည်းမရှိသည်ကိုတွေ့ရပါတယ်။ ထိုတရားဝင်တင်သွင်းတဲ့ Cloud Point (8) စားအုန်းဆီများပင်လျှင် ပြည့်ဝဆီ Saturated Oil ဖြစ်၍ ပြည်သူများကြာရှည်စွာစားသုံးလျှင် သွေးတိုး၊ ဆီချို၊ နှလုံး၊ အသဲအဆီဖုံးနှင့် အူမကြီးကင်ဆာရောဂါများကို ဖြစ်စေနိုင်သည်လို့ ကျန်းမာရေးဝန်ကြီးဌာနမှ ရုပ်သံများတွင် စားသုံးသူများသိအောင် ကြေညာပေးနေတာကို တွေ့ရပါတယ်။ စားသုံးဆီများဟာ ပြည်သူတိုင်းသုံးစွဲကြပြီးတော့ ၎င်းအတွက်စံနှုန်းသတ်မှတ်ရာမှာ များစွာအလေးထားဆောင်ရွက်ဖို့လိုသည်လို့ ထင်မြင်မိပါတယ်။ သို့မဟုတ်ဘူးဆိုလို့ရှိရင်တော့ လူသားအရင်းအမြစ်များဟာ အချိန်မတန်မီ ဆုံးရှုံးမှုဖြစ်နိုင်သည်လို့ယူဆမိပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူလူထုစားသုံးရာမှာ ကျန်းမာရေးအကျိုးကိုရရှိစေဖို့ ပြည်ပမှတရားဝင်တင်သွင်းတဲ့ စားအုန်းဆီများကိုလည်း စံချိန်စံညွှန်းများကောင်းသထက်ကောင်းအောင်ဆောင်ရွက်ဖို့လိုသည်လို့ ယူဆမိပါတယ်။ တရားမဝင်ဝင်ရောက်တဲ့ဆီများကိုလည်းFDA စစ်ဆေးပြီး စံချိန်စံညွှန်းမီတဲ့ဆီများကို ကုန်သွယ်ခွန်ယူ၍ တင်သွင်းခွင့်ပြုခြင်း ပြည်သူများကျန်းမာရေးကို ထိခိုက်စေနိုင်၍ ရောဂါဆိုးများဖြစ်စေနိုင်တဲ့ စံမမီတဲ့စားသုံးဆီများကိုလည်း ကြပ်မတ်စွာစစ်ဆေးပြီး အထူးဂရုပြုတားဆီးဖို့လိုသည်ဟု ယူဆမိပါတယ်။ ထို့အပြင် ပြည်သူများ၏ ကျန်းမာရေးနဲ့ အထူးသင့်လျော်တဲ့ပြည်တွင်းမှာထုတ်လုပ်တဲ့ စားသုံးဆီများကိုလည်း ပြည်တွင်းရှိ အလုပ်သမား၊ လယ်သမား၊ ဝန်ထမ်းများ သင့်တင့်မျှတတဲ့ဈေးနဲ့စားသုံးနိုင်အောင် နိုင်ငံတော်မှ အစီအမံများ ချမှတ်ဆောင်ရွက်သင့်

တယ်လို့ ယူဆမိပါတယ်။ အထက်ပါအကြောင်းကြောင်းတို့ကြောင့် မလှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်တင်သွင်းသောအဆိုဖြစ်တဲ့ ကဏ္ဍအသီးသီးအတွက် စံချိန်စံညွှန်းများရေးဆွဲသတ်မှတ်၍ ဥပဒေပြဋ္ဌာန်းနိုင်ရန် အချိန်ကာလသတ်မှတ်ပြီး သတ်မှတ်ချိန်အတွင်း ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လေးနက်စွာ ထောက်ခံပါကြောင်းတင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ညြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာအောင်မိုးညို ပွင့်ဖြူမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညိုဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်မိုးညို(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အောင်မိုးညိုဖြစ်ပါတယ်။ အလွန်အရေးပါတဲ့အဆိုကိုတင်သွင်းလာတဲ့ မလှိုင်မဲဆန္ဒနယ်က ဦးအေးမောက်နှင့် ပြည်သူ့လွှတ်တော်အဆင့်ဆင့်မှ ဆွေးနွေးသင့်တယ်လို့ ဆုံးဖြတ်ပေးတဲ့ကိုယ်စားလှယ်ကြီးများအားလုံးကိုလည်းပဲ ဂုဏ်ယူလေးစားကြောင်း ဦးစွာတင်ပြလိုပါတယ်။ ကဏ္ဍအသီးသီးနှင့် နယ်ပယ်အသီးသီးအတွက် စံချိန်စံညွှန်းများသတ်မှတ်၍ ဥပဒေပြဋ္ဌာန်းနိုင်တယ်။ ဥပဒေပြဋ္ဌာန်းရန်လိုအပ်တယ်ဆိုတဲ့ကိစ္စဟာ အရေးပါသလောက် အလွန်ကြီးမားကျယ်ပြန့်တဲ့ပြဿနာကြီးပါ။ ဒါကြောင့်မို့လို့ ကဏ္ဍအားလုံးခြုံမိအောင် အချိန်ကာလသတ်မှတ်ပြီး သတ်မှတ်ချိန်အတွင်းဆောင်ရွက်ဖို့ဆိုတာ အလွန်အချိန်ယူရမယ့် ကိစ္စရပ်ဖြစ်တယ်လို့ ကျွန်တော်ခံစားမိပါတယ်။ ဒါကြောင့်မို့လို့ လက်ငင်းအရေးယူဆောင်ရွက်သင့်တာကိုသာလျှင် အလေးထားပြီးတော့တင်ပြပါရစေ။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ၁၉၈၇ ခုနှစ်မှာ ဖွံ့ဖြိုးမှုအနည်းဆုံး LDC ဆိုတဲ့နိုင်ငံအဆင့်ကိုကျရောက်သွားတဲ့ကာလအထိအောင် အင်္ဂလန်၊ အမေရိကန်၊ ဆွစ်ဇာလန်စတဲ့ နိုင်ငံတွေနဲ့ယှဉ်နိုင်တဲ့ထုတ်ကုန်ပစ္စည်းတစ်မျိုး ကျွန်တော်တို့မြန်မာနိုင်ငံကထုတ်လုပ်ခဲ့ပါတယ်။ ပြည်တွင်းပြည်ပအားလုံးက ရာနှုန်းပြည့်စံချိန်စံညွှန်းမီတယ်ဆိုပြီးလက်ခံထားရတဲ့ အဲ့ဒီပစ္စည်းကတော့ BPI လို့ခေါ်တဲ့ဆေးဝါးထုတ်ကုန်များ ဖြစ်ပါတယ်။ ကုန်ကြမ်းတွေကို အင်္ဂလန်နိုင်ငံကတင်သွင်းပြီးတော့ တတ်သိပညာရှင်သမားတော်ကြီးများကိုယ်တိုင်ကြီးကြပ်ထုတ်လုပ်ပြီးတော့ သူတို့ရဲ့အကြံဉာဏ်နဲ့ အင်္ဂလန်၊ အမေရိကန်စံနှုန်း

များနှင့်အညီထုတ်လုပ်ခဲ့တဲ့အတွက် စံချိန်စံညွှန်းဟာပြည်တွင်းမှာရော ပြည်ပမှာပါ ယုံကြည်စိတ်ချရတဲ့အတိုင်းအတာရှိခဲ့တာဖြစ်ပါတယ်။ အင်မတန်ဂုဏ်ယူစရာကောင်းတဲ့ကိစ္စပါ။ ဒါကိုဘာကြောင့်တင်ပြရသလဲဆိုတော့ ကျွန်တော်တို့မြန်မာနိုင်ငံကို ငှက်ဖျားဆေးအတုတွေ၊ ပဋိဇီဝဆေးအတုတွေနေ့စဉ်ဝင်ရောက်နေပါတယ်။ ဒါတွေဟာ လူသတ်လက်နက်တွေပါ။ ဒါတွေကိုအမြဲမပြတ်စောင့်ကြည့်အကဲခတ်ဖို့ စံချိန်စံညွှန်းမှီမမီဆုံးဖြတ်ပေးမယ့် အဖွဲ့အစည်းမှာနည်းပညာ၊ အတတ်ပညာ၊ ဘဏ္ဍာငွေကြေး၊ အဆောက်အဦ၊ ကရိယာတန်ဆာပလာ ဒါတွေဟာမရှိမဖြစ်လိုအပ်ပါတယ်။ မြန်မာနိုင်ငံမှာ အမေရိကန်နိုင်ငံမှာလိုပဲFDA ဆိုတဲ့စားသောက်ကုန်နှင့်ဆေးဝါးတွေကိုစောင့်ကြည့်အကဲခတ်တဲ့အဖွဲ့အစည်းရှိပါတယ်။ လက်ဖက်ထဲမှာ ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းမှာသုံးစွဲတဲ့ အဝါရောင်ဆေးသုံးထားတဲ့ကိစ္စကိုသာ လူသိရှင်ကြားထုတ်ဖော်ဆောင်ရွက်နိုင်ခဲ့တာရှိပါတယ်။ ဒါပေမယ့် ဆေးဝါးအားလုံး၊ စားသောက်ကုန်ပစ္စည်းအားလုံးကို ခြုံငုံလွှမ်းမိုးကိုင်တွယ်နိုင်ခြင်းမရှိလို့ လုပ်ငန်းထိရောက်အောင်မြင်နိုင်ခဲ့ခြင်းမရှိပါဘူး။ ဥပမာပြောရမယ်ဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာကလေးနို့မှုန့်ထဲမှာမယ်လမင်းဓာတုပစ္စည်းတွေ ပါဝင်နေပါတယ်။ ဒီဓာတုပစ္စည်းဟာပရိုတင်းအာဟာရပြည့်ဝတယ်လို့ထင်ရအောင် ထည့်သွင်း ထားခြင်းဖြစ်တယ်လို့သိရပါတယ်။ အဲ့ဒီပါဝင်မှုကြောင့် မယ်လမင်းပါဝင်မှုကြောင့် ကလေးငယ်တွေကျောက်ကပ်ပျက်သေဆုံးရတဲ့သတင်းတွေကို ဒီမိုကရက်တစ်မြန်မာ့အသံလို မီဒီယာတွေမှာပါသော်လည်းပဲ မြန်မာနိုင်ငံကိုဝင်ရောက်နေတဲ့ တရုတ်နို့မှုန့်အမျိုးမျိုး၊ တံဆိပ်အမျိုးမျိုးမှာဘယ်လိုပါဝင်နေတယ်ဆိုတာကို ကျွန်တော်တို့မသိခဲ့ရပါဘူး။ မယ်လမင်းမပါလို့တော့ ဟုတ်မယ်မထင်ပါဘူး။ မြန်မာ FDA က မစစ်ဆေးတာလား။ မစစ်ဆေးချင်အောင်လုပ်ထားတာခံရလို့လား။ ဒါကတော့ ကျွန်တော်လည်းမဆုံးဖြတ်နိုင်ပါဘူး။ ရှေ့က ကိုယ်စားလှယ်တော်ကြီးက မန္တလေးဘက်မှာ၊ တရုတ်ပြည်မှာ တိရစ္ဆာန်တောင်မစားတဲ့အဆီတွေ ဓာတုဆေးဝါးတွေနဲ့ရောစပ်ပြီးစားသုံးဆီအနေနဲ့ရောင်းချနေတဲ့သတင်းပြောသွားပြီးပါပြီ။ ဒါနဲ့ပတ်သက်ပြီးတော့ စံချိန်စံညွှန်းကိုဘယ်လိုတန်ဖိုးထားတယ်။ စားသောက်ကုန်လုပ်ငန်းတွေကို ဘယ်လိုအန္တရာယ်ကင်းအောင်ကြိုးစားတယ်ဆိုတာတွေကို နမူနာအဖြစ်တင်ပြပါရစေ။ အဲ့ဒါကတော့ ကမ္ဘာအနှံ့သွားလာနေတဲ့ကိုရီးယားလေကြောင်းလိုင်းဟာ သူတို့ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်တဲ့ အော်ဂင်းနစ်သီးနှံများကို

သာလျှင် သူတို့လေကြောင်းလိုင်းမှာတည်ခင်းဧည့်ခံတယ်။ ဒါကြောင့်မို့လို့ ကျန်းမာရေးအတွက် တာဝန်ယူတယ်ဆိုတာ ကျွန်တော်တို့ကြားသိခဲ့ရပါတယ်။ ဒါဟာလည်း စံချိန်စံညွှန်းကိစ္စပဲဖြစ်ပါတယ်။ နောက်တစ်ချက် ကမ္ဘာကျော် ဂျွန်ဆင်ဘေဘီပေါင်ဒါမှာတောင် ကလေးတွေကိုအဆိပ်သင့်စေတဲ့ ခဲဓာတ်တွေပါတယ်ဆိုတာ ကျွန်တော်တို့ ကြားသိရပါတယ်။ မီဒီယာတွေမှာပါ ပါတယ်။ သို့သော်လည်းပဲ ဝမ်းသာစရာကောင်းတာက ကျွန်တော်တို့ မြန်မာနိုင်ငံကထုတ်တဲ့ ဝိုင်အိုလက်ဆိုတဲ့ပေါင်ဒါကတော့ ခဲဓာတ်လုံးဝမပါဘူးဆိုတာ ကြားသိရပါတယ်။ ကျွန်တော်တို့ ဒီနေ့မနက် ပြည်သူ့လွှတ်တော်ကိုလာတဲ့အခါမှာ ရှေ့ကကားဟာ အသစ်ဖြစ်သော်လည်းပဲ ကာဗွန်မိုအောက်ဆိုက်လို့ခေါ်တဲ့မီးခိုးလုံးတွေ လုံးကနဲ လုံးကနဲထနေတာတွေ ကျွန်တော်တို့သတိထားမိပါတယ်။ ၁၉၉၈ ကစပြီးတော့ အစိုးရဌာနအသီးသီးကို စိုက်ပျိုးရေးသိပ္ပံတို့၊ တပ်မတော်တပ်ရင်း/တပ်ဖွဲ့အသီးသီးတို့ပေးတဲ့ကားတွေ လန်းဂျမ်းတို့၊ ဖောတို့ဆိုတဲ့ ကားအသစ်တွေ ကျွန်တော်တို့တွေ့ခဲ့ရပါတယ်။ သုံးလို့မှမကြာသေးဘူး။ မီးခိုးတွေလုံးနေအောင်ထွက်တာ တွန်းနှိုးရတာတွေရှိပါတယ်။ ဒါဟာ ဘာကိုဖော်ပြနေသလဲဆိုရင် စံချိန်စံညွှန်းထိန်းသိမ်းမှု တန်ဖိုးထားနိုင်စွမ်းလျော့နည်းလို့ မြန်မာနိုင်ငံသားများဟာ ပထမဦးဆုံးတရုတ်ထုတ်ကုန်ပစ္စည်းများ စမ်းသပ်သုံးစွဲရာအစမ်းသပ်ခံနယ်မြေတစ်ခုလိုဖြစ်နေတယ်လို့ ခံစားရတဲ့အတွက် ဒါကိုတင်ပြရခြင်းဖြစ်ပါတယ်။ဒါကို အလွန်သတိထားသင့်တဲ့အချက်ဖြစ်ပါတယ်။ ပြည်သူ့လူထုရဲ့အသိစိတ်ဓာတ်မြင့်မားဖို့လည်း ကျန်းမာရေး၊ ပညာရေး၊ နိုင်ငံရေးအသိစိတ်ဓာတ်မြင့်မားဖို့ကလည်း အင်မတန်အရေးကြီးပါတယ်။ နိုင်ငံတော်အစိုးရက အချို့သောယိုးဒယားဖြစ်အချိုရည်တွေ ဥပမာအားဖြင့် လစ်ပိုဗိုက်တာလိုဟာတွေမှာ စိတ်ကြွဆေးတွေပါတယ်ဆိုတာ အကြိမ်ကြိမ်သတိပေးနေသော်လည်းပဲ ရောင်းတဲ့သူကရောင်းကြသလို သုံးတဲ့သူကလည်းသုံးနေတာဖြင့် အင်မတန်ဝမ်းနည်းစရာကောင်းတဲ့ကိစ္စဖြစ်ပါတယ်။ ဆက်လက်ပြီးတင်ပြလိုတာက ယခင် ဦးနုအစိုးရလက်ထက်မှာ လမ်းကန်ထရိုက်တွေ၊ အဆောက်အဦကန်ထရိုက်တွေမှာ စံချိန်စံညွှန်းထိန်းဖို့အတွက် ပညာရှင်တွေရဲ့အခန်းကဏ္ဍဟာအင်မတန်ကြီးမားခဲ့ပါတယ်။ သူတို့က စံချိန်စံညွှန်းပြည့်မီကြောင်းထောက်ခံလက်မှတ်ထိုးပေးမှသာ ဒီလမ်း၊ ဒီတံတားကို နိုင်ငံတော်အစိုးရကလက်ခံအသုံးပြုရတာဖြစ်ပါတယ်။ စံချိန်စံညွှန်းနှင့်ပတ်သက်တဲ့ ကိစ္စရပ်တစ်ခုပါ။ ဘာကြောင့်ဒါကိုပြောရသလဲဆိုတော့ ဥပမာအားဖြင့် BOT စနစ်နဲ့ လမ်းကိုကန်ထရိုက်အဖွဲ့က

ယူတယ်။ မတန်တစ်ဆလမ်းကြေးတံတားကြေးတွေကောက်ခံတာသိတဲ့အတွက် နိုင်ငံတော်အစိုးရက သိန်းထောင်နဲ့ချီပြီးဒဏ်တပ်မယ်။ ဒါကြောင့် စံချိန်စံညွှန်းအာမခံထားတဲ့အတိုင်း နိုင်လွန်ကတ္တရာလမ်း သဖွယ်ဖြစ်အောင် လမ်းကန်ထရိုက်အဖွဲ့ကမလုပ်ပေးနိုင်တော့ အဲ့လိုအနေအထားမျိုးမှာ BOT နဲ့ ကန်ထရိုက်ယူထားတဲ့အဖွဲ့အစည်းထဲမှာလည်း ဥပမာအားဖြင့် ဒေသဆိုင်ရာဝန်ကြီးချုပ်ရဲ့ အမည်ကပါနေတော့ ဘယ်သူမှလည်းပဲထိထိရောက်ရောက်အရေးမယူခဲ့ကြဘူး။ ဒါမျိုးဆိုလို့ရှိရင် တရားဥပဒေစိုးမိုးမှုရဲ့အခန်းကဏ္ဍဟာ စံချိန်စံညွှန်းထိန်းသိမ်းရေးမှာ အင်မတန်အရေးပါတဲ့ အခန်းကဏ္ဍကပါဝင်နေပါတယ်ဆိုတာ ပေါ်လွင်နေပါတယ်။ ကျွန်တော်တို့ရဲ့ တရားဥပဒေသက်ရောက်မှုဟာ ဘယ်လောက်ထိအရေးပါသလဲဆိုရင် စံချိန်စံညွှန်းတွေဘယ်လောက်ပင်ရှိ စေကာမူ အကောင်အထည်ဖော်မယ့်အဖွဲ့အစည်းဟာ ချိနဲ့အားနည်းပြီးအလုပ်မလုပ်ရင် လာဘ်ပေးလာဘ်ယူရှင်သန်နေမယ်ဆိုရင် ပြည်သူတွေကိုအကာအကွယ်ပေးနိုင်မှာ အကျိုးပြုနိုင်မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ပြုစုပြဋ္ဌာန်းတဲ့ဥပဒေတွေဟာ သကြီန်အမြောက်လို စက္ကူမြောက်လိုဖြစ်နေမှာအမှန်ပါပဲ။ ဒါကြောင့် တရားဥပဒေစိုးမိုးမှုနှင့်ပတ်သက်ပြီးတော့ စံချိန်စံညွှန်းကိစ္စှာလေးစားစွာတင်ပြလိုတာက ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ဘဏ်နှင့်ပတ်သက်တဲ့ သုတေသီပညာရှင်တွေ၊ တိုင်ပြည်တစ်ခုအမှန်တကယ်အေးချမ်းသာယာအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် အကြီးမားဆုံးပါဝင်တဲ့ကဏ္ဍဟာ တန်ဖိုးအရှိဆုံးအရာဟာဘာလဲဆိုပြီးတော့ သုတေသနပြုကြည့်တဲ့အခါမှာတွေ့ရှိရတာကတော့ မြေပေါ်မြေအောက်ရေနံတို့၊ သဘာဝဓာတ်ငွေ့တို့၊ ကျောက်သံပတ္တမြားတို့ဆိုတဲ့ သယံဇာတတွေမဟုတ်ဘဲနဲ့ တရားဥပဒေစိုးမိုးမှုဆိုတဲ့အချက်ကိုသွားပြီး မြင်ကြရပါတယ်။ တရားဥပဒေစိုးမိုးမှုနှင့်ပတ်သက်ပြီးတော့လည်း ပညာရှင်တွေဟာ စံချိန်စံညွှန်းတစ်ခုသတ်မှတ်ထားတာရှိပါတယ်။ အဲ့တာကတော့ တရားဥပဒေစိုးမိုးမှု (Rule of Law Index) စံချိန်စံညွှန်းဖြစ်ပါတယ်။ ဗဟုသုတအဖြစ်တင်ပြရမယ်ဆိုရင် အမှတ် ၁၀၀ ပေးရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ၄၆ မှတ်၊ ဗီယက်နမ်/ကမ္ဘောဒီယားဆိုတဲ့နိုင်ငံတွေက ၁၅ မှတ်၊ ၁၆ မှတ်ရနေတဲ့အချိန်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့တရားဥပဒေစိုးမိုးမှုစံချိန်စံညွှန်းကတော့ ၃.၈ ပဲရှိတယ်ဆိုတာကို ဝမ်းနည်းဖွယ်တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ အကျင့်ပျက်ခြစားမှုနှင့် လာဘ်ပေးလာဘ်ယူမှုအများဆုံးနိုင်ငံတွေထဲမှာလည်းပဲ မြန်မာနိုင်ငံပါနေတယ်ဆိုတာကြားသိရပါတယ်။ ဒါတွေ

တိုးတက်အောင်လုပ်ထားမှ ကဏ္ဍအသီးသီး၊ နယ်ပယ်အသီးသီးစီမံချိန်စံညွှန်းတွေအလုပ်ဖြစ်မှာပါ။ ဒါကြောင့် မည်သည့်ကာမတ္တအစိုးရ၊ ဟန်ရေးပြလွှတ်တော်လောက်နဲ့ ဒီ စံချိန်စံညွှန်းကိစ္စတွေကို အကောင်အထည်ဖော်နိုင်ဖို့ဆိုတာ အင်မတန်မှခဲယဉ်းပါလိမ့်မယ်။

ဥက္ကဋ္ဌကြီးနှင့် လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဒါကြောင့် နိဂုံးချုပ်အနေနဲ့ ပြည်ထောင်စုအကျိုး၊ ကိုယ်စားလှယ်တော်ကြီးများရဲ့အကျိုးကို ဦးထိပ်ပန်ဆင်ပြီး လေးစားစွာ တင်ပြရမယ်ဆိုလျှင် မလှိုင် ဦးအေးမောက်ရဲ့အဆိုကို အောင်မြင်စွာအကောင်အထည်ဖော်ရလေ အောင် တရားဥပဒေစိုးမိုးရေး၊ ပြည်ထောင်စုနိုင်ငံတော်ကြွယ်ဝချမ်းသာသာရေး၊ မဏ္ဍိုင်လေးရပ် စလုံး အားကောင်းမောင်းသန်ဖြစ်လာစေရေး၊ ပြည်သူအားလုံး နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး အသိစိတ်ဓာတ်နိုးကြားလာစေရေးစတာတွေကို ပါတီစွဲ၊ ဂိုဏ်းဃနစွဲမထားဘဲနဲ့ တစ်ကယ့်ကို အမျိုးသားရေးတာဝန်ကြီးတစ်ခုလို သဘောထားပြီးတော့ အမှန်တကယ်ပြည်သူလူထုအကျိုးငှာ ပြည်သူကတင်မြှောက်တဲ့ ပြည်သူကဖယ်လို့ရတဲ့ ပြည်သူ့အစိုးရတစ်ရပ်၊ ပြည်သူ့လွှတ်တော် တစ်ရပ်အစဉ်အမြဲရှင်သန်ထက်မြက်နေအောင် အားလုံးဝိုင်းဝန်းကြိုးစားသင့်ကြပါတယ်လို့ လေးစားစွာဆွေးနွေးလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာစားသုံးရန်အတွက် အစည်းအဝေးကို (၁)နာရီခန့်ရပ်နားပါ့မယ်။

**အချိန်၊ ၁၂း ၄၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ နေ့လည်ပိုင်းအစည်းအဝေးကို ၁၃း၄၅ နာရီမှာ ဆက်လက် ကျင်းပမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[** အစည်းအဝေးကို (၁)နာရီခန့်ရပ်နားပါသည်။ **]**

**အချိန်၊ ၁၃း၄၅။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဆက်လက်ကျင်းပပါ့မယ်။ ဦးခိုင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားချစ်ခင်ရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ဖြစ်ပါတယ်။ ကျွန်တော် ယခု ဦးအေးမောက်၊ မလှိုင် မဲဆန္ဒနယ်ရဲ့အဆိုကိုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးများကလည်း ရှေ့ကစုံစုံလင်လင်ဆွေးနွေးသွားပြီဖြစ်တဲ့အတွက် ကျွန်တော်အကျဉ်းတင်ပြဆွေးနွေးသွားမှာဖြစ် ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုမှာ ကဏ္ဍအသီးသီး၊ နယ်ပယ်အသီးသီးအတွက် စံချိန်စံညွှန်း ဥပဒေတစ်ခုပြဋ္ဌာန်းနိုင်ရေးအတွက် သတ်မှတ်ကာလအတွင်းဆောင်ရွက်နိုင်ရေးဆိုတဲ့ ဦးတည် ချက်ဖြစ်ပါတယ်။ အဆိုရှင်ရဲ့ဆွေးနွေးချက်ပါစံသတ်မှတ်မှုမရှိ၍ စံချိန်စံညွှန်းမမီတဲ့ပစ္စည်းများ ပရမ်းပတာဝင်ရောက်မှုကို မိမိနိုင်ငံအနေနဲ့လက်ခံနေရခြင်း၊ ဒီစံချိန်မမီတဲ့ထုတ်ကုန်တွေ ဈေးကွက်မှာနေရာယူနေပြီး ပြည်တွင်းလုပ်ငန်းများအသက်ဝအောင်ရှုနိုင်ဖို့ခက်ခဲနေတာတွေ့ရ ပါတယ်လို့ဆိုထားပါတယ်။ စံချိန်စံညွှန်းသတ်မှတ်နိုင်ရေးမှာ ကုန်ပစ္စည်းစံ၊ လုပ်သားများ ကျွမ်းကျင်မှုစံ၊ ပညာရှင်ကျွမ်းကျင်မှုစံ၊ နည်းပညာစံနှင့် စံချိန်မီတည်ဆောက်ရမယ့်စက်ရုံ လုပ်ငန်းပေါင်းစုံပါဝင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ စံချိန်စံညွှန်းသတ်မှတ်၍မရနိုင်တဲ့ သတ်မှတ်ချက်မဲ့တဲ့ စံမမီတဲ့ လူသုံးကုန်၊ စားသောက်ကုန်နှင့် စက်ရုံအလုပ်ရုံများအထိများပြား ပြန့်ကျဲနေတာတွေ့ရှိရပါတယ်။ ခေတ်ကာလကြာမြင့်စွာစံချိန်မမီဆေးဝါးများ၊ စားသောက်ကုန် များ၊ စံမမီတဲ့ဆောက်လုပ်ရေးလုပ်ငန်း၊ စံမမီတဲ့စီမံကိန်းနှင့် လုပ်ငန်းပေါင်းများစွာရှိခဲ့ပါတယ်။ ရှေ့ကဆောက်ပြီးသွားပြီ။ နောက်မှာယိုယွင်းပျက်စီးနေတာ ရှေ့ကတံတားအသစ်ကြီးဖွင့်ပွဲလုပ်

တယ်။ နောက်ဖက်မှာမြေတွေကျွံကျပြီးတော့မှ သဲတွေနဲ့အမြန်ဖုံးပြီး ဖွင့်ပွဲမှာမမြင်အောင်လို့ ဖုံးဖိခဲ့ရတာတွေတွေ့ခဲ့ပါတယ်။ တိုက်အသစ်ဆောက်ပြီးတော့ နေခွင့်ရလို့တိုက်ပေါ်တက်လိုက်တဲ့အခါမှာ အက်ကြောင်းတွေလိုက်နေပါတယ်။ ဒါတွေနဲ့ပဲနေရတဲ့ပြည်သူတွေက တစ်ခါတစ်ခါမှာ ကျွန်တော်တို့အလုံမှာတွေ့ခဲ့ပါတယ်။ တိုက်သစ်ကြီးက ကျွံကျသွားတဲ့ကိစ္စ အဲ့လိုမျိုးအရေးပေါ်ဖြစ်လာတဲ့အခါမှာ ကျွံတဲ့အနေအထားက အောက်ဖက်ကမြေသားနိမ့်လို့လား။ အောက်မှာ အဝီစိတွင်းတွေ၊ မြေအောက်ရေတွင်းတွေတူးလို့လား။ တိုက်ရဲ့တည်ဆောက်ပုံနည်းစနစ်မမှန်လို့လား။ မခွဲခြားနိုင်ပေမယ့် အဲ့ဒီတိုက်မှာနေတဲ့သူတွေက ယာယီအားဖြင့် ရက်ပိုင်းဖယ်ရှားခံရပါတယ်။ ပြီးတော့ အဲ့ဒီတိုက်ကြီးကို အခုဒီအတိုင်းပဲဆက်လက်နေထိုင်နေတာတွေ့ရပါတယ်။ ဒါဟာ စံမမီတဲ့ကိစ္စတွေဖြစ်ပါတယ်။ အဲ့တော့ ကျွန်တော်တို့နိုင်ငံမှာ ခေတ်ကာလကြာမြင့်တာနဲ့ စံမမီဆေးဝါးတွေ၊ စားသောက်ကုန်များရဲ့ရိုက်ခတ်မှုဒဏ်ကို ကျွန်တော်တို့ပြည်သူတွေက အလူးအလဲခံစားလာခဲ့ကြရပါတယ်။ ဒေသတွင်းနိုင်ငံများရဲ့ စံချိန်မဲ့ဈေးကွက်ကြီးအဖြစ် မိမိတို့ရဲ့နိုင်ငံနှင့်ပြည်သူတွေရပ်တည်ပေးနေရသလိုဖြစ်ခဲ့ပါတယ်။ ဒီစံမမီပစ္စည်းများတစ်ချို့မှာ လုံးဝ ဒီစံဆိုတဲ့စကားရပ်နဲ့မသက်ဆိုင်တဲ့ပစ္စည်းအတုများအပြင် အဆိပ်အတောက်ဖြစ်စေတဲ့ ဓာတုပစ္စည်းများအမြောက်အများမိမိတို့နိုင်ငံကိုဝင်ရောက်ခဲ့သလို ဝင်ရောက်နေဆဲ နောက်ထပ်လည်း ဝင်ရောက်လာဦးမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများ မှတ်မိကြားသိခဲ့ကြမှာဖြစ်ပါတယ်။ မနက်က လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတာတွေ့ပါတယ်။ မယ်လမင်းနို့မှုန့်ကြောင့် ဒုက္ခရောက်ခဲ့တဲ့ ကလေးတွေ၊ ဆေးဝါးအတုတွေ မကြာခဏဈေးကွက်ထဲမှာရှာဖွေဖမ်းဆီးဖျက်ဆီးခြင်းကိုပြုနေရတာရှိပါတယ်။ ကြက်ဥအတု၊ ဆန်အတုအဆိပ်သင့်လို့ ရဲတပ်ဖွဲ့ဝင်မိသားစုသေဆုံးကြရတဲ့အထိဖြစ်ခဲ့တဲ့ခြင်ဆေးခွေ တစ်ခြားပစ္စည်းမြောက်များစွာရှိပါတယ်။ မေလအတွင်း အအေးဘူးထဲမှကလိုရင်းပါလို့ဆိုပြီးတော့ ထုတ်လုပ်တဲ့နိုင်ငံမှာတော့ဖျက်ဆီးခဲ့ပေမယ့် ကျွန်တော်တို့နိုင်ငံမှာတော့ မဖျက်ဆီးခဲ့ပါဘူး။ ယခုလက်ရှိမှာ မရားမဲ့ဝင်ရောက်လာတဲ့မြောင်းဆီကိစ္စ မနက်ကဦးကိုကြီးတင်ပြသွားတာတွေ့ပါတယ်။ ဒီဆီတွေဟာ စံချိန်စံညွှန်းဘောင်ကျော်နေတဲ့ မသန့်ရှင်းတဲ့ညစ်ညမ်းတဲ့ အဆိပ်ဖြစ်တဲ့ဓာတုပစ္စည်းတွေ ဆီဟာဆီစစ်ရင်မခဲဘူးဆိုတော့ မခဲအောင်ခဲမှတ်တွေပြုပြင်ပြီးတော့ နိုင်ထရိုဂျင်ထည့်ပြီးတော့ မြောင်းဆီတွေ၊ ညစ်ပတ်တဲ့ဆီတွေကို အနံ့တွေဖျောက်ပြီးတော့ ဒါတွေကိုတစ်ခါပြန်ပြီးတော့မှ ပဲဆီဖြစ်ဖို့ပဲဆီအနံ့ထည့်ပြီး

တော့မှပြန်ရောင်းတာမျိုး အဲ့တော့ ဒါတွေနှင့်ပတ်သက်ပြီးတော့ဆီအဖြစ်တောင်မှတ်မှတ်လို့ မရတဲ့အနေအထားကနေ စားသုံးဆီဆိုပြီးတော့ ကျွန်တော်တို့နိုင်ငံမှာတင်သွင်းရောင်းချနေတာ တွေ့ရပါတယ်။ ဒီကိစ္စနှင့်သက်ပြီး ကျွန်တော့်အနေနဲ့ နိုင်ငံတကာမှာကျင့်သုံးတဲ့ Consumerize ဆိုတာကို အဆိုတစ်ရပ်အဖြစ် လွှတ်တော်မှာစားသုံးသူကာကွယ်ရေးဥပဒေဆိုတဲ့အဆိုကို လွှတ်တော်ကိုတင်ထားခဲ့ပါတယ်။ ဒါဟာဆိုရင် AFTA မလာမီကျွန်တော်တို့နိုင်ငံမှာ ဆောင်ရွက်ရမယ့်ကိစ္စတစ်ခုဖြစ်တဲ့အတွက် လွှတ်တော်မှာအဆိုတစ်ခုတင်ထားတာဖြစ်ပါတယ်။ ရှေ့က ကိုယ်စားလှယ်တော်ကြီးများဆွေးနွေးရာမှာပါဝင်ခဲ့တဲ့ ဓာတုဆေးဝါးသုံးစွဲတဲ့စားသောက် ကုန်များကြောင့်ဖြစ်ပေါ်လာတဲ့ရောဂါများမှာ ရှေးယခင်က ကျွန်တော်တို့နိုင်ငံမှာ အပြောအဆို အကြားနည်းခဲ့ရတဲ့ ကင်ဆာရောဂါဟာ အခုရေပန်းစားနေတာစိတ်မချမ်းသာစွာတွေ့ရပါတယ်။ ကင်ဆာရောဂါအတွက် ဓာတ်ကင်စက်လို့ခေါ်တဲ့စက်က ကျွန်တော်တို့နိုင်ငံတစ်နိုင်လုံးမှာ သုံးနေ ရာပဲရှိပါတယ်။ ရန်ကုန်ရယ်၊ မန္တလေးရယ်၊ တောင်ကြီးရယ် အဲ့ဒီဓာတ်ကင်စက်ကိုစောင့်ဆိုင်းနေ ရတဲ့လူနာတွေဟာ ရန်ကုန်မှာ ခြောက်လစောင့်ရပါတယ်။ မန္တလေးမှာ သုံးလလို့ပြောပါတယ်။ တောင်ကြီးမှာ နှစ်လလို့ကြားပါတယ်။ အဲ့ဒီ တစ်ခါဓာတ်ကင်ဖို့အတွက်ကို အဲ့ဒီလို တန်းစီနေရတဲ့ သူတွေ အခုဓာတ်ကင်စက်တွေရောက်လာပါပြီဆိုပြီးတော့ စက်သစ်ကြီးတွေရောက်လာပါတယ်။ ဒါပေမယ့် ဘာဖြစ်လဲဆိုတော့ အဲ့ဒီဓာတ်ကင်စက်ကိုကိုင်တွယ်ရမယ့် နည်းပညာကျွမ်းကျင် လုပ်သား စံမီတဲ့ကျွမ်းကျင်လုပ်သား စံမီတဲ့ပညာရှင်လိုအပ်နေပါတယ်။ ရန်ကုန်မှာရောက်နေတဲ့ စက်သစ်ကြီးတွေအားလုံး အခုတစ်လုံးပဲသုံးနိုင်ပါတယ်။ အခုသုံးလုံးဟာဘာလုပ်နေလဲဆိုရင် ပြင်နေရတယ်။ အဲ့ဒီ ပြင်ဖို့အတွက်ကို ပညာရှင်ကနိုင်ငံခြားကခေါ်ရပါတယ်။ အဲ့ဒီပညာရှင်က မြန်မာနိုင်ငံကို ဗီဇာမရလို့ပထမတစ်ခေါက်ကပြင်ဖို့ရပ်ဆိုင်းနေတဲ့အတွက် ပြောမယ်ဆိုရင် ကင်ဆာဝေဒနာသည်တွေဟာ သေမယ့်ရက်ကိုစောင့်နေရသလိုဖြစ်ခဲ့ပါတယ်။ ဒီကိစ္စအတွက် ပြီးခဲ့တဲ့ လွှတ်တော်တွေတုန်းက ကျွန်တော်တို့တော်တော်များများဆွေးနွေးခဲ့ကြတာတွေ့ရပါ တယ်။။ ဒါပေမယ့် ကင်ဆာစက်ဟာလုံလောက်ပြီလားဆို့တော့ မလုံလောက်သေးပါဘူး။ မလုံလောက်ဘဲနဲ့ အဲ့ဒီကင်ဆာစက်ကိုကိုင်တွယ်မယ့်သူတွေ နည်းပညာကျွမ်းကျင်တဲ့ စံမီတဲ့ ပညာရှင်လည်းလိုအပ်နေပါတယ်။ အဲ့ဒီမှာ အခုပြင်နေရတယ်ဆိုတာက ကျန့်ကြာမှုရှိနေပါတယ်။ စက်တစ်လုံးဟာ တစ်ကယ်တမ်းဆို လူ ၅၀ ပဲရိုက်ဖို့သင့်တာဖြစ်ပါတယ်။ ဒါပေမယ့် ၁၀၀ နဲ့ ၁၂၀

ကြားမှာ တစ်နေ့ကိုရိုက်နေရတာဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ကင်ဆာရောဂါသည်တွေများ နေလို့ပါ။ အဲ့တော့ ကျွန်တော်တို့ဟာ ဒီ မကြာသေးမီက ကင်ဆာကုသစရိတ်မရှိလို့ ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားတဲ့ဖြစ်ရပ်ကိုလည်း ဝမ်းနည်းစွာကြားခဲ့ရပါတယ်။ ဒီ ကင်ဆာစက်တွေကို ကိုင်မယ့်ကျွမ်းကျင်ဝန်ထမ်းတွေကို စံချိန်စံညွှန်းနဲ့မီတဲ့ပညာရှင်တွေမွေးထုတ်ပေးဖို့ ဒီမှာလည်း လိုအပ်နေကြောင်းတင်ပြလိုပါတယ်။ ကင်ဆာဌာနမှာသင်တန်းသား ၃၀ ဦးရှိခဲ့ပါတယ်။ အဲ့ဒီ ၃၀ က ပထမတစ်နှစ်သင်တန်းပေးပြီးသွားတဲ့အခါမှာ အကြောင်းအမျိုးမျိုးကြောင့် သင်ကြားပေး မယ့်ပညာရှင်အခက်အခဲအခြေအနေကြားထဲက တစ်ခြားအခက်အခဲတွေကြောင့် ဒုတိယနှစ် တက်ရမယ့် ကျန်သေးတဲ့တစ်နှစ်ကိုမသင်ရတော့ဘဲနဲ့ အဲ့ဒီပညာရှင်တွေဟာ အံ့ဩစွာပဲ စံချိန်စံညွှန်းမမီတဲ့ ဆေးပညာရှင်တွေဖြစ်နေတာကိုတွေ့ရှိခဲ့ရပါတယ်။ အဲ့ဒီပညာရှင်တွေက တစ်ပိုင်းတစ်စပညာတန်းလန်းနဲ့ရပ်လိုက်ရတဲ့အတွက် သူတို့မှာ ဒီကင်ဆာနှင့်ပတ်သက်တဲ့ Work မှာပဲတာဝန်ထမ်းဆောင်ရမှာလား။ တစ်ခြားမှာထမ်းဆောင်ရမှာလား။ အဲ့လိုပဲ ကျွန်တော်တို့ဆီမှာ ကင်ဆာကုသမယ့်စက်ပစ္စည်းတွေ၊ ဆက်စပ်တဲ့စက်ပစ္စည်းတွေအခက်အခဲရှိတဲ့အတွက် ကင်ဆာ နဲ့ဘွဲ့ယူထားတဲ့ ဆရာဝန်တွေသည်ပင်လျှင် တစ်ခြား Work မှာတာဝန်ထမ်းဆောင်နေရတာကို တွေ့ရပါတယ်။ ဒါဟာဆိုရင် ကျွန်တော်တို့ ဒီ စံချိန်စံညွှန်းမီဖို့ကိစ္စရပ်တွေဖြစ်ပါတယ်။ အဲ့တော့ ကျွန်တော်တို့နိုင်ငံအတွက် အမှန်တကယ်လိုအပ်နေတာကို သာဓကများထုတ်နုတ်တင်ပြဖို့ အများကြီးရှိပါတယ်။ ဒါပေမယ့် ဤမျှနဲ့ဆိုရင် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ အနေနဲ့ ဒီကဏ္ဍအသီးသီးနှင့် နယ်ပယ်အသီးသီးအတွက် စံချိန်စံညွှန်းများရေးဆွဲသတ်မှတ်ပြီး ဥပဒေပြဋ္ဌာန်းနိုင်ရန် အချိန်ကာလသတ်မှတ်ပြီး သတ်မှတ်ချိန်အတွင်းဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်းအဆိုမှာ နိုင်ငံနှင့် လူမျိုးအတွက်တကယ်လိုအပ်တဲ့ အဆိုတစ်ခုဖြစ်ပါတယ်ဆိုတာတင်ပြရင်း အဆိုကိုထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒေါက်တာဇော်မြင့်မောင်၊ ကျောက်ပန်းတောင်း မဲဆန္ဒနယ်မှဆွေးနွေးဖို့ဖြစ်ပါ တယ်။

**ဒေါက်တာဇော်မြင့်မောင်(ကျောက်ပန်းတောင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝင်ပုဂ္ဂိုလ်များ၊ အစည်းအဝေးကိုတက်ရောက်လာကြသော လွှတ်တော်

ကိုယ်စားလှယ်များအားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ကျွန်တော် ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင်ဖြစ်ပါတယ်။ ဒီကဏ္ဍနယ်ပယ်အသီးသီးမှာ စံချိန်စံညွှန်းများချမှတ်ပြီး ဥပဒေကိုသတ်မှတ်ကာလအတိုင်းပြဋ္ဌာန်းပေးဖို့ဆိုထားတဲ့အဆိုကို ကျွန်တော်အကြံပြုနွေးနွေးမှာ ဖြစ်ပါတယ်။ ကဏ္ဍအသီးသီးဆိုလိုက်တဲ့အတွက် ကျွန်တော်ထင်ပါတယ်။ ကျွန်တော်တို့ ဌာနဆိုင်ရာအားလုံးပါဝင်သွားပါလိမ့်မယ်။ တချို့ဥပဒေများဟာ ရေရှည်အတွက်ဖြစ်ပါတယ်။ တချို့ဥပဒေများဟာ လက်ငင်းကြုံတွေ့နေရတဲ့ခံစားမှုများကိုကာကွယ်ဖို့ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့လမ်းညွှန်ချက်နဲ့ လွှတ်တော်ရဲ့အသံဟာ ပြည်သူ့ရဲ့အသံဖြစ်ရမယ်လို့ဆိုပါတယ်။လွှတ်တော်ရဲ့ဆန္ဒဟာ ပြည်သူ့ဆန္ဒဖြစ်ရမယ်လို့ပြောပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ပြည်သူတချို့ဟာ အသိပညာနိမ့်ပါး ပါတယ်။ ကျန်းမာရေးဗဟုသုတနိမ့်ပါးပါတယ်။ အဲ့ဒီတော့ အသံတိတ်နေတဲ့ ကျွန်တော်တို့ ဆင်းရဲဒုက္ခတွေကို ပြည်သူ့အကျိုးကို ကာကွယ်ပေးဖို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များမှာ တာဝန်ရှိတယ်လို့ ကျွန်တော်ခံယူထားပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့လောလောလတ်လတ် လှုပ်နှိုးလိုက်တဲ့ အဖြစ်အပျက်ကလေးရှိပါတယ်။ အဲ့ဒါကတော့ မန္တလေးမှာ ကြက်ဥအတုတွေ ပေါ်လာပါတယ်။ ဝက်နားရွက်အတုတွေ ပေါ်လာပါတယ်။ ဒါဟာ နွမ်းပါးတဲ့လူထုအတွက်တော့ ဒါဟာ ဒုက္ခပါပဲ၊ ဒါဖြင့်ရင် ဒီအစားအသောက်လုံခြုံမှုဟာ အောက်ခြေလူတန်းစားတွေအတွက်အရေးကြီးပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တစ်ချိန်ကလွှတ်တော်ကိုယ်စားလှယ်ကြီးများလည်း ပြောပြီးသွားပါပြီ။ နို့မှုန့်ထဲမှာ Melamine ပါတယ်။ လက်ဖက်ထဲမှာ ချည်ဆိုးဆေးပါတယ်။ FDA ဆိုတဲ့အဖွဲ့ကြီးကလည်း ထုတ်ဖော်ပြီးတော့ ပြည်သူလူထုကို တင်ပြခဲ့ပါတယ်။ ဒါပေမယ့် ပြန်ပြီးတော့ မှေးမှိန်သွားပါတယ်။ ဒါဖြင့်ရင် ကျွန်တော်တို့FDA မလုပ်ဘူးလားဆိုတော့လုပ်ပါတယ်။ ဒါပေမယ့် FDA ကြီးဟာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်လောက်အောင် ဘဏ္ဍာရေးရော ရပါရဲ့လား။ ဝန်ထမ်းအင်အားရောရှိရဲ့လား။ ခေတ်မီနည်းပညာတွေရောရှိပါရဲ့လားဆိုတာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ ပြန်လည်ဆန်းစစ်သင့်ပါတယ်။ ဥပမာဆိုပါစို့ ယနေ့စာသုံးဆီကို အထက်က လွှတ်တော်ကိုယ်စားလှယ်များလည်း ပြောသွားပါတယ်။ မန္တလေးမှာ အကြီးအကျယ်ဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့တတွေဟာ အင်အားကြီးနိုင်ငံ ၂ နိုင်ငံကြားမှာနေရတဲ့အခါ ဒီမိုကရေစီဖြစ်တဲ့အတွက် လွတ်လပ်တဲ့ဈေးကွက်လည်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ တခြားနိုင်ငံတွေရဲ့ မျက်စိကျစရာ၊ လက်တည့်စမ်းစရာ ဈေးကွက်ဖြစ်လာပါတယ်။ အဲဒီတော့ ကျွန်တော်တို့တတွေ ပုံမှန်ကုန်သွယ်ရေးရှိပါတယ်။ နယ်စပ်ကုန်သွယ်ရေးရှိပါတယ်။ ဒါပေမယ့် သတိမမူတဲ့ တရား

မဝင်ကုန်သွယ်ရေးလေးလည်း ဂရုစိုက်ဖို့လိုမယ်ထင်ပါတယ်။ ကြက်ဥအတုတွေ၊ ဝက်နားရွက်အတုတွေ၊ ဆေးဝါးအတုတွေအားလုံးက တရားမဝင်လမ်းကြောင်းက ဝင်လာတယ်လို့ထင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့တတွေ စံချိန်စံညွှန်းတွေသတ်မှတ်ပြီးတော့ ဥပဒေ ဘယ်လိုပင်ပြဋ္ဌာန်းပြဋ္ဌာန်း ဒီဥပဒေတွေရဲ့ သက်ရောက်မှု၊ သက်ဝင်မှု ပြည်သူလူထုကို ဘယ်လောက်ထိအကာကွယ်ပေးနိုင်သလဲ ဆိုတာ စောင့်ကြည့်ဖို့အဖွဲ့တွေလိုအပ်လာမှာဖြစ်ပါတယ်။ အစိုးရဌာနတွေအနေနဲ့ ဥပဒေပြဋ္ဌာန်းပြီးတော့ ဒီဥပဒေကို သက်ဝင်အောင်မလုပ်နိုင်ဘူးဆိုရင် ကျွန်တော်တို့တာဝန်မကျေပါဘူး။ အဲဒီတော့ ဆေးဝါးအတုမသွားခင် အစားအစာအတုလေးတွေ စားသောက်ကုန်နဲ့ပတ်သက်လို့ ကျွန်တော်ပြောချင်ပါတယ်။ လူကြီးတွေရဲ့ စားသောက်ကုန်တွေ အကုန်ပြောသွားပါတယ်။ ကျွန်တော်တို့ အနာဂတ်ခေါင်းဆောင် ကလေးလေးတွေရဲ့စားသောက်ကုန်တွေ ဂရုမပြုဘဲနေလို့မရပါဘူး။ ဥပမာ- ကျောင်းတွေမှာ ကနေ့ မုန့်ဆိုင်လေးတွေရောင်းနေပါတယ်။ ဒီမုန့်ဆိုင်လေးတွေမှာ ကလေးလေးတွေ စားသောက်ချင်စိတ်ရှိလာအောင် စွဲဆောင်ထားတဲ့အရောင်အမျိုးမျိုးပါနေပါတယ်။ ဒီအရောင်အမျိုးမျိုးဟာ စားသုံးရမယ့်အရောင်တွေလား။ ချည်ထည်ဆိုးဆေးအရောင်တွေလားဆိုတာ ကျွန်တော်တို့ တစ်ခါမှ ခွဲခြားသတ်မှတ်ပေးတာမကြားမိပါဘူး။ အချိုရည်တွေ အများကြီးတံဆိပ်မျိုးစုံနဲ့ရှိနေပါတယ်။ ဂျယ်လီများ ရှိနေပါတယ်။ တချို့ဂျယ်လီများဟာ ရေထဲထည့်ရင်ပလပ်စတစ်ဖြစ်သွားတယ်လို့ ပြောပါတယ်။ အဲဒီတော့ ဒီကလေးသူငယ်များအတွက် အစားအသောက်ကို ကာကွယ်ပေးဖို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ ဘယ်လိုပဲ ဥပဒေနဲ့ပြဋ္ဌာန်းပြဋ္ဌာန်း ကျောင်းသားမိဘဆရာ မပါဘဲနဲ့ ကျွန်တော်တို့ မအောင်မြင်နိုင်ပါဘူး။ အဲဒီတော့ ကျွန်တော်တို့တတွေ ဥပဒေပြဋ္ဌာန်းတဲ့အခါမှာ မိဘတွေရဲ့အမြင်တွေ ဆရာတွေရဲ့အမြင်လည်း လိုအပ်ကြောင်း ကျွန်တော်အကြံပြုချင်ပါတယ်။ အစားအသောက်တင်လားဆိုလို့ရှိရင် ကလေးလေးတွေမှာ ကစားစရာတွေ ကျွန်တော်တို့နိုင်ငံမှာ နယ်စပ်ကုန်သွယ်ရေးကနေဝင်လာတဲ့ ကစားစရာပစ္စည်းလေးတွေရှိပါတယ်။ ဒီကစားစရာလေးတွေဟာ ကလေးသူငယ်တွေ ကစားသင့်သလားဆိုတာ အရင်ဆုံး ကျွန်တော်ဘက်က စမ်းသပ်ဖို့လိုအပ်မယ်ထင်ပါတယ်။ တချို့ကစားစရာ ပစ္စည်းများဟာ ခဲတွေပါဝင်မှုနှုန်းများပါတယ်။ ကလေးလေးတွေ ခဲဆိပ်သင့်ရင် ဉာဏ်ရေနိမ့်ပါးပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် အနာဂတ်ခေါင်းဆောင်လေးတွေ ဆုံးပါးသွားနိုင်ပါတယ်။ ဒီနေရာမှာ လူကြီးတွေနဲ့ပတ်သက်လို့ ကျွန်တော်တစ်ချက်ဆွေးနွေးချင်းပါတယ်။ အစားအသောက်မပြောချင်ပါဘူး။ အရည်အကြောင်းပြောချင်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကို ယမကာ အရက်အကြောင်းဆွေးနွေးခွင့်ပြုပါ။ ဒါကျွန်တော်တို့ ဒီစကားလည်းကျွန်တော်

ပြောရတာမဝံ့မရဲပါ။ ကျွန်တော်တို့ အဆိုတစ်ခုကြားနေရပါတယ်။ အရက်ဟာမအိုဆေးပါ၊ဘာကြောင့် မအိုတာလဲဆိုတော့ အရွယ်မရောက်ခင် လူငယ်တွေသေသွားလို့ပါ။ ဒါတနည်းပြန်ကြည့်ရမယ် ဆိုလို့ရှိရင် တိုင်းပြည်အတွက်အလုပ်လုပ်နိုင်မဲ့ အင်အားစုလျော့ပါးသွားတာ ဝမ်းနည်းစရာကောင်းပါ တယ်။ နောက်တစ်ခုထပ်ပြောပါတယ်။ လက်ဖက်ရည်ဆိုင်ဖွင့်ရတာ ခက်ချက်ခက်ပေမဲ့ အရက်ဆိုင်ဖွင့် ဖို့လွယ်ပါတယ်။ ဒါဟာလည်းမကောင်းပါဘူး။ ဒီလိုမဖြစ်သင့်ပါဘူး။ ဒါဖြင့်အရက်ဆိုင်တွေ မှိုလိုပေါက် နေတာ နောက်ထပ်ထပ်ပြီးအရက်ဆိုင်တွေဖွင့်ခွင့်ပြုမှာလား။ ဒါကိုစံချိန်စံညွှန်းလေးနဲ့သက်မှတ် ပြီးတော့ လုပ်ဖို့သင့်ပါတယ်။ ကနေ့ဘယ်နေရာမှာသွားသွား ဘီယာဆိုင်တွေ၊ Rum Station တွေဆို အများကြီး ရှိနေပါတယ်။ တကယ်ရော ဒီဆိုင်တွေဟာ ၁၈ နှစ်အောက် လူငယ်တွေကိုမရောင်းဘူးလို့ ဘယ်သူ အာမခံပါသလဲ။ ဘယ်သူရောသွားရောက်စစ်ဆေးနေပါသလဲ။ အဲဒီတော့ ဒီအရက် Alcohol ပါဝင်မှုနှုန်း ကျွန်တော်တို့ဘယ်လောက်တိုင်းတာပြီးပြီးလဲဖြစ်ပါသလဲ။ အရက်တွေတံဆိပ်အမျိုးမျိုးနဲ့ ထွက်ပါတယ်။ ဒီ ၁ လမှာ တံဆိပ်တစ်မျိုးမျိုးဖြစ်ပေမယ့် နောက်တစ်လမှာ တံဆိပ်တစ်မျိုးမျိုး ဖြစ်ပါတယ်။ TV တွေထဲမှာ မကြော်ငြာရဘူးလို့ပြောပေမယ့် လမ်းဘေးတွေမှာ စာရွက်တွေနဲ့ကပ် ထားတာ အများကြီးပါပဲ။ အဲဒီတော့ ဒီ Alcohol ပါဝင်မှုနှုန်းဟာအရေးကြီးပါတယ်။ အသည်းကို ပျက်စီးစေပါတယ်။ အသည်းရောဂါတွေအများကြီးပါ။ အသက် ၂၀ ကျော်နဲ့ အသည်းခြောက်ရောဂါ ဖြစ်နေတဲ့ လူငယ်တွေ အများအပြားတွေ့နေရပါတယ်။ ဒါဟာ တိုင်းပြည်ရဲ့အနာဂတ်အတွက် ရေရှည်မှာ မကောင်းပါဘူး။ အဲဒီတော့ အရက်ကုမ္ပဏီတွေ စံချိန်စံညွှန်းမီအောင် ချက်လုပ်နေသလား ဆိုတာ ကျွန်တော်တို့ အလွယ်တကူစစ်ဆေးနိုင်ပါတယ်။ ဒါမျိုးတွေကို စံချိန်စံညွှန်းနှင့်အညီ ချက်သ လား။ မချက်ဘူးလားဆိုတာ အရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် မြေသြဇာတွေနဲ့ချက်နေ တယ်ဆိုတာလည်း ကျွန်တော်တို့ ကြားနေရပါတယ်။ ရာဘာတွေနဲ့လည်းချက်နေကြပါတယ်။ အရင်တုန်းက ကျွန်တော်တို့ ဘိုးဘွားတွေလက်ထက်က ထနောင်းခေါက်နဲ့ ထန်းညက်နဲ့ ချက်တဲ့ အရက်မှာ အဲဒီတုန်းက အသည်းရောဂါရှားပါးပါတယ်။ ကနေ့ အရက်တွေ မှိုလိုပေါက်နေတဲ့အချိန်မှာ အသည်းရောဂါတွေများပြားနေပါတယ်။ ဒီတော့ ကျွန်တော်တို့တတွေ ဒီအရက်ကို ဆက်ပြီးတော့ လိုင်စင်ပေးနေအုံးမှာလား။ ဒီဟာလေးကို စံချိန်စံညွှန်းနဲ့ ဥက္ကဋ္ဌကြီးအနေနဲ့ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေကို တိုက်တွန်းသင့်ပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်လို့ ဆေးဝါးတွေ ကိုယ်စားလှယ်ကြီးတွေ အကုန်လုံးလည်းပြောပြီးပါပြီ။ ကျွန်တော် တစ်ချက်ပဲ ပြောချင်ပါတယ်။ ဒီ ဆေးဝါး အတုတွေအပြင် ကျွန်တော်တို့တတွေ ဆေးရုံ၊ ဆေးပေးခန်းတွေကို လက်လှမ်းမမီတဲ့ ပြည်သူ

တွေဟာ လမ်းဘေးကွမ်းယာဆိုင်တွေမှာ ဆေးတွေ ဝယ်သောက်နေကြပါတယ်။ အဲဒီတော့ ဆေးဆိုင်ဖွင့်ဖို့ ဆေးဝါးအတတ်ပညာသင်ကျောင်းက ဘွဲ့ရရမယ်လို့ပြောပါတယ်။ ဒါပေမယ့် စပ်ဆေးတွေရောင်းပေးနေပါတယ်။ ဒီစပ်ဆေးတွေကတော့ တကယ်ရော နားလည်တတ်ကျွမ်းတဲ့သူက ပေးတာပါလား။ ဒီစပ်ဆေးတွေကြောင့် အစာအိမ်သွေးယိုပြီး ဆေးရုံရောက်တဲ့လူတွေလည်း အများကြီးပါ။ နောက်တစ်ချက် ကျွန်တော်ထပ်ပြောပါမယ်။ အဲဒါကတော့ လမ်းပန်းဆက်သွယ်ရေး လုံခြုံမှုပါ။ ကနေ့ ရန်ကုန်-မန္တလေးအဝေးပြေးကားတွေ Express ကားတွေနဲ့သွားပါတယ်။ အဲလိုသွားတဲ့အချိန်မှာ Express ကားတွေမှောက်ပြီးတော့ ကျွန်တော်တို့ ခရီးသည်တွေအသက်ဆုံးရှုံးနေရပါတယ်။ ဒါဖြင့်ရင် ခရီးသွားပြည်သူတွေ လုံခြုံဖို့ ယာဉ်မောင်းတွေမှာ စံမီတဲ့ယာဉ်မောင်းတွေဖြစ်ပါသလား။ ကျွန်တော်တို့ ဘယ်သူတွေ ကြီးကြပ်နေပါသလဲ။ လမ်းတွေကကော့ စံချိန်စံညွှန်းနဲ့မီရဲ့လားဆိုတာပြောချင်ပါတယ်။ ဒီမှာ ကြုံလို့ တစ်ချက်တည်း ပြောချင်ပါတယ်။ ကျွန်တော်တို့တတွေ ကားတွေအများကြီးသွင်းနေပါတယ်။ ဆိုင်ကယ်တွေလည်းအများကြီးသွင်းနေပါတယ်။ အဲဒီတော့ ကားတွေ၊ ဆိုင်ကယ်တွေ သွင်းနေတဲ့ အချိန်မှာ ဒီများလာတဲ့ကားနဲ့ အစီးရေပိုလာတဲ့ဆိုင်ကယ်တွေအတွက် လမ်းတွေအဆင့်သင့်ဖြစ်ပြီလား။ ကနေ့ ဆေးရုံတွေမှာကြည့်လိုက်ပါ။ ရောဂါထက်၊ သေတာထက်၊ ယာဉ်အန္တရာယ်ထိခိုက်မှုကြောင့် သေတဲ့နှုန်းထား တဖြည်းဖြည်း မြင့်တက်လာပါတယ်။ ကျွန်တော်တို့ခရီးသွားပြည်သူလူထုရဲ့ အသက်အိုးအိမ် လုံခြုံမှုအတွက် ကျွန်တော်တို့တတွေ ဆိုင်ကယ်တွေတင်သွင်းတာ၊ ကားတွေတင်သွင်းတာ ဘယ်လောက်ထိတင်သွင်းမယ်ဆိုတဲ့ သတ်မှတ်ချက်ကလေးများရော မစဉ်းစားမိဘူးလား။ နောက်ကျွန်တော်လယ်ယာကဏ္ဍလေးနည်းနည်းပြောချင်ပါတယ်။ ကနေ့ လယ်မြေတွေ အသိမ်းခံနေရပါတယ်။ မြို့ပြဖွံ့ဖြိုးအောင်ပဲဖြစ်ဖြစ် စီမံကိန်းတွေကြောင့်ပဲဖြစ်ဖြစ်၊ စက်ရုံတည်ဆောက်ဖို့ပဲဖြစ်ဖြစ်၊ တပ်နယ်ကသိမ်းတာပဲဖြစ်ဖြစ် ဘယ်လိုမြေကိုသိမ်းမှာလဲဆိုတဲ့ စံချိန်စံညွှန်းလေးများလုပ်ပေးစေလိုပါတယ်။ တောင်သူလယ်သမားတွေ ချွေးနဲ့ရင်းပြီးစိုက်လို့ အောင်မြင်နေတဲ့လယ်မြေတွေကို သိမ်းမှာလား။ ဒါမှမဟုတ် မြေလွတ်မြေရိုင်းတွေကို သိမ်းမှာလား။ အဲလို မြေသိမ်းတဲ့ကိစ္စလေးတွေ စံနှုန်းစံညွှန်းနဲ့စဉ်းစားပြီးသတ်မှတ်ပေးစေချင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် နောက်တစ်ချက် ပြောချင်ပါတယ်။ ဒါကတော့ တက္ကသိုလ်များနဲ့ဆိုင်ပါတယ်။ ကျွန်တော်တို့ တက္ကသိုလ်များဖွင့်လှစ်ပြီးတော့ နယ်ပေါင်းစုံမှာ ဖွင့်လှစ်ပေးတာကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ဒီနယ်မြေ၊ ဒီပတ်ဝန်းကျင်ဟာ တက္ကသိုလ်ဖွင့်ဖို့ အရည်အသွေးစံချိန်စံညွှန်းရှိပါရဲ့လား။ တက္ကသိုလ်တစ်ခုခု ဆရာဆရာမများရော စံချိန်စံညွှန်းမီရဲ့လား။ ကျွန်တော် ဒါဘာကြောင့်ပြောရပါလဲဆိုလို့ရှိရင် ကျွန်တော်တို့ ရတနာပုံ

တက္ကသိုလ်ကြီး မန္တလေးမှာဖွင့်ပါတယ်။ ကျွန်တော်တို့ အဲဒီဖွင့်တဲ့နေရာမှာ ဘာတွေပေါ်သလဲဆိုတော့ ထန်းပင်တွေပေါ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လူငယ်တွေ ပတ်ဝန်းကျင်နေရာဟာ ထန်းပင်တွေဖြစ်နေတဲ့ အတွက် ထန်းရည်စွဲသွားတာ ဒါဟာ တက္ကသိုလ်ကျောင်းသားတွေဟာ တစ်သက်မှာတစ်ခါရတဲ့ဘဝပါ။ အဲဒီတော့ တက္ကသိုလ်ကျောင်းသားဘဝဟာ အပျော်အပါး၊ လူမှုရေးကဏ္ဍ ဘဝမှာ အပျံသင်စငှက်ငယ် လို လက်တွေ့စမ်းသပ်တာတွေလည်းပါပါတယ်။ အဲဒီတော့ ဝေးလံခေါင်းပါးသွားလို့ရှိရင် လူငယ်တွေ စိတ်လွတ်ကိုယ်လွတ်ဖြစ်ပါတယ်။ မိဘတွေလည်း စိတ်မချရဖြစ်ပါတယ်။ ဒါကြောင့်မို့ စံချိန်စံညွှန်းနဲ့ မမီတဲ့ တက္ကသိုလ်များ၊ လူငယ်များစာရိတ္တ၊ ပညာ ဒီဟာတွေဖွံ့ဖြိုးတိုးတက်အောင်မလုပ်ပေးတဲ့ နေရာက တက္ကသိုလ်များရော ကျွန်တော်တို့တတွေ ပြန်မရုပ်သိမ်းသင့်ဘူးလား။ ဒါလေးတွေလည်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ စဉ်းစားစေချင်ပါတယ်။ ကျွန်တော် နောက်ဆုံးနိဂုံးချုပ်အနေနဲ့ ပြောချင်ပါတယ်။ ကျွန်တော်တို့ စံချိန်စံညွှန်းတွေ ဘယ်လိုပင်ချမှတ်ချမှတ်ပေမယ့် ဒီစံချိန်စံညွှန်းတွေ ဥပဒေတွေကို ကျွန်တော်တို့ အသက်ဝင်အောင် အကောင်အထည်မဖော်နိုင်ဘူးဆိုရင် ဒုံရင်းဒုံရင်းပဲ ဖြစ်ပါလိမ့်မယ်။ ကျွန်တော်ပြောချင်တာက ကျွန်တော်တို့ ဥပဒေတွေပြဋ္ဌာန်းပြီးတော့ ဌာနဆိုင်ရာအသီးသီးက လုပ်ငန်းတွေလုပ်နေပေမယ့် ပတ်ဝန်းကျင်စောင့်ကြည့်ရေးအဖွဲ့တွေ ရှိသင့်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ စားသုံးသူအခွင့်အရေးအဖွဲ့မျိုးမရှိပါဘူး။ ခရီးသွားလာ လုံခြုံရေးကို အကာအကွယ် ပေးမယ့်အဖွဲ့တွေမရှိပါဘူး။ မြစ်များ၊ ချောင်းများ စောင့်ကြည့်မယ့်အဖွဲ့များမရှိသေးပါဘူး။ ဒါ ဘာကြောင့် မြစ်များ၊ ချောင်းများ ပြောရသလဲဆိုရင် ကနေ့ စက်မှုဇုန်၊ စက်ရုံတွေမှာ စွန့်ထုတ်ပစ္စည်း တွေရှိပါတယ်။ ကျွန်တော်တို့ ပတ်ဝန်းကျင်ဥပဒေကိုလည်း ပြဋ္ဌာန်းပြီးပါပြီ။ ပတ်ဝန်းကျင် အရည် အသွေးဆိုင်ရာ စံချိန်စံညွှန်းများလည်း ရှိပါတယ်။ ဥပမာဆိုရင် ကျွန်တော်တို့ တောင်သမန် အင်းကြီးဟာ ယခင်အခါက အလွန်အင်မတန်ထင်ရှားကျော်ကြားပါတယ်။ ရာသီ ၃ မျိုးစလုံးကို တွေ့ချင်ရင် ကျွန်တော်တို့ တောင်သမန်ကိုလာခဲ့ရပါတယ်။ ကနေ့ တောင်သမန်အင်းဟာ ကျွန်တော်တို့ စက်ရုံရဲ့ စွန့်ပစ်တဲ့ အညစ်အကြေးတွေကြောင့်မို့ ငါးတွေသေနေပါတယ်။ ဒီငါးတွေ ဈေးကွက်ထဲ ရောက်လာတယ်။ လူတွေစားရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ စက်ရုံတွေဆောက်ပြီးတော့ ခေတ်မီအောင် လုပ်နေပေမယ့် အဲဒီက စက်ရုံက စွန့်ထုတ်ပစ္စည်းတွေဟာ တကယ်ရော အန္တရာယ်ကင်း အောင် Treatest လုပ်ပြီးပြီလားဆိုတာ ကျွန်တော်တို့ ပြန်စောင့်ကြည့်ဖို့လိုလာပါတယ်။ ကျွန်တော်တို့ ဒုဋ္ဌဝတီ မြစ်ကြီးဟာလည်း အခုမသန့်ရှင်းတော့ပါဘူး။ တောင်သမန်အင်းမြောက်နားမှာရှိတဲ့

အရက်ချက်စက်ရုံကစွန့်ထုတ်လိုက်တဲ့ ပစ္စည်းတွေနဲ့ ကျွန်တော်တို့ ဒဂုံဝတီမြစ်ကြီး သောက်သုံးလို့ မတော့တာ ညမ်ငြမ်းလှပါတယ်။ ဒီတော့ ကျွန်တော်တို့တတွေ ဥပဒေတွေ ပြဋ္ဌာန်းဖို့လည်းလိုပါတယ်။ ဒီဥပဒေ တွေကို အကောင်အထည်အသက်ဝင်လာအောင် စောင့်ကြည့်ပေးနိုင်မယ့် လူမှုအဖွဲ့အစည်း NGO လို့ CSO လို့ အဖွဲ့အစည်းတွေကို ကျွန်တော်တို့ အားပေးသင့်ပါတယ်။ ဥပမာ- လူ့စားသုံးသူ အခွင့်အရေး ကော်မတီတွေဖွဲ့သင့်ပါတယ်။ ခရီးသွားလာလုံခြုံမှုကော်မတီများဖွဲ့သင့်ပါတယ်။ နောက် မြစ်များ စောင့်ကြည့်ရေးအဖွဲ့တွေဖွဲ့သင့်ပါတယ်။ အဲလိုအဖွဲ့တွေဟာ ကျွန်တော်တို့ အစိုးရမဟုတ်တဲ့ အဖွဲ့ အစည်းတွေဖြစ်သင့်ပါတယ်။ ဒီလိုလူမှုအဖွဲ့အစည်းတွေပေါ်လာဖို့ အရေးကြီးပါတယ်။ ဒါမှ ဒီမိုကရေစီ ခိုင်ခံ့မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ နောက်ဆုံးအနေနဲ့ ကျွန်တော်တို့တတွေ ကဏ္ဍနယ်ပယ်အသီးသီးမှာ စံချိန်စံညွှန်းသတ်ချမှတ်ဖို့ လိုအပ်သလို ဒီစံချိန်စံညွှန်းတွေကို အကောင်အထည်ဖော်ဖို့အတွက် လူမှုအဖွဲ့အစည်းများပေါ်ပေါက်ရေးကို အားပေးသင့်ကြောင်း အကြံပြုရင်း ကျွန်တော်အဆိုဆွေးနွေးမှုကို ဒီတင်ပဲ အဆုံးသတ်ပါရစေ။ အားလုံးကို ကျေးဇူးတင်ပါ တယ်ခင်ဗျား။ (ညြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနက ပြန်လည်ဆွေးနွေးဖို့ဖြစ် ပါတယ်။

**ဒေါက်တာကိုကိုဦး(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ယခုအစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာကိုကိုဦးဖြစ်ပါတယ်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒီပြည်သူ့လွှတ်တော်အစည်းအဝေးမှာ မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးမောက်မှ တင်သွင်းထားတဲ့ ကဏ္ဍအသီးသီးနှင့် နယ်ပယ်အသီးသီးအတွက် စံချိန်စံညွှန်းများ ရေးဆွဲသတ်မှတ်၍ ဥပဒေပြဋ္ဌာန်းနိုင်ရန် အချိန်ကာလသတ်မှတ်ပြီး သတ်မှတ်ချိန် အတွင်းဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုနဲ့ပတ်သက်ပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဟာ ၁၉၉၄ ခုနှစ်၊ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးဥပဒေ အခန်း(၆)၊ အပိုဒ် ၉ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန ရဲ့ လုပ်ငန်းတာဝန်များမှ အပိုဒ်ခွဲ (က) ပါ အလေးချိန်၊ အတိုင်းအတာ၊ အချိန်အတွယ်၊ စက်ကိရိယာနှင့်

ကုန်ကြမ်း၊ ကုန်ချောများအတွက် စံသတ်မှတ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတာဝန်အရ စံသတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ သို့သော်လည်း မြန်မာ့သိပ္ပံနှင့်နည်းပညာ သုတေသနဦးစီးဌာနဟာ သုတေသနလုပ်ငန်းများ ဆောင်ရွက်တဲ့ အဓိကဌာနတစ်ခုဖြစ်ပြီး သုတေသန အထောက်အကူပြုတဲ့ဌာနခွဲတစ်ခုဖြစ်တဲ့ စံသတ်မှတ်ရေးဌာနအနေနဲ့ အမျိုးသားအဆင့်ဆောင်ရွက်ရမယ့် စံချိန်စံညွှန်းသတ်မှတ်ရေးဆိုင်ရာ လုပ်ငန်းကြီးကိုဆောင်ရွက်ရန် မလုံလောက်တဲ့အတွက် ၁၉၉၈ ခုနှစ်မှာ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီလက်အောက်မှာ စံချိန်စံညွှန်းနှင့် အရည်အသွေးမြှင့်တင်ရေးဆပ်ကော်မတီကို ဖွဲ့စည်းပေးခဲ့ပါတယ်။ ဒီဆပ်ကော်မတီဟာ လျှပ်စစ်စံချိန်စံညွှန်း ၂ ခုကို မူကြမ်းရေးဆွဲခဲ့သော်လည်းပဲ ဒီဥပဒေမူကြမ်းတွေကို အတည်ပြုနိုင်မယ့် အမျိုးသားအဆင့်ဥပဒေပြုအဖွဲ့အစည်းတစ်ခုလိုအပ်တာကြောင့် ဆပ်ကော်မတီအား ပညာရှင်များနဲ့ ကိုယ်စားလှယ်များအားဖိတ်ခေါ်ဖွဲ့စည်းပြီး စက်မှုစံချိန်စံညွှန်းဥပဒေမူကြမ်းတစ်ခုကို ၂၀၀၂ ခုနှစ်မှာ ရေးဆွဲခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြခဲ့ပါတယ်။ ဒီဥပဒေမူကြမ်းမှာ ထုတ်ကုန်များသာမက ထုတ်လုပ်မှုနည်းစဉ်နှင့် ဝန်ဆောင်မှုဆိုင်ရာ စံချိန်စံညွှန်းများကိုပါ သတ်မှတ်နိုင်ရန်နဲ့ အရည်အသွေးထောက်ခံချက်လက်မှတ်များထုတ်ပေးရေး အရည်အသွေးသတ်မှတ်ချက်နှင့်အညီ ထုတ်လုပ်မှု ရှိ၊ မရှိ စသည်တို့ကို စစ်ဆေးအရေးယူနိုင်ရေးတို့အတွက်ပါ ထည့်သွင်းရေးဆွဲထားတဲ့အတွက် ဘာသာရပ်ဆိုင်ရာ စကားရပ် များအပေါ်မှာ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အကြံပြုချက်များရှင်းလင်းပေးပို့ခဲ့ရပါတယ်။ ဒါပေမယ့် ဒီဥပဒေကြမ်းကို မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေနဲ့ အတည်ပြုပြဋ္ဌာန်းရန် ထိုစဉ်က လုပ်ထုံးလုပ်နည်းများအရ မဆောင်ရွက်နိုင်တဲ့အတွက် ဝန်ကြီးဌာနအဆင့်ဖြင့် တင်ပြဆောင်ရွက်ရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အကြံပြုချက်ပေးပို့ခဲ့တဲ့အတွက် ၂၀၀၅ ခုနှစ်မှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ စတင်ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနဟာ ဒီဥပဒေအပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ မေးမြန်းသည့် ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များကို ပြုလုပ်ပေးခဲ့ရပြီး၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလမှာ နောက်ဆုံးမူကြမ်းအဆင့် ရောက်ရှိသည်အထိ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းပြီး အင်္ဂလိပ်ဘာသာပြန်မူကြမ်းအဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါတယ်။ သို့ရာတွင် ယခင်ကရေးဆွဲခဲ့တဲ့ ဥပဒေမူကြမ်းဖြစ်တဲ့အတွက် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြဋ္ဌာန်းနိုင်ရေးအတွက် ယခုအစိုးရလက်ထက်မှာ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၅ ခုနှစ်မှာ စံချိန်စံညွှန်းဥပဒေကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တင်ပြဖို့အတွက်

ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ အကြံပြုချက်များ ရရှိပြီးတဲ့နောက် ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလနှင့် ဒီဇင်ဘာလတွေမှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၌ ဝန်ကြီးဌာနအသီးသီးနဲ့ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များပါဝင်သော အစည်းအဝေးများ ခေါ်ယူကျင်းပခဲ့ပါတယ်။ ဒီအစည်းအဝေးများမှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဦးဆောင်ပြီး စံချိန်စံညွှန်းဆိုင်ရာလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားရန်လည်း ဥပဒေအရ အမျိုးသားစံချိန်စံညွှန်းကောင်စီဖွဲ့စည်းပြီးပါက သက်ဆိုင်ရာဌာနအသီးသီးက လက်ရှိကျင့်သုံးနေတဲ့ နည်းပညာဆိုင်ရာ နည်းဥပဒေများကို ပေးပို့ညှိနှိုင်းဆောင်ရွက်ရန် သဘောတူ ဆုံးဖြတ်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံဟာ အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းအဖွဲ့သို့ ဝင်ရောက်ခဲ့ပြီးနောက် ၁၉၅၆ ခုနှစ်မှ ၁၉၆၅ ခုနှစ်အတွင်း မြန်မာ့သိပ္ပံနှင့်နည်းပညာ သုတေသနဦးစီးဌာနဟာ အဖွဲ့ဝင်နိုင်ငံများအကြား စံချိန်စံညွှန်းများဖလှယ်မှုအစီအစဉ်အရ အခြားနိုင်ငံများရဲ့ စံချိန်စံညွှန်းများကို ရရှိတဲ့အတွက်ကြောင့် အဲဒီရရှိတဲ့ စံချိန်စံညွှန်းများကိုကိုးကားပြီး မြန်မာ့စံချိန်စံညွှန်းရေးဆွဲနိုင်ခဲ့ရာ ၁၉၆၀ ပြည့်နှစ်မှ ၁၉၇၀ ပြည့်နှစ်များအတွင်းက ထုတ်ကုန် စံချိန်စံညွှန်းအချို့ကို ရေးဆွဲခဲ့ပြီး စံချိန်စံညွှန်း ၆၅ ခုအထိ အတည်ပြုနိုင်ခဲ့ပါတယ်။ သို့သော်လည်း စံချိန်စံညွှန်းဥပဒေမရှိခဲ့တဲ့အတွက် ယင်းစံချိန်စံညွှန်းများကို နည်းဥပဒေများအဖြစ် သက်ဆိုင်ရာဝန်ကြီးဌာနများက လက်ခံပြဋ္ဌာန်းရမယ့်အဆင့်သို့ မရောက်ရှိနိုင်ခဲ့ပါ။ ယခုဥပဒေကြမ်းကို အတည်ပြုပြီးပါက စံချိန်စံညွှန်း နည်းပညာကော်မတီများ ဖွဲ့စည်းပြီးကိုးကားရေးဆွဲနိုင်ဖို့ စံချိန်စံညွှန်းများလိုအပ်လျက်ရှိတဲ့အတွက် ၂၀၀၅ ခုနှစ်၊ ဇူလိုင်လမှာ International Standard Organization (ISO)သို့ စာပေးစာယူအဖွဲ့ဝင်အဖြစ် ပြန်လည်ဝင်ရောက်ခဲ့ပါတယ်။ ဒါ့အပြင် လျှပ်စစ်စံချိန်စံညွှန်းများ ကိုးကားရေးဆွဲနိုင်ရန်အတွက် ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလမှာ International Electrotechnical Commission (IEC) သို့ တွဲဖက်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါတယ်။ နိုင်ငံအသီးသီးမှာဖွဲ့စည်းထားတဲ့ အမျိုးသားစံချိန်စံညွှန်းအဖွဲ့များရဲ့ ဖွဲ့စည်းပုံနှင့် နည်းလမ်းတွေကို ကိုးကားပြီး ဥပဒေမူကြမ်းမှာ စံချိန်စံညွှန်းကောင်စီကိုဖွဲ့စည်းရာမှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဦးဆောင်ပြီး အဖွဲ့ဝင်များအဖြစ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အကြီးအကဲများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူပညာရှင်များ ပါဝင်ဖွဲ့စည်းရန် မူကြမ်းပြုစု ရေးဆွဲထားပါတယ်။ ခေါင်းစီးအောက်မှာ လုပ်ငန်းကော်မတီကိုဖွဲ့စည်းရာမှာလည်း မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနနှင့် သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှကိုယ်စားလှယ်များနှင့် သိပ္ပံနှင့်အင်ဂျင်နီယာဆိုင်ရာ

ပညာရှင်များ ပါဝင်ရန်ပြုစုရေးဆွဲထားပါတယ်။ လုပ်ငန်းကော်မတီက သက်ဆိုင်ရာဘာသာရပ်အလိုက် သက်ဆိုင်တဲ့ ဌာနအဖွဲ့အစည်းများ အားလုံးပါဝင်သော နည်းပညာကော်မတီများ ဖွဲ့စည်းပေးရန် ယင်းနည်းပညာကော်မတီများအား စံချိန်စံညွှန်းများရေးဆွဲနိုင်ရန်အတွက် တာဝန်ပေးအပ်ရန် မလိုက်နာ မနေရ စံချိန်စံညွှန်းများနှင့်ကိုက်ညီမှုရှိ၊ မရှိကို အခါအားလျော်စွာ ကော်မတီက စစ်ဆေးရန် အစရှိတဲ့ လုပ်ငန်းကော်မတီရဲ့ လုပ်ငန်းတာဝန်များကို အခြားနိုင်ငံများရဲ့ စံချိန်စံညွှန်းဥပဒေများအား မှီငြမ်းပြုစုထားရှိပါတယ်။ ဥပဒေအတည်ပြုပြီးပါက နိုင်ငံတကာ စံချိန်စံညွှန်းအဖွဲ့အစည်းများတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းစဉ်များဖြစ်တဲ့ နိုင်ငံ၏ လူမှုစီးပွားရေးအတွက် ဦးစားပေး ဖွဲ့စည်းသင့်သည့် နည်းပညာကော်မတီ၊ technical ကော်မတီများကို ဖွဲ့စည်းရန် နည်းပညာ ကော်မတီများအနေဖြင့် နိုင်ငံတကာစံချိန်စံညွှန်းများကိုကိုးကားပြီး အမျိုးသားစံချိန်စံညွှန်းများ ရေးဆွဲရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်ရေးတွင် နည်းပညာအတားအဆီးများဆိုင်ရာစာချုပ်နှင့် အာဆီယံစီးပွားရေးအသိုက်အမြုံထူထောင်မှု၊ ညှိနှိုင်းမှု၊ အပြန်အလှန်သဘောတူညီမှုများအား စံချိန်စံညွှန်းများရေးဆွဲရာမှာ နိုင်ငံတကာစံချိန်စံညွှန်းများကို တတ်နိုင်သမျှကိုးကားရန်။ ထိုသို့ကိုးကားရာ၌လည်း သတ်မှတ်ထားသည့် ISO၊ IEC ဂိုက်များကို လိုက်နာရန်။ နည်းပညာကော်မတီများအား စံချိန်စံညွှန်းတစ်ခုရေးဆွဲရာတွင် ပြီးစီးရမည့်အချိန်သတ်မှတ်ပေးရန် စံချိန်စံညွှန်းတစ်ခု၏ အပြီးသတ်မူကြမ်းကို ကြေညာပြီးနောက် အချိန် ၁ လပေး၍ အများပြည်သူသဘောထားမှတ်ချက်များကို တောင်းခံရန်။ အပြီးသတ်မူကြမ်းပါ စံချိန်စံညွှန်းတစ်ခု အတည်ပြုရေးအတွက် အများဆုံးကြာမြင့်ချိန်သတ်မှတ်ပေးရန်။ အမျိုးသားစံချိန်စံညွှန်းအဖြစ် သတ်မှတ်မည့် National Standard Code ကို သတ်မှတ်ရန် တို့ကို စံချိန်စံညွှန်းကောင်စီက လမ်းညွှန်ရှင်းလင်းချက်များ ချမှတ်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ စံချိန်စံညွှန်းကောင်စီရဲ့ နည်းပညာကော်မတီရုံးလုပ်ငန်းများကို လုပ်ဆောင်ပေးရမယ့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရဲ့ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနဟာ နည်းပညာကော်မတီအသီးသီးမှာ ကိုယ်စားလှယ်တစ်ဦးဦးစီပါဝင်ပြီး အစည်းအဝေးများအထမြောက်၍ အဖွဲ့ဝင်များထံမှ သဘောထားမှတ်ချက်များ အချိန်မီတောင်းခံရေး အဖွဲ့ဝင်များထံသို့ သဘောထားမှတ်ချက်များ ပြန်လည်ဖြန့်ဝေပေးရေး၊ ပြန်လည်စုစည်းတင်ပြရေး၊ ဆုံးဖြတ်ချက်များကိုကောင်စီသို့တင်ပြရေး၊ အတည်ပြုပြီးသော အမျိုးသားစံချိန်စံညွှန်းများကို National Standard Code အမှတ်စဉ်တိုက်၍ ထိန်းသိမ်းရေးနှင့် ရိုက်နှိပ်ဖြန့်ချိရေးတို့ကို ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ယင်းလုပ်ငန်းများကိုဆောင်ရွက်ရန် မြန်မာ့သိပ္ပံနှင့် နည်းပညာ သုတေသနဦးစီးဌာနရှိ စံချိန်စံညွှန်းသတ်မှတ်ရေးဌာနခွဲအတွက် ဝန်ထမ်းအင်အား၊

ဘဏ္ဍာရေးခွင့်ပြုချက်၊ စက်ကိရိယာ၊ ဓာတ်ခွဲခန်းများနဲ့ ဌာနဖွဲ့စည်းပုံပြင်ဆင်ရေးတို့အတွက်လည်း စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ နည်းပညာကော်မတီဟာ အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းစဉ်ဖြစ်တဲ့ စံချိန်စံညွှန်းဆိုင်ရာ အမှတ်တံဆိပ်သုံးစွဲခွင့်သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိစစ်ဆေးခြင်း အမျိုးသားအသိအမှတ်ပြုအဖွဲ့ ဖွဲ့စည်းခြင်း၊ အသိအမှတ်ပြုပေးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများရေးဆွဲခြင်း၊ အသိအမှတ်ပြုလွှာများနှင့် အရည်အသွေးထောက်ခံချက်များ၊ ထုတ်ပေးခြင်းဆိုင်ရာစည်းကမ်းချက်များကို သတ်မှတ်နိုင်ရေးတို့အတွက် ကောင်စီသို့ တင်ပြရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေးဆွဲပြီးသော စံချိန်စံညွှန်းများနဲ့ မလိုက်နာမနေရ စံချိန်စံညွှန်းများကို နည်းပညာဆိုင်ရာနည်းဥပဒေအဖြစ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ သတ်မှတ် ပြဋ္ဌာန်းနိုင်ရန် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။ ယင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ရန် အတွက် အာဆီယံစံချိန်စံညွှန်းများနဲ့ သဟဇာတဖြစ်အောင်ညှိနှိုင်းရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်းပြီး လက်ရှိကျင့်သုံးနေတဲ့ နည်းလမ်းတစ်ရပ်ရှိပါတယ်။ ယင်းနည်းလမ်းမှာ အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားစံချိန်စံညွှန်းများကို သဟဇာတဖြစ်အောင်ညှိနှိုင်းရာမှာ အာဆီယံစံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာ အတိုင်ပင်ခံကော်မတီ၏ ဦးစားပေးထုတ်ကုန်ကဏ္ဍများအတွက် စံချိန်စံညွှန်းနှင့် အရည်အသွေး စစ်ဆေးရေးနည်းလမ်းများကို ညှိနှိုင်းရာမှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေနဲ့ ယင်းကော်မတီရဲ့ တာဝန်ခံ Focal Point အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ထုတ်ကုန်ကဏ္ဍများအလိုက် အကောင်အထည်ဖော်ရန်အတွက် သက်ဆိုင်ရာဌာနအသီးသီးမှ ကိုယ်စားလှယ်များကို ထုတ်ကုန်လုပ်ငန်းအဖွဲ့တွင် တာဝန်ခံများအဖြစ် အမည်စာရင်းတောင်းခံ၍ အာဆီယံနိုင်ငံများမှ စံချိန်စံညွှန်းနှင့် နည်းပညာဆိုင်ရာနည်းဥပဒေများ ညှိနှိုင်းရေးအတွက် တာဝန်ပေးဆောင်ရွက်လျက်ရှိပါတယ်။ ဦးစားပေးထုတ်ကုန်ကဏ္ဍဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ရန်အတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ ဝန်ကြီးဌာနတွေကတော့ ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းမှာ အလှကုန်၊ ဆေးဝါး၊ ဆေးဝါးကိရိယာ၊ တိုင်းရင်းဆေးဝါးနှင့် ကျန်းမာရေးဖြည့်စွက်ထုတ်ကုန်နှင့် အစားအသောက်ကဏ္ဍများအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ လျှပ်စစ်ထုတ်ကုန်၊ ရာဘာနှင့် မော်တော်ယာဉ်ကဏ္ဍများအတွက် စက်မှုဝန်ကြီးဌာန၊ သစ်အခြေခံ ထုတ်ကုန်ကဏ္ဍအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေးအခြေခံထုတ်ကုန်ကဏ္ဍအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးနှင့် အဆောက်အအုံ

ကဏ္ဍအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ဖြစ်ပါတယ်။ ယင်းဦးစားပေး ထုတ်ကုန်ကဏ္ဍများအနက် ထုတ်ကုန်ကဏ္ဍများအလိုက် အာဆီယံတွင် လက်မှတ်ရေးထိုးခဲ့သော အပြန်အလှန်နားလည်မှု အစီအစဉ် ၃ ရပ်မှာ ၂၀၀၅ ခုနှစ်တွင် လျှပ်စစ်ကဏ္ဍ၊ ၂၀၀၈ ခုနှစ်တွင် အလှကုန်ကဏ္ဍနှင့် ၂၀၀၉ ခုနှစ်တွင် ဆေးဝါးထုတ်ကုန်ဆိုင်ရာကဏ္ဍတို့ဖြစ်ပြီး ပါဝင်တဲ့ လုပ်ငန်းသတ်မှတ်ချက်များကို သက်ဆိုင်ရာတာဝန်ခံဝန်ကြီးဌာနများမှ ဆွေးနွေးညှိနှိုင်းသဘောတူခဲ့ ကြပါတယ်။ ထပ်မံသဘောတူ ချက်လက်မှတ်ရေးထိုးမယ့် ကဏ္ဍများပေါ်တွင်လည်း သက်ဆိုင်ရာဝန်ကြီးဌာန တာဝန်ခံများမှ အာဆီယံနဲ့ တိုက်ရိုက်ညှိနှိုင်းဆက်သွယ် ဆောင်ရွက်လျက်ရှိပါတယ်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အနေဖြင့် ထုတ်ကုန်များထုတ်လုပ်မှုနည်းစဉ်များနှင့် ဝန်ဆောင်မှုစသည့် ကဏ္ဍများအတွက် စံချိန် စံညွှန်းသတ်မှတ်ရေးကို တာဝန်ခံအဖြစ် ဆောင်ရွက်လျက်ရှိသကဲ့သို့ အလုပ်သမားဝန်ကြီးဌာနဟာ မြန်မာနိုင်ငံတွင် စွမ်းရည်မြင့်လုပ်သားထုရရှိရေးအတွက် လုပ်သားကျွမ်းကျင်မှု စံချိန်စံညွှန်းများ သတ်မှတ်ခြင်းနှင့် လုပ်သားတိုင်းတွင်မိမိအရည်အချင်းအရ ရှိထားသင့်သော အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေးတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါလုပ်ငန်းစဉ်အား မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ကို ဖွဲ့စည်းပြီး ဦးစီးဆောင်ရွက်လျက်ရှိရာ ယင်းကျွမ်းကျင် လုပ်သားစံချိန်စံညွှန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းနိုင်ရန် အတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက အလုပ်သမားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတို့နှင့် ပူးပေါင်းပြီး ဦးစားပေးအလုပ်အကိုင်စံညွှန်းများ၊ အလုပ်အကိုင်ကျွမ်းကျင်မှု စံချိန်စံညွှန်းများ သတ်မှတ် ရေးတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံရှိလုပ်သားများ ကျွမ်းကျင်မှု စံချိန်စံညွှန်းသတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့ဟာ အလုပ်အကိုင်စံချိန်စံညွှန်း ၁၅၅ မျိုးကို ရေးဆွဲထားပြီးဖြစ်ပြီး ၅၅ မျိုးအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ယင်း စံချိန်စံညွှန်းများနှင့်အညီစစ်ဆေးခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်း၊ ထောက်ခံချက်လက်မှတ် ထုတ်ပေး ခြင်း၊ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းတို့ကို အလုပ်သမားဝန်ကြီးဌာနဟာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်တဲ့ဌာန အဖွဲ့အစည်းအသီးသီး များနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အနေနဲ့ ၂၀၁၂ ခုနှစ်၊ ဇွန်လမှစတင်ပြီး မြန်မာနိုင်ငံမြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆောက်အအုံများ၏ အရည်အသွေးထိန်းသိမ်းရေးအတွက် အမျိုးသားအဆောက်အအုံဆိုင်ရာစံချိန်စံညွှန်း (Myanmar Building Code) များ

ရေးဆွဲနိုင်ရေးအတွက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ တစ်ဆင့် ဝန်ကြီးဌာန အသီးသီးမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံပိသုကာအသင်းနှင့် ပိသုကာအင်ဂျင်နီယာများ ပူးပေါင်း၍ရေးဆွဲလျက်ရှိပြီး အဆိုပါမူကြမ်းကို ၂၀၁၂ ခုနှစ်အတွင်းအပြီးသတ်ပြီးလျှင် ဥပဒေပြုနိုင် ရေးအတွက် လွှတ်တော်အသီးသီးသို့တင်ပြသွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူပဲ မြန်မာနိုင်ငံတစ်ဝန်း မြို့ရွာတည်ထောင်မှုများ စနစ်တကျရှိစေရေးအတွက် Town and Country Planting Act ကို ပြင်ဆင်နိုင်ရေး လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အလားတူပဲ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံရဲ့ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေမူကြမ်းလေးခုကိုလည်း ညှိနှိုင်းရေးဆွဲလျက် ရှိပါတယ်။ အဲ့ဒီဥပဒေမူကြမ်းတွေကတော့ တီထွင်မှုမူပိုင်ခွင့်ဥပဒေ (Parent Law)၊ စက်မှုဒီဇိုင်းဥပဒေ (Industrial Design Law)၊ ကုန်အမှတ်တံဆိပ်နှင့်ဝန်ဆောင်မှုအမှတ်တံဆိပ်ဥပဒေ (Trade Mark and Service Mark Law)၊ မူပိုင်ခွင့်ဥပဒေ (Copyright Law) တို့ဖြစ်ပါတယ်။ အဆိုပါဥပဒေများ အား သက်ဆိုင်ရာ တာဝန်ရှိသူများကရေးဆွဲခဲ့ကြပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်များ နှင့်အညီ ပြင်ဆင်ဖြည့်စွက်ခြင်းများကိုပြုလုပ်ခဲ့ရာ လက်ရှိအချိန်မှာ နဝမမူကြမ်းအဆင့်ထိရောက်ရှိပြီး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ရှင်းလင်းဆွေးနွေးနိုင်ရန် မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်မှ တင်သွင်းလာတဲ့ ကဏ္ဍအသီးသီးနှင့် နယ်ပယ်အသီးသီးအတွက် စံချိန်စံညွှန်း များရေးဆွဲသတ်မှတ်၍ ဥပဒေပြဋ္ဌာန်းနိုင်ရန် အချိန်ကာလသတ်မှတ်ပြီး သတ်မှတ်ချိန်အတွင်း ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ ယခုအခါ နောက်ဆုံးမူကြမ်းအဆင့်သို့ရောက်ရှိနေပြီဖြစ်တဲ့ စံချိန်စံညွှန်းဥပဒေမူကြမ်း အတည်ပြုပြီးပါက ပထမ အဆင့်အနေဖြင့် အမျိုးသားအဆင့် စံချိန်စံညွှန်းကောင်စီကို ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဆက်လက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့သာမက အခြားအစိုးရ မဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်း၊ မြန်မာနိုင်ငံဝါဏိဇ္ဇဗေဒပညာရှင် များအသင်းစသည့် အဖွဲ့အစည်းများမှ ပညာရှင်များကိုပါ ဖိတ်ခေါ်၍ သက်ဆိုင်ရာစံချိန်စံညွှန်းများ ရေးဆွဲမှာ ဖြစ်ပါတယ်၊ ယင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ပြီးပါက မြန်မာနိုင်ငံ၏ လူမှုစီးပွားရေး

ကဏ္ဍများနှင့်ပတ်သက်ပြီး ဦးစားပေးသင့်တဲ့ အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ စိုက်ပျိုးရေး ထုတ်ကုန်၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်း၊ လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်း၊ မော်တော်ယာဉ်၊ ဆောက်လုပ်ရေးပစ္စည်း၊ တိုင်းရင်းဆေးဝါး၊ ရာဘာ၊ သစ်အခြေခံထုတ်ကုန်၊ ဓာတုပစ္စည်း၊ စက်မှုလက်မှု၊ စွမ်းအင်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ထုတ်ကုန်များစသည်တို့ရဲ့ အရည်အသွေးနှင့် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှု စံချိန်စံညွှန်းများကို ရေးဆွဲနိုင်ရန်အတွက် နည်းပညာဆပ်ကော်မတီများကို ဖွဲ့စည်းနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယင်းစံချိန်စံညွှန်းဥပဒေ နောက်ဆုံးမူကြမ်းအပေါ် သဘောထားမှတ်ချက်များပေးနိုင်ရန်နှင့် ဆောင်ရွက်မည့် လျာထား အစီအစဉ်များအပေါ် ပိုမိုကောင်းမွန်သည့် အကြံဉာဏ်များပေးနိုင်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီး ဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပညာရှင်များပါဝင်သော ညှိနှိုင်းအစည်းအဝေးများကို ခေါ်ယူကျင်းပလျက်ရှိပြီး ယခုအဆိုနှင့်ပတ်သက်ပြီး အချို့ဆောင်ရွက်ပြီးနှင့် ဆောင်ရွက်ဆဲကိစ္စများ ဖြစ်နေကြောင်းတွေ့ရှိရပါတယ်။ ယခုတင်သွင်းတဲ့အဆိုမှာလည်း ကောင်းမွန်တဲ့အဆိုဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့သဘောထားနှင့်အညီ ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်းပြန်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအေးမောက်၊ မလှိုင်မဲဆန္ဒနယ်ရဲ့အဆိုကို အဆိုပြုသူတစ်ဦးအပါအဝင် လွှတ်တော်ကိုယ်စားလှယ် ကိုးဦးက ဆွေးနွေးခဲ့ပါတယ်။ တစ်ဖန် အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်က ပြန်လည်ဖြေကြားခဲ့ပါတယ်။ ဆုံးဖြတ်ချက်မချခင် အဆိုပြုချက်၊ ဆွေးနွေးချက်၊ ပြန်လည်ဆွေးနွေးချက်များနှင့် ပတ်သက်ပြီးတော့ မိမိလွှတ်တော် ဥက္ကဋ္ဌအနေနဲ့ အနည်းငယ်သုံးသပ် ပြောဆိုလိုပါတယ်။ အဆိုဟာ ကဏ္ဍအသီးသီးနှင့် နယ်ပယ်အသီးသီးအတွက် စံချိန်စံညွှန်းများ ရေးဆွဲသတ်မှတ်၍ ဥပဒေပြဋ္ဌာန်းနိုင်ရန်အချိန်ကာလသတ်မှတ်ပြီး သတ်မှတ်ချိန်အတွင်း ဆောင်ရွက် ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ ကဏ္ဍအသီးသီး၊ နယ်ပယ်အသီးသီးဆိုတဲ့အတွက် အင်မတန်မှ ကျယ်ဝန်းပါတယ်။ ကျယ်ဝန်းတဲ့အပေါ်မှာပဲ သက်ဆိုင်ရာ ဆွေးနွေးကြတဲ့သူများဟာ တချို့ မူဘောင်အတွင်းမှဆွေးနွေးနိုင်ပြီး တချို့လည်း မူဘောင်ကို ကျော်တာ တွေ လည်းကြားသိလိုက်ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်အဆိုရှင်ရဲ့ စေတနာထားတင်ပြတဲ့အဆိုအပေါ် ပုဂ္ဂိုလ် အသီးသီးဆွေးနွေးသွားတဲ့ဟာတွေက မိမိတို့လွှတ်တော်အတွက်၊ မိမိတို့နိုင်ငံအတွက် များစွာအကျိုးရှိ နိုင်တဲ့ကိစ္စများဖြစ်ပါတယ်။ ချုံပြီးပြောရမယ်ဆိုရင် ဘယ်နေမှာမဆိုစံရှိတယ်။ Standard ရှိတယ်။ အဲ့ဒီ စံ၊ အဲ့ဒီ Standard ကိုသတ်မှတ်ပြီးတော့ အဲ့ဒီ Standard

အတိုင်းဖြစ်အောင်လုပ်ဖို့ရှိတယ်။ လုပ်ရမယ်။ အဲ့ဒီအတိုင်းပဲ မိမိတို့လူ့ဘောင် လောကပတ်ဝန်းကျင်မှာ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ သတ်မှတ် ဆောင်ရွက်ရတယ်။ အဲ့လို ဆောင်ရွက်တဲ့အခါမှာ ဒီနေ့တွင်တွင်ပြောနေတဲ့ Rule of Law အဲ့ဒီအတိုင်း ပဲ အရင်ဥပဒေပညာရှင်တွေပြောတာက Law and Practice ဥပဒေရှိပြီးတဲ့အခါမှာ လက်တွေ့ ကျင့်သုံးမှုမရှိဘူးဆိုရင် အဓိပ္ပါယ်မရှိဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် ဥပဒေတစ်ရပ်ဖြစ်ပေါ်ဖို့အတွက် မိမိတို့ လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်တွေမှာ တာဝန်ရှိပါတယ်။ တာဝန်ရှိတာနှင့်အညီ ဒီဥပဒေတွေကို ဘယ်လိုပြုစုပြဋ္ဌာန်းရမလဲဆိုတဲ့အခါမှာ အပိုင်းနှစ်ပိုင်း၊ ကဏ္ဍနှစ်ခုတွေ့ရမှာ ဖြစ်ပါတယ်။ အပိုင်းတစ်ပိုင်းက လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့ပြဋ္ဌာန်းအတည်ပြုလိုတဲ့ ဥပဒေကြမ်းကို တင်ခြင်းအပိုင်းနှင့် နောက်တစ်ပိုင်းက သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းအသီးသီးက စီမံခန့်ခွဲရတဲ့ဥပဒေများကို ဥပဒေကြမ်းအဖြစ်တင်သွင်းတဲ့ အပိုင်းဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်၊ ဘယ်ကပဲ စတင်စတင် ဒီဥပဒေတစ်ခုဖြစ်ပေါ်လာဖို့ဆိုရင် မိမိတို့ရဲ့ လွှတ်တော်အတွင်းမှာ အပြန်အလှန် ဆွေးနွေး ညှိနှိုင်းရပါတယ်။ မြန်မာနိုင်ငံရဲ့လွှတ်တော်၊ လွှတ်တော်များရဲ့လုပ်ငန်းလည်း အားလုံးသိပြီးဖြစ်တဲ့ အတိုင်းပဲ ဥပဒေတစ်ခုကိုလွှတ်တော်တစ်ခုက စပြီးဆွေးနွေးရင် ဆွေးနွေးပြီးတဲ့ ဥပဒေကို ကျန်လွှတ်တော် တစ်ခုကို ပေးပို့ရပါတယ်။ ကျန်ဥပဒေပြုမယ့်လွှတ်တော်က ဒီဥပဒေကြမ်းကို ပြန်လည်ဆွေးနွေးရ ပါတယ်။ ဆွေးနွေးလို့ ဒီလွှတ်တော်နှစ်ခုရဲ့ ဆွေးနွေးချက်တွေဟာ ပြင်ဆင်စရာမရှိဘူး၊ လွှတ်တော်နှစ်ခု က အတည်ပြုတယ်ဆိုလို့ရှိရင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုတယ်လို့မှတ်ယူပြီး နိုင်ငံတော်သမ္မတထံ ပေးပို့ရတယ်။ နိုင်ငံတော်သမ္မတက ဒီအပေါ်မှာ မှတ်ချက်ပြုစရာရှိပြု၊ ပြန်လည်ပြီးတော့ ပြည်ထောင်စုလွှတ်တော်ကိုပို့၊ မှတ်ချက်ပြုစရာမရှိဘူးဆိုရင် သတ်မှတ်ထားတဲ့ရက်အတွင်း အတည် ဖြစ်အောင် လက်မှတ်ထိုးရတယ်။ လက်မှတ်မထိုးလဲသတ်မှတ်ရက်အတွင်းမှာ ဒီဥပဒေဟာ ဥပဒေတစ်ခု ဖြစ်သွားတယ်။ အဲ့ဒီလိုဖြစ်ပြီးနောက်ပိုင်းမှာ ဒီဥပဒေကိုဆောင်ရွက်ဖို့ ဆိုတဲ့အခါမှာ နောက်ထပ် ဆင့်ပွားဆင့်ပွားဥပဒေလိုတယ်။ ယေဘုယျ အကြမ်းဖျဉ်းပြောမယ်ဆိုရင် နည်းဥပဒေ၊ နည်းဥပဒေကမှဆင့်ပွားပေါ်ပေါက်လာမယ့် စည်းမျဉ်းဥပဒေ၊ စည်းကမ်း ဥပဒေ၊ ထပ်ပြီးအကျယ်ချဲ့ ပြောရမယ်ဆိုရင် လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ လက်စွဲအထိ ဒီလိုအဆင့်ဆင့်ပေါ်ပေါက်မှ သက်ဆိုင်ရာ လိုက်နာရမယ့်နိုင်ငံသားများ၊ အဖွဲ့အစည်းများ၊ ပြီးလို့ရှိရင် ဒီဥပဒေကို ကိုင်တွယ်ကျင့်သုံး စီမံခန့်ခွဲရမယ့်ဌာနအသီးသီးဟာလည်း ပြဋ္ဌာန်းထားတဲ့ ဥပဒေကို အားလုံးကလိုက်နာရမှာဖြစ်ပါတယ်။

အားလုံးကလိုက်နာမှ ဒီကိစ္စကို ဒီနေ့ပြောနေတဲ့ Rule of Law ပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ Rule of Law ဆိုတဲ့နေရာမှာ ဥပဒေပြုခြင်း၊ ဥပဒေကိုအားလုံးက လိုက်နာခြင်း၊ ဒီစဥ်ဆက် Process ကိုအားလုံး ပါဝင်ရမှာဖြစ်ပါတယ်။ အဲဒီလိုပဲ မိမိတို့လွှတ်တော်မှာလည်း ပြည်ထောင်စုလွှတ်တော်မှာဆိုရင် ပြည်ထောင်စု လွှတ်တော်ဥပဒေ၊ ပြည်သူ့လွှတ်တော်မှာဆိုရင်လည်း ပြည်သူ့လွှတ်တော်ဥပဒေ၊ အမျိုးသားလွှတ်တော် မှာဆိုရင်လည်း အမျိုးသားလွှတ်တော်ဥပဒေ။ ဒါ့အပြင် လိုက်နာကျင့်သုံးရမယ့် နည်းဥပဒေများလည်း ထုတ်ပြန်ထားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်တက်ရောက်လာတဲ့ ပြည်သူ့ကိုယ်စားလှယ် တွေဟာ မိမိတို့လွှတ်တော်က ပြဌာန်းထားတဲ့ဥပဒေတွေ ဘာတွေရှိသလဲဆိုတာ အသေးစိတ်လေ့လာ ဖတ်ကြားရမယ်။ လိုက်နာရမယ်။ လွယ်လွယ် ကလေးစကားနဲ့ပြောမယ်ဆိုရင် တစ်ချို့နေရာမှာ စည်းကမ်းစည်းကမ်းမှာမှ Do Don't Do ဆိုလိုက်နာရပြီးတော့ Don't တွေဆိုရင်မလုပ်မိဖို့လိုပါတယ်။ ဒါကြောင့် လွှတ်တော်မှာရှိတဲ့ စည်းမျဥ်း၊ စည်းကမ်းတွေကို မိမိတို့တစ်တွေသိရှိရုံတင်မကဘူး လိုက်နာဖို့ လိုပါတယ်။ စောင့်ထိန်းဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်အတွင်း ဆွေးနွေးတဲ့အခါမှာ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက်သော်လည်းကောင်း၊ လွှတ်တော်ရဲ့ဂုဏ်သိက္ခာကို ထိခိုက် စေသော အပြောအဆို အသုံးအနှုန်းများမရှိဖို့ သတိပေးပါတယ်။ မိမိတို့လွှတ်တော်ဟာ လွှတ်တော်တစ်ရပ်မှာ ရှိရမယ့် ဂုဏ်အင်္ဂါတွေရှိအောင်တည်ဆောက်နေသလို လွှတ်တော်ရဲ့လုပ်ငန်းတာဝန်တွေကိုလည်း ကျေပွန်အောင်ကြိုးစားဆောင်ရွက်နေပါတယ်။ တစ်နှစ်ခွဲကာလအတွင်းမှာ မိမိတို့လွှတ်တော်ရဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ စေတနာထားကြိုးပမ်းဆောင်ရွက်မှုတွေကိုလည်း ဒီနေ့ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကော၊ အသစ်ရောက်ရှိလာတဲ့ကိုယ်စားလှယ် တွေရော ပြန်လည်သုံးသပ်လေ့လာဖို့လိုလိမ့်မယ်။ ဒီတစ်နှစ်ခွဲကာလအတွင်းမှာ မည်မျှအထိ အပင်ပန်းခံကြိုးစားနေကြတယ်။ ရုံးချိန်မဟုတ်ဘဲနဲ့ ရုံးပြင်ပအချိန်တွေ၊ ရုံးပိတ်ရက်တွေမှာ မည့်ကဲ့သို့ အထိ လုပ်ဆောင်နေတယ်။ အဲလိုလုပ်ဆောင်တဲ့နေရာမှာလည်း နိုင်ငံနှင့်နိုင်ငံသားများရဲ့ အကျိုး စီးပွားအတွက်ကိုပဲကြည့်၊ လူပုဂ္ဂိုလ်တစ်ယောက်အတွက် မကြည့်နဲ့၊ အဖွဲ့အစည်းတစ်ခုအတွက် မကြည့်နဲ့၊ ရှင်းရှင်းပြောမယ်ဆိုလို့ရှိရင်အစိုးရအတွက်လည်းမကြည့်နဲ့။ မိမိတို့ ကြည့်ရမှာက နိုင်ငံနှင့် နိုင်ငံသား၊ အများပြည်သူများရဲ့အကျိုးစီးပွားအတွက်ကြည့်ရမယ်၊ ဆောင်ရွက်ရမယ်။ အဲ့ဒီလို ဆောင်ရွက်တဲ့နေရာမှာ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်တဲ့ အယူဝါဒအစွဲတွေမထားဘဲနဲ့ နိုင်ငံနှင့်နိုင်ငံသား၊ ပြည်သူများအတွက် မျှမျှတတဖြစ်အောင် ဆောင်ရွက်ကြဖို့ မိမိက တိုက်တွန်း

လိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အသီးသီးကလည်း ဒီအဆိုပြုချက်ကို အားလုံးလက်ခံယုံကြည်ပြီး ဆောင်ရွက်နေတဲ့ကာလဖြစ်တယ်။ ဒါကြောင့်မို့လို့ မိမိတို့လွှတ်တော်ဟာ ဟန်ရေးပြလွှတ်တော် မဟုတ်ဘူး။ အဲဒီနည်းတူပဲ မိမိတို့လွှတ်တော်ကို အချိန်တွေမကုန်ရအောင် မရောင်ရာဆီလူး၊ မလိုတဲ့စကားတွေပြော အချိန်ဖြုန်းမယ်ဆိုရင် မိမိတို့ရဲ့လုပ်ငန်းမှာ အနှောင့်အယှက်ဖြစ်မှာ ဖြစ်တဲ့အတွက် ဒါကိုလည်း လွှတ်တော်ကိုယ်စားလှယ်များအားလုံး သိရှိ နားလည်ပူးပေါင်းဆောင်ရွက်ဖို့လိုမှာ ဖြစ်ပါတယ်။ ဒီအတိုင်းပဲ မိမိတို့ နိုင်ငံအနေနဲ့ နိမ့်ကျ၊ နောက်ကျနေတယ်ဆိုတာလည်း မိမိတို့ ခံယူရမှာ ဖြစ်ပါတယ်။ သူများနိုင်ငံနှင့်ရင်ပေါင်တန်းမယ်ဆိုရင် ရင်ပေါင်တန်းနိုင်အောင် အတွေးအခေါ်တွေ၊ ခံယူချက်တွေ၊ လုပ်ဆောင်ချက်တွေ ရှိဖို့လိုပါတယ်။ ဒါကြောင့်လည်း လွှတ်တော်မှာ မိမိအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များကို တိုက်တွန်းပြောကြားခဲ့တာ ရှိပါတယ်။ ဒါကဘာလဲဆိုတော့ ပြီးခဲ့တာတွေပြီးပြီ ဒါတွေကို အပြစ်တင်ဝေဖန်နေမယ့်အစား အတိတ်ကို သင်ခန်းစာယူပြီး အနာဂတ်အတွက် အကောင်းဆုံးဖြစ်အောင် မိမိတို့လုပ်ဆောင်သင့်တယ်၊ ပူးပေါင်းဆောင်ရွက်သင့်တယ်ဆိုတဲ့ အကြံပေး တိုက်တွန်းမှုများနဲ့ ယနေ့ဒီကာလအထိ ဒီလိုဆောင်ရွက် လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ လွှတ်တော်က ချမှတ်ထားတဲ့ ဆောင်ပုဒ်ဖြစ်တဲ့ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူ့လိုအပ်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုတဲ့ ဆောင်ပုဒ်ချမှတ်ပြီးတော့ ဒီနေ့ ပြည်သူတွေရဲ့ အသံကို ကြားအောင်နားထောင်၊ ပြည်သူတွေဘာတွေဖြစ်နေတယ်ဆိုတာ မြင်အောင်ကြည့်။ ကြည့်ပြီးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိလွှတ်တော်ကို ရောက်လာတဲ့အခါမှာ ပွင့်ပွင့်လင်းလင်း မိမိအရင်ပြောတဲ့စကား ရဲရဲဝံ့ဝံ့ သတ္တိရှိရှိတင်ပြကြပါဆိုပြီး ဆောင်ရွက်တဲ့နေရာမှာ မိမိတို့လွှတ်တော်ကတော့ ဒီနေ့ထက် မနိမ့်သော ပွင့်လင်းမှု၊ ပြောဆိုမှုများဟာ မိမိတို့ လွှတ်တော်အတွင်းမှာ ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့ ဘတ်ဂျက် Section ခွဲတဲ့ ဒီကာလအတွင်းမှာ ဘေးနိုင်ငံက မယုံကြည်လောက်အောင် ဒီပါတီကအစိုးရ၊ ဒီပါတီက လွှတ်တော် ကိုယ်စားလှယ်တွေ ဒီလိုအခြေအနေတောင် ပြောကြဆိုကြပါလားဆိုတဲ့ အနေအထားမျိုး ဖြစ်ခဲ့ပါတယ်။ ဒါကဘာလဲဆိုတဲ့အခါမှာ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များရဲ့ စေတနာနဲ့ ယုံကြည်ချက်ပါတယ်။ ခုနပြောသလိုပဲ လူပုဂ္ဂိုလ်အတွက် မကြည့်ဘူး။ အဖွဲ့အစည်းတစ်ခုအတွက် မကြည့်ဘူး။ ပါတီအတွက် မကြည့်ဘူး။ ပြောမယ်ဆိုရင် အစိုးရအတွက်လည်း မကြည့်ဘူး။ ကြည့်မှာ ပြည်သူအတွက် အများပြည်သူအတွက်၊ ဒါကြောင့်မို့လို့ ရှေ့ဆက်သွားမယ့်ခရီးမှာ အခုလိုပဲ ပွင့်ပွင့်လင်းလင်း ရဲရဲဝံ့ဝံ့သတ္တိရှိရှိနဲ့ ပြောဆိုတာတွေကို လိုလားပါတယ်။ ဖိတ်ခေါ်ပါတယ်။ သို့ရာတွင် မိမိတို့

လွှတ်တော် ဂုဏ်သိက္ခာကျဆင်းစေသော၊ ကောက်ချက်ချတဲ့နေရာမှာ တစ်မျိုးဖြစ်စေသော ကိစ္စမျိုး မရှိဖို့ မိမိအနေနဲ့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒါက လွှတ်တော်ဥက္ကဋ္ဌအနေနဲ့၊ လွှတ်တော်ရေးရာ ကိစ္စရပ်နဲ့ပတ်သက်လို့ တာဝန်အရှိဆုံးလူတစ်ယောက်အနေနဲ့ လွှတ်တော်ကို တင်ပြခြင်းပဲ ဖြစ်ပါ တယ်။ ဒီနေ့ ဦးအေးမောက်၊ မလှိုင်မဲဆန္ဒနယ်က တင်ပြတဲ့အဆိုဟာ အင်မတန်မှ ကျယ်ဝန်းပါတယ်။ ပြောမယ်ဆိုလို့ရှိရင်လည်း ကဏ္ဍလည်းစုံသလို၊ တစ်ဖက်က နက်ရှိုင်းမှုတွေလည်း ရှိတယ်။ ဒီအပေါ် ဆွေးနွေးတဲ့ပုဂ္ဂိုလ်တွေလည်း ရဲရဲဝင့်ဝင့်ဆွေးနွေးသွားတာတွေ ရှိပါတယ်။ ဒီအပေါ်မှာ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်က ပြန်လည်ဖြေကြားတာလည်း အတော်ပြည့်စုံပါတယ်။ သို့ရာတွင် ကဏ္ဍ အသီးသီး၊ နေရာအသီးသီးလို့ ဖော်ပြထားတာရယ် အချိန်ကာလသတ်မှတ်ပြီး ဆောင်ရွက်ဖို့ဆိုတဲ့ ကိစ္စနှင့်ပတ်သက်ပြီးတော့ တင်ပြတဲ့နေရာမှာရော၊ ဆွေးနွေးတဲ့နေရာမှာရော၊ ပြန်လည်ဆွေးနွေးတဲ့ နေရာမှာရော တိကျတဲ့ စကားတွေမပါပါဘူး။ ဒါကြောင့်မို့လို့ မိမိအဆိုပြုတဲ့ ကိုယ်စားလှယ်ကိုလည်း ပြန်လည် တိုက်တွန်းပါတယ်။ ပြီးတဲ့အခါမှာ ဆွေးနွေးတဲ့ ပုဂ္ဂိုလ်များကိုလည်း ပြန်လည်တိုက်တွန်း ပါတယ်။ ကဏ္ဍအသီးသီး၊ နယ်ပယ်အသီးသီးအတွက်တော့ ဘယ်အချိန်ကာလအပြီး ဆောင်ရွက်သင့် တယ်ဆိုတာကို မိမိတို့ ပြန်လည်ဆွေးနွေးပြီး ဒီကဏ္ဍတစ်ခုကို ဒီကဏ္ဍတွေကို ဘယ်ကာလအပြီး သတ်မှတ်မှ မိမိတို့အတွက်၊ မိမိတို့နိုင်ငံအတွက် အကျိုးဖြစ်ထွန်းမယ်၊ ပြောမယ်ဆိုရင် နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အကျိုးစီးပွားဖြစ်ထွန်းမယ်ဆိုတာကို ဝိုင်းဝန်းဆွေးနွေးပြီးတဲ့အခါ ဒီကာလမှာအပြီး သက်ဆိုင်ရာဥပဒေများကို ရေးဆွဲပြဋ္ဌာန်းလိုက်နာဆောင်ရွက်ဖို့ ဒီလိုထပ်မံပြီးတော့ တိုက်တွန်းသင့်ပါ တယ်။ အဲဒီနည်းတူပဲ ဖြေကြားသွားတဲ့ သက်ဆိုင်ရာဝန်ကြီးဌာန အနေနဲ့လည်း အကုန်လွှမ်းခြုံအောင် ပြန်လည်ဖြေကြားနိုင်တဲ့ သဘောမရှိဘဲနဲ့ မိမိနဲ့သက်ဆိုင်တဲ့ အခန်းကဏ္ဍတစ်ခုလောက်ပဲပါပြီးတော့ ပြည်ထောင်စုအစိုးရကို ကိုယ်စားပြုတဲ့အဖြေမျိုးတွေ မပါပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်ကြည့် မယ်ဆိုရင် ဇယား (၁) မှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ဆောင်ရွက်ရမယ့် စံတွေရှိသလို လူမှုရေး ကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍက ဆောင်ရွက်ရမယ့်စံတွေလည်း ရှိပါတယ်။ အဲဒီအတိုင်းပဲ ဒီလိုမဖော်ပြပေမယ့် ဒီနေ့ဆွေးနွေးတဲ့နေရာမှာ စံဆိုပြီးတော့ နေရာတိုင်းနေရာတိုင်းမှာ စံရှိဖို့ လိုတယ်။ အဲဒီစံတွေကို ဆောင်ရွက်နိုင်ဖို့ ဥပဒေသတ်မှတ်ဖို့လိုတယ်။ ဥပဒေသတ်မှတ်ပြီးတဲ့အခါမှာ ဥပဒေ အတိုင်းလိုက်နာဆောင်ရွက်ဖို့ လိုတယ်ဆိုတာတွေပါသွားတဲ့အတွက် မိမိတို့ အဆိုပြုချက်က ကျယ်ဝန်း သလို ပြန်လည်ဆွေးနွေးတဲ့အခါ ကဏ္ဍအပိုင်းတစ်ခုအထိပဲ ပါဝင်တဲ့အတွက် မိမိအနေနဲ့ ဒီအဆိုနှင့် ပတ်သက်ပြီးတော့ မဲခွဲဆုံးဖြတ်အတည်ပြုသွားမှာ မဟုတ်ဘဲနဲ့ ဒီနေ့ဒီအချိန်ကာလနှင့်ပတ်သက်တဲ့

ဆုံးဖြတ်မှုတစ်ခုကိုပဲ လွှတ်တော်ကို တင်ပြမှာဖြစ်ပါတယ်။ ဒါကတော့ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောင် တင်သွင်းတဲ့ အဆိုမှာ ကဏ္ဍအသီးသီးနှင့် နယ်ပယ်အသီးသီးအတွက် စံချိန်စံညွှန်းများ ရေးဆွဲသတ်မှတ်၍ ဥပဒေပြဋ္ဌာန်းနိုင်ရန် အချိန်ကာလသတ်မှတ်ပြီး သတ်မှတ်ချိန်အတွင်း ဆောင်ရွက် ပေးပါနိုင်ရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုဖို့ဆိုတဲ့ နေရာမှာ မိမိအနေနဲ့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိပြီး ခုနက ဒုတိယဝန်ကြီး ဦးကိုကိုဦး တချို့တင်ပြဆွေးနွေးသွားတာ ကတိကဝတ်များပါပါတယ်။ ဒါကြောင့်မို့လို့ ကတိကဝတ်များအတိုင်း ပြီးစီးရမယ့်အချိန်မှာ ပြီးစီးရေးအတွက် လွှတ်တော်က စောင့်ကြည့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပဲ မှတ်တမ်းတင်ဆောင်ရွက်ပါမယ်။ အဲဒါမှမဟုတ်ဘဲ အခြားဒီထက် ကျယ်ပြန့်တဲ့ စဉ်းစားပြီးဆောင်ရွက်မယ်ဆိုလို့ရှိရင် အဆိုမှာကော၊ ဆွေးနွေးတာမှာကော ကာမိတဲ့ အတွက် ခုနလောက်ပဲ ကာမိတယ်လို့ ထင်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကို ပြန်ပြီးတင်ပြပါမယ်။ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောင်တင်သွင်းတဲ့ ကဏ္ဍအသီးသီးနှင့် နယ်ပယ်အသီးသီးအတွက် စံချိန်စံညွှန်းများ ရေးဆွဲသတ်မှတ်၍ ဥပဒေပြဋ္ဌာန်းနိုင်ရန် အချိန်ကာလသတ်မှတ်ပြီး သတ်မှတ်ချိန် အတွင်းဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိပြီး ကတိကဝတ်အဖြစ်ပေါ်ပေါက်လာတဲ့ကိစ္စကို သတ်မှတ်ထားတဲ့ အချိန်အတွင်း ပြီးစီး၍ လွှတ်တော်က စောင့်ကြည့်သွားမှာ ဖြစ်ပါတယ်။ ဒီမိမိရဲ့တင်ပြချက်ကို လွှတ်တော်က သဘောတူပါသလား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ** ။ ။ သဘောမတူတဲ့သူ ရှိပါသလား။ လွှတ်တော်က သဘောတူတဲ့အတွက် ဥက္ကဋ္ဌတင်ပြတဲ့ မှတ်တမ်းအဖြစ်ထားရှိပြီး ကတိကဝတ်ပေးသည့် ပြီးစီးရမည့်အချိန်တွင် ပြီးစီးရေး လွှတ်တော်က စောင့်ကြည့်သွားမည်ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(ထြဘာသံများ)

## ဦးသိန်းလွင်၊ ချောက်မဲဆန္ဒနယ်က မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍကိုပိုမိုထိရောက်သည့် ညှိနှိုင်း၊ ကွပ်ကဲ၊ စီမံမှုများ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ** ။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ ဦးသိန်းလွင်၊ ချောက်မဲဆန္ဒနယ်မှ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍကို ပိုမိုထိရောက်သည့် ညှိနှိုင်း၊ ကွပ်ကဲ၊ စီမံမှုများ ဆောင်ရွက်ပါရန် ပြည်ထောင်စု

အစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို တင်သွင်းဖို့ ဦးသိန်းလွင်၊ ချောက်မဲဆန္ဒနယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံ၏ စွမ်းအင်အခြေအနေကို လေ့လာသုံးသပ်တင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အဆိုအပြည့်အစုံကတော့ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍကို ပိုမိုထိရောက်သည့် ညှိနှိုင်း၊ ကွပ်ကဲ၊ စီမံမှုများဆောင်ရွက်ပေးပါရန် နိုင်ငံတော် အစိုးရကို တင်သွင်းတဲ့အဆိုဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီကနေ့ တင်ပြတဲ့ စွမ်းအင်ကဏ္ဍဆိုတာဟာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် သာမက စွမ်းအင်ထုတ်လုပ် ရရှိနိုင်တဲ့ အရင်းအမြစ်အားလုံးကို ခြုံငုံပြီးတော့ တင်ပြခြင်းဖြစ်ပါတယ်။ ယခုအခါ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးကဏ္ဍအသီးသီးတို့ဟာ ပိုမိုပီပြင်လာသည်နှင့်အမျှ နိုင်ငံတော်ရဲ့လူမှုရေး၊ စီးပွားရေးအခြေအနေများဟာလည်း တစ်စထက်တစ်စ ဖွံ့ဖြိုးတိုးတက်လာ တော့မှာ မလွဲဧကန်ဖြစ်ပါတယ်။ ယင်းသို့ စီးပွားရေးအခြေအနေများ ပိုမိုဖွံ့ဖြိုးတိုးတက်လာ သည်နှင့်အမျှ သုံးစွဲရန် လိုအပ်သော စွမ်းအင်များကိုလည်း အချိုးကျပိုမိုတိုးတက်ထုတ်လုပ်ဖြည့်ဆည်း ပေးရန် အထူးအရေးကြီးလှပါတယ်။ နိုင်ငံတော်မှာ ပြည်သူတစ်ရပ်လုံး အပြည့်အဝသုံးစွဲနိုင်မယ့် သဘာဝစွမ်းအင် အရင်းအမြစ်များ အလုံအလောက်တည်ရှိပြီး ဖြစ်ပါတယ်။ ဒါပေမယ့်လည်း လက်ရှိ ပကတိအခြေအနေမှာ ပြည်တွင်းရှိစက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းများမှာသာမက ပြည်သူလူထုတစ်ရပ်လုံး စွမ်းအင်မလုံလောက်မှု အထူးသဖြင့် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာ မရရှိမှု၊ ချို့ငဲ့မှုများ ဆက်လက်ဖြစ်ပေါ်ခံစားနေကြရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားအခြေအနေဟာ အိမ်နီးချင်းအာရှတိုက်နိုင်ငံများနှင့်နှိုင်းယှဉ်မယ်ဆိုရင် ဒါလေးထုတ်နှုတ်တင်ပြခွင့်ပြုပါခင်ဗျား။ လူတစ်ဦးချင်း လျှပ်စစ်ဓာတ်အားတစ်ယူနစ် သုံးစွဲမှုဟာ မလေးရှားနိုင်ငံမှာ ၃၆၁၄ ရှိပါတယ်။ တရုတ်နိုင်ငံမှာ ၁၆၃၁ ရှိပါတယ်။ ထိုင်းနိုင်ငံမှာ ၂၀၄၅ ရှိပါတယ်။ ဗီယက်နမ်နိုင်ငံမှာ ၉၁၈ ရှိပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာ ၅၉၀ ရှိပါတယ်။ ဘင်္ဂလားဒေ့ရှ်

နိုင်ငံမှာ ၂၅၂ ရှိပါတယ်။ ကမ္ဘောဒီးယားနိုင်ငံမှာ ၁၃၁ ဖြစ်ပြီး။ မြန်မာနိုင်ငံက၁၀၄ ပဲ ရှိပါတယ် ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှာ စွမ်းအင်အရင်းအမြစ်တွေ အလုံအလောက်ဖြစ်ပေါ်တည်ရှိပြီး ဖြစ်ပါလျက် ပြည်သူတစ်ရပ်လုံး စွမ်းအင်မလုံလောက်မှုများ ကြုံတွေ့ခံစားနေရခြင်းအပေါ် နိုင်ငံတော်အစိုးရအနေနဲ့ ကျင့်သုံးနေတဲ့လုပ်ထုံးလုပ်နည်းများ၊ စီမံခန့်ခွဲမှုများနှင့် အစီအမံများကို ပြန်လည်သုံးသပ်ရန် လိုအပ်နေပြီဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ စွမ်းအင်အရင်းအမြစ်များနဲ့ ထုတ်ယူသုံးစွဲမှုအခြေအနေများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများမှ ပီပီပြင်ပြင်သိရှိစေရန်နှင့် လိုအပ်သောစီမံခန့်ခွဲမှု၊ ပေါင်းစပ်ညှိနှိုင်းမှုများကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်စိစစ်ဆောင်ရွက်သွားနိုင်ပါရန် နိုင်ငံတော်အစိုးရအား ပြည်သူ့လွှတ်တော်မှ တိုက်တွန်းရန် ဤအစီရင်ခံစာကို ပြုစုတင်ပြရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ စွမ်းအင်ဝန်ကြီးဌာနမှာ နှစ်ပေါင်း ၄၀ ခန့် တာဝန်ထမ်းဆောင်ခဲ့ရာက ရရှိထားတဲ့ အတွေ့အကြုံတွေ၊ အာဆီယံနှင့် အာဆီယံနိုင်ငံများမှာ ကျင့်သုံးနေတဲ့စွမ်းအင်မူဝါဒကို အခြေခံပြီး ယခုအဆိုကို တင်သွင်းခြင်းဖြစ်ပါတယ်။ ယခုအဆိုကို ၂၀၁၂ ခုနှစ်၊ ဧပြီလအတည်းက ပြည်သူ့လွှတ်တော်ကို တင်ပြထားခြင်းဖြစ်ပါတယ်။ ကျွန်တော့်အဆိုမှာ ပါဝင်ခဲ့တဲ့ အဓိကအချက်အလက် တချို့ဟာ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှာ ပြောကြားခဲ့တဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ ပြုပြင် ပြောင်းလဲရေးမိန့်ခွန်းထဲမှာ ပါဝင်ခဲ့ပြီး ဖြစ်ပါတယ်။ ဥပမာအားဖြင့် အမျိုးသားစွမ်းအင်စီမံခန့်ခွဲရေး ကော်မတီ National Energy Menagement Committee ဖွဲ့စည်းခြင်း၊ အမျိုးသားစွမ်းအင် မူဝါဒ National Electricity Policy ရေးဆွဲခြင်းနှင့် အမျိုးသားလျှပ်စစ်စီမံကိန်း National Electricity Plan ရေးဆွဲဆောင်ရွက်သွားမည့် အစီအမံများဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့အမျှော်အမြင်ကြီးမားစွာ စီမံဆောင်ရွက်မှုများကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံရမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ တင်ပြချက်တွေဟာ ကျွန်တော်တို့ Power Point နဲ့ ရေးထိုးပြီးတော့ တင်ပြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ သဘာဝသယံဇာတအရင်းအမြစ် ပေါကြွယ်ဝမှုတွေကို လေ့လာရှာဖွေ စူးစမ်းထားပြီးတဲ့အချက်အလက်တွေနဲ့ တင်ပြမှာဖြစ်ပါတယ်။

**နိုင်ငံတော်ရဲ့ စွမ်းအင်အရင်းအမြစ်များ**

နိုင်ငံတော်မှာ စွမ်းအင်ထုတ်ယူသုံးစွဲနိုင်တဲ့ ပြန်လည်ပြည့်ဖြိုးခြင်းမရှိသော ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲဖြစ်သော ရေအားလျှပ်စစ်၊ ဇီဝစွမ်းအင်၊ နေရောင်ခြည်၊ လေစွမ်းအင်စသည်ဖြင့် စွမ်းအင်အရင်းအမြစ်များ ပေါကြွယ်ဝပါတယ်။ ဇီဝအခြေခံ Bio Mark Potential ဖြစ်တဲ့ သစ်တောဧရိယာ hetter ၃၁.၇၇ သန်းခန့် ရှိပါတယ်။ တစ်နိုင်ငံလုံး အကျယ်အဝန်းရဲ့ ၄၇ ရာခိုင်နှုန်းခန့် လွှမ်းမိုးနေခြင်း ဖြစ်ပါတယ်။ အလားတူပဲ နေစွမ်းအင်ဟာ ပြည်ပအဖွဲ့အစည်းများနဲ့ ပူးပေါင်းလေ့လာချက်များအရ တစ်နှစ်လျှင် ၅၂၀၀၀ တယ်ရာဝပ် အထိ ရရှိနိုင်ပါတယ်။ အလားတူပဲ လေစွမ်းအင်မှာ တစ်နှစ်လျှင် ၃၆၅ တယ်ရာဝပ် အထိလည်းကောင်း၊ ဘူမိအပူစွမ်းအင် geo thermal ရရှိနိုင်တဲ့နေရာဒေသ ၉၃ ခုရှိကြောင်း မှတ်တမ်းများအရ သိရှိရပါတယ်။ Bio Mark ခေါ် ဇီဝအခြေခံစွမ်းအင်ကို ကျွန်တော်တင်ပြလိုပါတယ်။ စွမ်းအင်အရင်းအမြစ်များအနက်မှာ ပြန်လည်ပြည့်ဖြိုးမြဲဖြစ်တဲ့ ဇီဝစွမ်းအင်ဟာ ထင်းမီးသွေး၊ ဇီဝဓာတ်ငွေ့၊ ဇီဝအီသနော၊ ဇီဝဒီဇယ်ဆီများထုတ်ယူသုံးစွဲခြင်းတို့ပါဝင်ပါတယ်။ မြန်မာနိုင်ငံမှာ သမားရိုးကျ ထင်းမီးသွေးအခြေခံတဲ့ လောင်စာဟာ တစ်ပြည်လုံးစွမ်းအင်ဖြည့်ဆည်းနိုင်မှုရဲ့ ၆၇ ရာခိုင်နှုန်းအထိရှိသလို သုံးစွဲမှုဟာလည်း ၈၀ ရာခိုင်နှုန်းအထိ ရှိနေဆဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ သစ်တောဖုံးလွှမ်းမှုအခြေအနေဟာ ၄၇ ရာခိုင်နှုန်းခန့်ရှိပြီး ၂၀၀၂ ခုနှစ်မှ ၂၀၁၂ ခုနှစ် ၁၀နှစ်တာ ကာလအတွင်း သစ်တောပြုန်းတီးမှုနှုန်းထားဟာ ၀.၉၅ ရာခိုင်နှုန်းခန့် ဖြစ်ပါတယ်။ ဒီသစ်တော ပြုန်းတီးမှုမှာ စီးပွားဖြစ်သစ်ခုတ်ခြင်းများပါဝင်သကဲ့သို့ အိမ်သုံး၊ လုပ်ငန်းသုံး လောင်စာအတွက် ထင်းခုတ်ခြင်းတို့လည်းပါဝင်ပါတယ်။ အိမ်သုံး၊ လုပ်ငန်းသုံးအတွက် ထင်းမီးသွေးသုံးစွဲရာမှာ စွမ်းအင် မြင့်မားတဲ့ မီးဖိုများသုံးစွဲခြင်း၊ စပါးခွံ၊ လွှာစာ၊ မီးသွေးအမှုန့်များဖြင့် လောင်စာထောင့်များ ထုတ်လုပ် သုံးစွဲခြင်းနှင့် ဇီဝဓာတ်ငွေ့မှာဒိုင်ဂျစ်စတာ များ စမ်းသပ်သုံးစွဲခြင်းတို့ ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူပဲ ဇီဝလောင်စာဆီများဖြစ်တဲ့ ဇီဝအီသနော၊ ဂတ်စ်ဟော၊ အက်သနော၊ ဇီဝဒီဇယ်ဆီများ ထုတ်လုပ်သုံးစွဲခြင်းကိုလည်း ဆောင်ရွက်လျက်ရှိကြပါတယ်။ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်မဟုတ်တဲ့ ထုတ်လုပ်ယူသုံးစွဲ ကုန်ခမ်းသွားနိုင်တဲ့ စွမ်းအင်အရင်းအမြစ်များဖြစ်တဲ့ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးတို့ဟာ အချိန်ကာလတစ်ခုအတွင်းမှာ ကုန်ဆုံးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံမှာ ဇီဝအခြေခံစွမ်းအင်များကို ပစ်ပယ်လို့ မရသေးပဲ ပိုမိုထိရောက်အောင် စီမံသုံးစွဲဖို့လိုအပ်ကြောင်း ထင်ရှားလှပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခြားပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်တဲ့ နေရောင်ခြည်နှင့်လေစွမ်းအင်များကိုလည်း အခြေအနေပေးသည့် နေရာဒေသများမှာ စမ်းစပ်သုံးစွဲ

လျက်ရှိနေကြပါတယ်။ ဒါပေမယ့် စီးပွားဖြစ်သုံးစွဲနိုင်ခြင်းမရှိသေးပါ။ လေစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်များ ထုတ်လုပ်သုံးစွဲရန် ရင်းနှီးမြှုပ်နှံမှုပမာဏဟာ အခြားစွမ်းအင် အရင်းအမြစ်များထက်ကြီးမားနေဆဲဖြစ်ကြောင်း ကမ္ဘာ့စွမ်းအင်ပါရဂူများရဲ့ လေ့လာတင်ပြချက်အရ သိရှိရပါတယ်။ ကျောက်မီးသွေး ပြန်လည်ပြည့်ဖြိုးခြင်းမရှိတဲ့ စွမ်းအင်အမျိုးအစားမှာ ပါဝင်တဲ့ ကျောက်မီးသွေးဟာ နိုင်ငံတော်မှာ မက်ထရစ်တန် ၇၁၁ သန်းအထိရှိပါတယ်။ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တန ၎ သာရီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှာ စုစုပေါင်း သ၇န်း၅ ခန့် ရှိပါတယ်။ ကျောက်မီးသွေးကို အသုံးပြုသော စက်တပ်ဆင်အင်အား ၁၂၀ မဂ္ဂါဝပ်ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံကို ရှမ်းပြည်နယ် တီကျစ်မှာ တည်ဆောက်ခဲ့ပါတယ်။ ပြည့်စုံလုံလောက်သော အစီအမံများအားနည်းခဲ့တဲ့အတွက် လျှပ်စစ်ဓာတ်အား အပြည့်အဝထုတ်ယူ သုံးစွဲနိုင်ခြင်းမရှိခဲ့ပါ။ ပတ်ဝန်းကျင်ထိခိုက်မှုများလည်း ဖြစ်ပေါ်ခဲ့ပါတယ်။ မျက်မှောက်ခေတ်မှာ ရေနံနှင့်သဘာဝဓာတ်ငွေ့များကို ဦးစားပေး ထုတ်ယူသုံးစွဲနေကြရာမှ ကျောက်မီးသွေးကိုလည်း စက်မှုလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများမှာ ပိုမိုတွင်ကျယ်စွာ သုံးစွဲနေကြပြီ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျောက်မီးသွေးကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများမှာ ပိုမိုတွင်ကျယ်စွာ သုံးစွဲကြရာမှာ တရုတ်နိုင်ငံမှာ ၇၉ ရာခိုင်နှုန်းထိ၊ ပိုလန်နိုင်ငံမှာ ၉၂ ရာခိုင်နှုန်း၊ တောင်အာဖရိကမှာ ၉၃ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံမှာ ၆၉ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံမှာ ၄၉ ရာခိုင်နှုန်းအထိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာမှာ သုံးစွဲနေကြပါတယ်။ မြန်မာနိုင်ငံမှာလည်း ယခင်အတွေ့အကြုံများအပေါ်အခြေခံပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေပြီး လျှပ်စစ်ဓာတ်အား အပြည့်အဝထုတ်လုပ်နိုင်မယ့် ခေတ်မီစက်ပစ္စည်း၊ ကိရိယာများ၊ အစီအမံများဖြင့် ကျောက်မီးသွေးကို ပိုမိုသုံးစွဲသင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍနှင့်ပတ်သက်လို့ ဆက်လက်ပြီး တင်ပြပါမယ်။ နိုင်ငံတော်မှာ စီးပွားဖြစ် ရေနံနှင့်သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်တဲ့ အနည်ကျဘူမိချိုင့်ဝှမ်းပေါင်း ၁၇ ခုရှိပါ တယ်။ အဆိုပါဒေသများမှ ထုတ်ယူရရှိနိုင်မယ့် ရေနံစိမ်းဆီသန်းပေါင်း ၂၀၅ သန်းနှင့် သဘာဝ ဓာတ်ငွေ့ ထရီလီယံ ကုဗပေ ၂၀ ခန့် ရှိပါတယ်။ ဒီစာရင်းဇယားဟာ ၁-၄-၂၀၁၁ ရက်နေ့ အခြေအနေ ဖြစ်ပါတယ်။ မြေအောက်မှာ ခိုအောင်းနေတဲ့ အရင်းအမြစ်များ ဖြစ်၍ မြေပေါ်သို့ အရောက်ထုတ်ယူ သုံးစွဲရေးအတွက် ခေတ်မီနည်းပညာများ သုံးစွဲဆောင်ရွက်လျက်ရှိနေပါတယ်။ ရေနံစိမ်းထုတ်ယူမှု နှုန်းဟာ တစ်နှစ်ပျမ်းမျှ ဆီ ၇ သန်းခန့်ဖြစ်ပြီး နောင်နှစ်ပေါင်း ၃၀ ခန့်အထိ သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ သို့ရာတွင် လက်ရှိရေနံစိမ်းထုတ်လုပ်မှုဟာ

နိုင်ငံ့လိုအပ်ချက်ရဲ့ ၄၀ ရာခိုင်နှုန်းခန့်သာ ဖြည့်ဆည်းပေး နိုင်ပါတယ်။ ဒါကြောင့် ပြည်ပမှ စက်မောင်းဆီများ ထပ်မံတင်သွင်းနေရပါတယ်။ အလားတူပဲ သဘာဝဓာတ်ငွေ့များကို ကုန်းပိုင်းနှင့်ကမ်းလွန်ဒေသများမှာ ထုတ်ယူသုံးစွဲလျက်ရှိပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ်မှာ တစ်ရက်ပျမ်းမျှသဘာဝဓာတ်ငွေ့ ၁.၂ ဘီလီယံခန့် ထုတ်လုပ်ခဲ့ပါတယ်။ ယင်းပမာဏထက် နေ့စဉ် သဘာဝဓာတ်ငွေ့ ၁ ဘီလီယံခန့်ကို ပြည်ပသို့တင်ပို့ရောင်းချခဲ့ပါတယ်။ ပြည်တွင်းလိုအပ်ချက် ရဲ့၄၀ ရာခိုင်နှုန်းခန့်ကိုသာ ဖြည့်ဆည်းပေးနိုင်တဲ့အခြေအနေ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရေအားလျှပ်စစ်နှင့်ပတ်သက်လို့ ဆက်လက်တင်ပြပါမယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ ရေအားလျှပ်စစ်ထုတ်ယူရရှိနိုင်မယ့် တိုင်းတာပြီး ပမာဏမှာ ၄၆၀၀၀ မဂ္ဂါဝပ်ခန့် ဖြစ်ပါတယ်၊ ၂၀၁၁ ခုနှစ်ထိ တည်ဆောက်ပြီး ရေအားလျှပ်စစ်စက်ရုံများရဲ့ စက်တပ်ဆင်အားဟာ ၂၆၀၀ မဂ္ဂါဝပ်ခန့်သာ ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို ရေအားလျှပ်စစ်စီမံကိန်းများမှ အဓိကထား ဖြည့်ဆည်းပေးနေပြီဆိုသော်လည်း လိုအပ်ချက် ၁၆၇၀ မဂ္ဂါဝပ်ကို ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ခြင်း မရှိပါ။ ဒါပေမယ့် ပြည်ပသို့တင်ပို့ရောင်းချရန် စီစဉ်ထားတဲ့ ရေအားလျှပ်စစ်ပမာဏမှာ စီမံကိန်း ၈ ခုမှ စုစုပေါင်း ၁၀၃၅၀ မဂ္ဂါဝပ်ဖြစ်ရာ ရရှိနိုင်မယ့် ၂၂.၅ ရာခိုင်နှုန်းခန့် ဖြစ်ပါတယ်။

သုံးသပ်တင်ပြချက်

အထက်မှာ ဖော်ပြထားခဲ့တဲ့အတိုင်း နိုင်ငံတော်အနေနဲ့ သဘာဝသယံဇာတစွမ်းအင်အရင်းအမြစ်များ ပေါကြွယ်ဝသော်လည်း ပြည်တွင်းလိုအပ်ချက်ကို ဦးစားပေး ဖြည့်ဆည်းပေးနိုင်ခြင်း မရှိကြောင်းတွေ့ရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံများရဲ့ အတွေ့အကြုံအရ နိုင်ငံတစ်နိုင်ငံရဲ့ စွမ်းအင်သုံးစွဲမှုနှင့် စီးပွားရေး တိုးတက်ပြောင်းလဲမှုအချိုးကို စွမ်းအင်တုန့်ပြန်ချက် Energy Electricity ဖြင့် တိုင်းတာလျက်ရှိပါတယ်။ စွမ်းအင်တုန့်ပြန်ချက်အရ စွမ်းအင်သုံးစွဲမှုနှုန်း Primery Energy Consition ဟာ GDP ရဲ့ ၁.၅ ဆခန့် ရှိပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ ၁၉-၆-၂၀၁၂ နေ့မှာ မိန့်ကြားခဲ့တဲ့ ပြုပြင်ပြောင်းလဲရေးမိန့်ခွန်းမှာ ကျွန်တော်တို့ နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုနှုန်းကို ၅ နှစ်အတွင်း ၃ ဆ တိုးအောင် တစ်မျိုးသားလုံးရဲ့ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး GDP ကို ၂၀၁၀-၂၀၁၁ ပုံမှန်ဈေးနှုန်းအရ တစ်နှစ် ပျမ်းမျှ ၇.၇၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားကြောင်း မိန့်ကြားခဲ့ပါတယ်။ ဒါကြောင့် စွမ်းအင်တိုးတက်မှုနှုန်းဟာ ၇.၇ x ၁.၅ = ၁၁.၅၅ ရာခိုင်နှုန်းတိုးတက်ဖို့ လိုအပ်နေပါတယ်။ သို့ဖြစ်ပါ၍ (က) စွမ်းအင်အရင်းအမြစ်များ

ထုတ်ယူသုံးစွဲနေသည့် ဌာနဆိုင်ရာအချင်းချင်းပိုမိုပူးပေါင်း ညှိနှိုင်းဆောင်ရွက်ရန်။ (ခ) ရေနံ၊ သဘာဝ ဓာတ်ငွေ့၊ လျှပ်စစ်စသည့် စွမ်းအင်များကို ပြည်တွင်းသုံးစွဲရေး ဦးစားပေးဖြည့်ဆည်းပေးရန်။ (ဂ) လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအပါအဝင် စက်မှုလုပ်ငန်းများတွင် ကျောက်မီးသွေးကို စနစ်တကျ ခေတ်မီစွာသုံးစွဲရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး အစီအမံများ ချမှတ် ဆောင်ရွက်ရန်။ (ဃ) ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို စနစ်တကျတိကျသော ရည်မှန်းချက်များ ချမှတ်သုံးစွဲရေးဆောင်ရွက်ရန်။ လိုအပ်ပါက အဖွဲ့အစည်းတစ်ရပ် သီးခြားဖွဲ့စည်းတာဝန်ပေးအပ် ဆောင်ရွက်ရန်။ (င) ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ စွမ်းအင်ထုတ်ယူသုံးစွဲရေးဆိုင်ရာ စီမံကိန်းကြီးများ အားလုံး စီးပွားရေးတွက်ခြေကိုက်မှုရှိ၊ မရှိ။ ပြည်တွင်းသုံးစွဲရေးဦးစားပေးထားခြင်း ရှိ၊ မရှိ။ သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံး ဖြစ်စေရေးအစီအမံများ စနစ်တကျဆောင်ရွက်ထားခြင်း ရှိ၊ မရှိ စတဲ့ စစ်ဆေးချက်များကို ပြည်သူလူထုကိုယ်စားပြု ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည် ပြုချက်ရယူရန်။ နိုင်ငံတော်အစိုးရသို့ တိုက်တွန်းပါကြောင်းအဆိုကို တင်သွင်းအပ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်ကြီးများ အားလုံးကျေးဇူးတင်ရှိပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ယခု ဦးသိန်းလွင်တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးပိုက်ထွေး(ကံမမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ကံမမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် တင်သွင်းတဲ့အဆိုကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးသိန်းလွင် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ **]**

**ဥက္ကဋ္ဌ။** ။ သဘောမတူသူ ရှိပါသလားခင်ဗျား။ ဦးသိန်းလွင် တင်သွင်းတဲ့အဆိုကို လွှတ်တော် က သဘောတူတဲ့အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့်ရက်ကို ထပ်မံကြေညာပါမယ်။ ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၉ ရက် ၁၃း၀၀ နာရီ အရောက် ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယမန်နေ့က အမ်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေ တင်သွင်းတဲ့အဆိုအရ ရခိုင်ပြည်နယ်အတွင်းသို့ လွှတ်တော် ကော်မတီ၊ ကော်မရှင်များ သွားရောက်တွေ့ဆုံ၊ နှစ်သိမ့်၊ အားပေးကြည့်ရှုဆောင်ရွက်ဖို့ အစီအစဉ် ရေးဆွဲထားပါတယ်။ ဒီအစီအစဉ်မှာ မိမိလွှတ်တော်ဥက္ကဋ္ဌကိုယ်တိုင် ပါဝင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခရီးစဉ်မှာ ပါဝင်မယ့် ပုဂ္ဂိုလ်များအမည်စာရင်းကို အခမ်းအနားအစည်းအဝေးပြီးတဲ့ အခါမှာ ကြေညာပါ့မယ်။ ကျန်းမာရေးကောင်းလို့ လိုက်လိုတဲ့ အမည်စာရင်းပါသူများ လိုက်နိုင် ပါတယ်။ ကျန်းမာရေးနှင့်အခြားအကြောင်းကြောင့် မလိုက်နိုင်ဘူးဆိုရင်လည်း ခွင့်ပြုပါတယ်။ အစည်းအဝေးပြီးတဲ့အချိန်မှာ သက်ဆိုင်ရာတာဝန်ရှိတဲ့ ပုဂ္ဂိုလ်များက ကြေညာပြီး ညှိနှိုင်းဆောင်ရွက် သွားဖို့ လိုပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၉ရက် (တနင်္လာနေ့) ၁၀း၀၀ နာရီအချိန်မှာ ကျင်းပမှာ ဖြစ်ကြောင်းကြေညာပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၅း၂၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။ ခဏလေးခင်ဗျား။ စာရင်းလေးကြေညာပေးပါမယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ် ခရီးစဉ်လျာထားတဲ့သူအမည်စာရင်း ကြေညာပါမယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဦးသိန်းဇော် ဥက္ကဋ္ဌ တိုင်းရင်းသားရေးရာနှင့်ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၊ ဦးသိန်းဆွေ၊ ဦးမောင်ဦး၊ ဦးငွန်မောင်း၊ ဦးစိုးရယ်၊ ဦးစတီဖန်၊ ဦးဘရှိန်၊ ဦးစောသိန်းအောင်၊ ဦးမန်းမောင်မောင်ဉာဏ်၊ ဦးမောင်ညို၊ ဦးမန်းဂျော်နီ၊ ဦးခိုင်မောင်ရည်၊ ဦးစိုင်းပေါင်းနက်၊ ဗိုလ်မှူးချုပ်မင်းနောင်၊ ဒုတိယဗိုလ်မှူးကြီး မိုးဟိန်း၊ ဒုတိယဗိုလ်မှူးကြီးထိန်လင်း၊ ဒေါ်ဒွဲဘူ၊ ဒေါ်ခင်စောဝေ၊ ဒေါ်မိယဉ်ချမ်း၊ ဒေါ်နန်းဝါနု၊ ဦးတိုက်စံ၊ ဦးတိုးနိုင်မန်း၊ ဦးနေဝင်း၊ ဦးမြင့်လွင်၊ ဦးတင်အောင်ဆွေ၊ ဒေါ်နန်းအေးအေးကြည်၊ ဦးအောင်ဝင်းထွန်း၊ ဦးတင်ဌေး၊ ဦးစန်းမောင်လှိုင်၊ ဦးထွန်းထွန်းကျန်တဲ့လူတွေကတော့ ဝန်ထမ်းတွေဖြစ်ပါတယ်။ ခရီးစဉ်မှာပါမယ့် ကိုယ်စားလှယ်များအနေနဲ့ လေယာဉ်၊ ရဟတ်ယာဉ်များနှင့်သွားရမှာဖြစ်တဲ့အတွက် လေယာဉ်ကွင်းအဟောင်းကို ရဟတ်ယာဉ်အတွက် ပေါ့ပါးတဲ့ပစ္စည်းများသာ ယူဆောင်လာဖို့နဲ့ လေဆိပ်အဟောင်းကို မနက် ၀၆း၃၀ အရောက်လာခဲ့ဖို့ ဖြစ်ပါတယ်။ တစ်ညအိပ်ခရီးဖြစ်ပါတယ်။ ပေါ့ပါးတဲ့ပစ္စည်းတွေသယ်လာရမှာ ဖြစ်ပါတယ်။ မနက်ဖြန် စနေနေ့ မနက် ၆း၃၀ လေယာဉ်ကွင်းအဟောင်းကို အရောက်လာခဲ့ဖို့ ဖြစ်ပါတယ်။ မရှင်းလင်းရင် ရုံးအဖွဲ့ထံလာရောက် မေးမြန်းနိုင်ပါတယ်။

**[ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၅း၂၀ နာရီတွင် ရပ်နားပါသည်။]**